

www.burmeseclassic.com

# အကြိုက်တွေ့



www.burmeseclassic.com

www.burmeseclassic.com




# ချစ်ချင်ပါဘူး

အိကြာကွေး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

ကိုဘကောင်းသည် ဖွင့်ထားသော ပြတင်းမှ အပြင်လောကကို ငေးမော ကြည့်ရှုနေ၏။ သူကား စာရေးဆရာ တစ်ယောက်ဖြစ်၍ အတွေးကြွယ်တတ်ပေသည်။

အိမ်ရှေ့ လမ်းပေါ်မှ ကားတစ်စီး ဖြတ်မောင်းသွား၏။ ကားဘေးတွင်(ဥက္ကံ-သုံးဆယ်) ဟု စာတမ်းရေးထိုး ထားသည်။ ကိုဘကောင်းသည် စာတမ်းကိုကြည့်ကာ ခေါင်းတစ်ချက် ညိတ်လိုက်၏။

'အင်း…ဥက္ကံ-သုံးဆယ် ဆိုပါလား၊ ဘာလိုလိုနဲ့ ငါ့အသက်လဲ သုံးဆယ်ကျော်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



သူသည် တိုးဘိုးပြောကာ မီးသေနေသော ဆေးတံ
ငံ တပ်လိုက်လေသည်။ သူ၏မျက်လုံးများ
စ်ပင်များကို အာရုံပြုမိပြန်၏။ သစ်ပင်
ါအပင်ကဖူး....ပွင့်သည့်အပင်ပွင့် ဝေ

ာ ငံဖူးကြပွင့်ကြတယ်၊ လူရင့်မကြီး
ာ ခုထက်ထိ မဖူးရ မပွင့်ရသေးဘူး၊ တယ်လဲ
ကပ်ပါလား ဟေ ....ဖွတ်....ဖွတ်'
သည် ဝမ်းနည်းသလိုလိုဖြစ်လာ၍ ဆေးတံကြီးကို
လိုက်ရာ ဖွတ်...ဖွတ်ဟု မြည်သွားလေ၏။

'အေား... ဆေးတံက တောင် ငါ့ကို လှောင်နေပြီ ဖွတ်....ဖွတ်တဲ့၊ တကယ်တော့ ဖွတ်မို့လို့ ခုထက်ထိမိန်းမ မရတာပေါ့'

မိန်းမအကြောင်းကို စဉ်းစားမိသောအခါ သူသည် အလိုအလျောက် တက်ခေါက်မိလေသည်။

'မိန်းမ မိန်းမ မိန်းမဆိုတာ ဘာလဲ၊ ထဘီ ဝတ်တယ်၊ မိန်းမဟူဘိ၊ ထိုက္ကတ္တိတို့၊ မရှိမကောင်း ရှိမကောင်းတဲ့၊ မာန်လည်ဆရာတော် ရေးထားတယ်၊ မရှိတာပဲကောင်းပါတယ်၊ မိန်းမတွေနဲ့ ရှင်းရှင်းပြတ်ပြတ်နေတာအကောင်းဆုံးပဲ၊ ဖွတ် ဖွတ် ဖွတ် ဖွတ်''

ဆေးတံကို မဖွာနေစဉ် နောက်မှ လူရိပ်မြင်သဖြင့် လှည့်ကြည့်လိုက်သောအခါ တပည့်ကျော် မောင်ပိုက်ကို တွေ့ရလေ၏။



'ဘာလဲ ဟေ့'

မောင်ပိုက်သည် လက်နှစ်ဖက်နောက်ပစ်ကာ ကိုယ်ကို ရို့လိုက်၏။

'ဘာမှ မလဲပါဘူး ဆရာ၊ အိမ်ရှေ့က တဖွတ်ဖွတ် ကြားတာနဲ့ လာကြည့်တာပါ'

ရှိရှိသေသေ ဖြေ၏။

'ကြားဆို ငါ့ဆေးတံက မြည်တာကွ'

'တော်သေးတာပေါ့ဆရာ၊ ကျွန်တော်က ဒေါက်တာ ဂိုးလ်ဖွတ်များလားလို့''

ကိုဘကောင်းက မောင်ပိုက်၏ အဖြေကို သဘောကျဟန်ဖြင့် ခေါင်းညိတ်၏။

ထို့နောက် စတိုင်အပြည့်ဖြင့် ဆေးတံဖွာရာ ဖွတ်ခနဲ မြည်သွားပြန်လေ၏။

'ဖွတ်.. ငါ စဉ်းစားနေတယ်ကွ၊ ငါ့အသက်တာ သုံးဆယ်ကျော်လာပြီ၊ သစ်ပင်တွေကမှ အချိန်တန်ရင် ဖူးကြ ပွင့်ကြသေးတယ်၊ ငါက ခုထက်ထိ မဖူးရ မပွင့်ရသေးဘူး၊ သစ်ပင်ထက် ငါက ညံ့နေပြီ'

မောင်ပိုက်က သဘောကျသလို ပြုံးလိုက်၏။

'ဆရာ၊ ဒီလိုမှ စဉ်းစားပါမလွားလို့ ကျွန်တော်ပူလိုက်ရတာ၊ အခုမှပဲ စိတ်အေးရတော့တယ်။ အသက်အစိတ်မှ ပုခက်မချိတ်ရရင် တစ်သက် မနိုတ်တော့ဘူးလို့ ဝတ္ထုထဲမှာ ဆရာရေးဖူးသားပဲ၊ နှစ်ဆယ်ကျော် အစိတ်ပိုင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အချွယ်တော် တဆိတ်ဘိုင်းဘာမို့ စိတ်ဘိုင်းကဲ့ မရနိုင်လို့လဲ ဆရာရေးဖူးပါတယ်၊ ဆရာက သုံး ဆယ်ဆိုတော့ ကျုံးတွယ်ဖို့ပဲ လို့တော့ဘယ်ဆရာ၊ ဘာမှ ကြောက်မနေပါနဲ့၊ တွယ်သာဘွယ်ရမ်းပါ၊ အဒရေးဟဲ့ အခကြောင်းဟဲ့ဆို တာညွှဲကျော် မောင်ပိုက်တစ်ယောက်သုံး ရှိပါတယ် ဆရာ’

မောင်ပိုက်က လက်သီးနှစ်ဖက် ကျစ်ကျစ် ဆုပ်၍ တိုလှ ဆွဲထိုးတော့မလိုလို သည်သူ့ ဆွဲချိုက်တော့မလိုလို အားရပါးရ ပြော၏။

ကိုအာကောင်းက မောင်ပိုက်၏ပခုံးကို အသာလှမ်းပုတ်လိုက်သည်။

‘ဖြည်းဖြည်း.... ငါ့တပည့်၊ သိဒ္ဓေ—သိဒ္ဓေ— ဖြည်းဖြည်း ဖြည်းဖြည်း၊ အာစတီး—အာစတီး—ဖြည်းဖြည်း ဖြည်းဖြည်းလို့ ပါဠိလိုနဲ့ ကုလားလို ဆရာပြောခမ်းပါရစေ’

‘ကျွန်တော်ကတော့ ဂျာလတီး—ဂျာလတီး မြန်မြန်သမားပဲ ဆရာ၊ အချိန်မှာ အာစတီးလုပ်နေလို့ မရဘူး။ ဒီခေတ်ဟာ ဂျက်ဘုခေတ်ဆိုတော့ ဂျာလတီး—မြန်မြန်မှ တန်ကာကျတယ်ဆရာရဲ့၊ ပုဂံခေတ်က လှည်းအို ကြီးလိုတအီအီ မောင်းနေရင် လိုရာခရီး မရောက်ဘဲ လှည်းပိုတောင်း ကျိုးတတ်တယ်’

မောင်ပိုက်က လှည်း ပိုတောင်း ကျိုးမည့်ဟန် လုပ်ပြသည်။



‘အေးကွာ ပိုတောင်းကျိုးကျိုး၊ ဝင်ရိုး ကျွတ်ကျွတ်ပေါ့၊ မင်းလိုတွေ့ဘော့ ဆရာဂျာလဲ မတီးရဲဘူး၊ ဒီလိုရှိတယ် ငါ့တပည့်ရဲ့ ဖွတ်’

ကိုဘာကောင်းက ဆေးတန်တစ်ချက် ဖွာ၍....

‘ဖူးတာ ပွင့်တာ ကတော့ ဟုတ်ပါပြီ၊ ခက်တာက မင်းလဲ သိတဲ့အတိုင်း၊ ငါဟာ မိန်းမတွေကို သိပ် မုန်းတယ်၊ မိန်းမအသံ မကြားချင်ဘူး၊ မိန်းမမျက်နှာ မမြင်ချင်ဘူး၊ စကြဝဠာ မှာ မိန်းမ မရှိတဲ့ ဂြိုဟ်ရယ်လို့ ပေါ်ပေါက်လာရင် အဲဒီဂြိုဟ်မှာ ငါ သွားနေမယ်’

ကိုဘာကောင်းသည် မိန်းမ မုန်းသူ တစ်ယောက် ဖြစ်လေသည်။ အဖေ မရှိ၊ အမေ မရှိ၊ ညီအစ်ကို မောင်နှမ အရင်းအချာမရှိ၊ ဥတစ်လုံး တစ်ကောင်ကြွက် ဘဝဖြင့် ကြီးပြင်းလာသူဖြစ်၍ မိန်းမဆိုလျှင်မော်လမြိုင်က အဒေါ်တစ်ယောက်သာ ဆွေမျိုးရင်းချာ ရှိလေသည်။

‘ငါ့အဒေါ်တောင် မမုန်းသင့် မမုန်းထိုက်လို့ ငါသည်းခံနေရတာ၊ တစ်ခါ တစ်ခါတော့ အဒေါ့်ကိုလဲ ငါမုန်းချင်တယ်၊ စကားတစ်ခု စမိရင် မဆုံးတော့ဘူး၊ ပြောပြီး သားတွေ ထပ် ပြောလို့ မြေး၊ ခေတ်ပြောင်းလို့ အိမ်ကြောင်း ထပ်တယ်၊ တော်ပါတော့ နားလည် ပါပြီတောင်းပန်ပေမယ့် မရဘူး၊ သေဝိစိကာလို အသံကျယ်ကြီးနဲ့ (မင်းရဲ့ စာရေးဆရာ အလုပ်က ဘာအသုံးကျသလဲ ခစား လုပ်ပါ၊ သင်ထားတဲ့ ပညာတွေ အတော်မခံမါနဲ့) ဆရာလုပ်တာကို ငါ သိပ်ခံပြင်းတယ်၊ မိန်းမတွေကို

www.burmeseclassic.com

www.burmeseclassic.com



ငါမုန်းရတဲ့ အကြောင်း ခံမှာ နံပါတ်တစ် အချက်ဟာ စကားများခြင်းပဲ'

မောင်ပိုက်သည် သူ့ဆရာ လူမျိုးကြီးကိုပြုံးကြည့်နေ၏။

ကိုဘကောင်းက ဆေးတံကို မြှောက်ပြ၍....

'ဒီဆေးတံကို ကြည့်စမ်း မောင်ပိုက်၊ ဒီဆေးတံ ဟာ ငါနဲ့ ရင်းနှီးလာတာ နှစ်ပေါင်း မနည်းတော့ဘူး၊ ဆေးချေး တက်နေတဲ့ အိုးက ဒါကို သက်သေ ခံနေတယ်၊ ဒီဆေးတံဟာ ဘယ်လောက် မိတ်ဆွေကောင်း ပီသ သလဲ၊ မိန်းမ တွေလို စကားများ သလား၊ ဆေး မရှိဘဲ ဖွာရင် (ဖွတ်လို့) မြည်တယ်၊ ဆေးထည့်ပြီး သောက်ရင်(ရှူး)လို့ မြည်တယ်၊ သူ မြည်တတ်တာ (ဖွတ်ရှူး) ပဲ....'

မောင်ပိုက်က အရင်း အဖျား မရှိဘဲ တဟား ဟား ထ ရယ်လိုက်၏။

'ဟော့ ကောင် မောင်ပိုက် မင်းက ငါ့အဘိဓမ္မာကို ရယ်တယ်ပေါ့လေ'

မောင်ပိုက်က ဗိုက်ကိုနှိပ်ရင်း လက်ကာပြသည်။

'ဆရာ့အဘိဓမ္မာကို ရယ်တာမဟုတ်ပါဘူးဆရာ၊ ဆရာ ပြောတာကို သဘောကျလို့ပါ၊ မိန်းမနဲ့ ဆေးတံ ဘာ ဆိုင်သလဲ ဆရာရဲ့၊ မိန်းမတွေဟာ ဆေးတံလောက်မှ သစ္စာမရှိဘူးလို့ မရေးလိုက်ပါနဲ့ဆရာ၊ ဟိုအကောင် တွေနဲ့ ဆရာနဲ့ ရောထွေးကုန်မှာ စိုးလို့ပါ'

ကိုဘကောင်းက အပြင်ဘက်သို့ တစ်ချက်လှမ်းကြည့် လိုက်ပြန်သည်။



'ဒုတိယ ငါမကြိုက်တာကတော့ စပ်စုခြင်း ပဲကွ၊ အဒေါ်ကို မင်းကြည့်စမ်း ဘာမဆို စပ်စပ်စုစု တယ်လုပ် တတ်တယ်၊ စာရေးတဲ့အလုပ်ဟာ သူနဲ့ ဘာဆိုင်သလဲ၊ ဒါကို အေးအေးမနေဘဲ စာရေးဆရာအလုပ်ဟာ ထမင်း ငတ်တယ်ဆိုပါလား၊ မင်းတို့ကော ဇတ်ဖူးသလား၊ စာ တပုဒ်ကို ငွေဘယ်လောက်ရသလဲ၊ မင်းကို ဆရာ-ဆရာလို့ ခေါ်တဲ့ လူတွေဟာ မင်းတပည့်တွေလား၊ မင်း စာသင် ပေးဖူးလို့လားနဲ့ မဟုတ်တာ အလုပ်ရှာပြီး မေးမြန်း စပ်စုတာ ငါသိပ်မုန်းတယ်'

'ဆရာ့ဟာ မဟုတ်သေးပါဘူးဆရာ၊ မိန်းမတိုင်းကို ဆရာ့အဒေါ်လိုထင်ပြီး ပေတံတစ်ခုတည်းနဲ့ တိုင်းနေတာ ကိုး၊ စကားများတဲ့ မိန်းမရှိသလို တေမိလို တစ်နေ့လုံး နေလို့ တစ်ခွန်းမဟတဲ့ မိန်းမလဲရှိပါတယ်၊ စပ်စုတဲ့မိန်းမ ရှိသလို မဆိုင်ရင် ဝင်မရှုပ်တဲ့ မိန်းမတွေလဲ ရှိတာပဲ'

'မင်းကလဲကွာ မိန်းမတွေဘက်က ရှေ့နေလိုက်နေရ ပြန်ပြီ'

'မတူဘူးဆရာရဲ့၊ ကမ္ဘာဦး အစကတည်းက အဖိုနဲ့အမ ဒွန်တွဲလာတာပဲ ဟဲ ဟဲ....'

'မိန်းမတွေဟာ စိတ်ဝင်စားစရာကောင်းပါတယ်'

'မ ဆိုတဲ့ သက်ရှိတွေရှိနေလို့ သတ္တဝါတွေ မျိုးဆက် မတိမ်ကော မပပျောက် ဖြစ်နေတာကိုလဲ စဉ်းစား ဦးလေ၊ လောကကြီးမှာ အတိုင်းဆရှိတဲ့ မိုက်ဆိုတာ အမျိုးသမီးတွေပဲ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'အေး— ဒါတော့ ငါမပြင်းပါဘူးကွာ'

'ဒါဆို ဆရာစိတ်ဝင်စားလာပြီပေါ့'

'မင်းပြောတာတစ်မျိုး ငါပြောတာတစ်မျိုး ဖြစ်နေပါပေါ့လား မောင်ပိုက်'

'မဟုတ်ပါဘူး ဆရာရယ်....၊ ဆရာ မတွေ့ဖူးသေးလို့ပါ၊ မိန်းမတွေကို မချစ်ဖူးသေးလို့ ဆရာပြောနေတာပါ'

'ချစ်ချင်ပါဘူး မောင်ပိုက်ရယ်၊ ငါ့ဟာငါ....အေးအေး နေပါရစေ'

ကိုဘကောင်းက လက်ကာ၏။

'မဟုတ်သေးပါဘူးဆရာ၊ သစ်ပင်တိုင်းလဲ အမြစ်နဲ့မကင်း၊ တိုင်းပြည်တိုင်းလဲ စစ်နဲ့မကင်း၊ လူတိုင်းလဲ အချစ်နဲ့မကင်းတဲ့'

'ငါတော့ ကင်းတယ်ကွ၊ လူတိုင်းထဲမှာ ငါမပါဘူး'

'ပါပါ့ဆရာရယ်၊ သီးပွင့်ချိန် တန်ပါပြီ၊ အရပ်ထောင်ထောင်မားမား၊ အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်းလေးကို ဆရာမချစ်ချင်ဘူးလား'

'သည်းခံပါ မောင်ပိုက်'

'အသားညိုညို၊ ကိုယ်လုံးဖြောင့်ဖြောင့် ဖန်ခွက်ကြီးပါမျိုးချလိုက်ရ ဆိုတာမျိုးကော'

'ဒိုးဆလံ ပါပဲကွာ'

'သပြေရိုးအရွယ်၊ မကြီးလွန်း မငယ်လွန်း၊ ဇွန်နီးခြစ်တစ်မျိုး၊ အဲဒါမျိုး ဆိုရင်ကော'



'ဝေရာမဏိ ဝေးစွာကြဉ်ရှောင်၏'

'ဆရာတော့ ခက်ပါပြီ၊ ဆယ်ကျော်သက်ကလေးတဲ့ဆရာ၊ ခေါင်းပေါ်မှာ အိမ်ဂရိုတ်ကလေးနဲ့ ဆံယှက်ကလေးတွေ ကုပ်ပေါ်ဝဲလို့။ ဘရစီယန် ... အသက်ဝတ်ထားတယ်၊ ထဘီကလေးကပေါင်တဝက်ကြီး နှင့်ကောင်မလမ်းသွားရင်လှုပ်လှုပ်ခါခါနဲ့သုံးဆယ့်နှစ်ကြသည်။ လျှောင်လှုပ်သွားတဲ့ မြီးကောင်ပေါက်ကမလေး၏ အနေ

'မျက်စိထဲမှာ ခရေ့စ်ဖြစ်တယ်ဟေ့'

'ဒါဖြင့် ဆရာချစ်ချင်တာက ဘယ်လိုဟာမျိုး လဲ၊ အမယ်အိုဗျာဆံဝိုက် သွားနှစ်ချောင်းစိုက်ဆိုတဲ့ မအိုဇာဂျွပ်မျိုးလား၊ မီးယပ်ပိန် မီးယပ်ခြောက် ယပ်တောင်လို ပြားကပ်နေတာမျိုးလား'

'တော်ကွာ....တော်တော့'

'အသားမည်းမည်း၊ သွားခေါခေါ၊ နှုတ်ခမ်းမောက်မောက်၊ ဖင်ကောက်ကောက်၊ ဘုန်းကြီး ကျောင်းသားစော် နံတဲ့ မိန်းမမျိုးလား'

ကိုဘကောင်းသည် ဆေးတံကြီးကို ကောက်ဖွာလိုက်လေသည်။

'လေကုန်မယ် ငါ့တပည့်၊ ဆရာမချစ်ချင်ဘူး၊ ဟောဒီမိတ်ဆွေကောင်း ဆေးတံကြီးရှိရင် ကျေနပ်ပြီ'

ပြောပြောဆိုဆို တဖွတ်ဖွတ် မြည်အောင် ဖွာပြလိုက်၏။ မောင်ပိုက်သည် လက်ဝါးနှစ်ဖက်ခါ၊ ပခုံးနှစ်ဖက်တွန့်ပြ၍....

www.burmeseclassic.com

'စိတ်ကုန်ပါပြီဗျာ'

မီးဖိုထဲသို့ ပြန်ဝင်သွားလေ၏။

ကိုဘကောင်းသည် မူလ အလုပ် ဖြစ်သော စဉ်းစား
း‌တောခြင်းကို ပြန်လုပ်နေလေသည်။
လိုပါ။ မ ာင်ပင် ခြေရင်း ခြံဘက်သို့ ကြည့်လိုက်မိ၏။
တာပါ' ား ချုံနွယ် ပိတ်ပေါင်းများ ရှုပ်ထွေး
'ချစ်ချင်ပါ ုလံများ တိတ်ဆိတ်လျက်ရှိ၏။
ဒွား နေပါရှ ဘူ့ရကြာသော အိမ်ကြီးမှာ ဆွေးဆုတ်
ယို လူမမာလို ဖြူဖတ်ဖြူရော် ဖြစ်နေလေ၏။

အိမ်ပြတင်း အားလုံးလည်း ပိတ်နေကာ အိမ်ရှေ့တံခါးမကြီးတွင် သော့ခလောက်ကြီး တစ်လုံး ခတ်ထားလေ၏။

ထိုအိမ်၌ လူမနေသည်မှာ ကြာပေပြီ။

ကိုဘကောင်းသည် ထိုအိမ်ကြီးကို ကြည့်ကာအမျိုးမျိုး စဉ်းစားနေ၏။

ထိုအိမ်ထဲတွင် ငွေစက္ကူ အတုလုပ်သော ဂိုဏ်းတစ်ခု စခန်းချနေ၍ စုံထောက်က သက်စွန့်ကြိုးပမ်းထောက်လှမ်း ဖမ်းဆီးပုံကို ဇာတ်လမ်းဆင်ကြည့်၏။

ထိုအိမ်တွင် ဥစ္စာစောင့်ရှိသည် ကြားသိဖြင့် စွန့်စားတတ်သော လူငယ်တစ်ယောက်က လာရောက် စုံစမ်းပုံကိုလည်း တစ်နည်းတစ်ဖုံ ဇာတ်ဆင်ကြည့်ပြန်၏။

သူသည် ဘယ်ဟာကိုမှ သဘောမကျလှပေ။



ထိုအိမ်ကြီးတွင် ကောင်မလေးချောချောတစ်ယောက် နေသည်ဟု စိတ်ကူးယဉ်ကြည့်သော အခါ အတော် ဟုတ်သလိုလို ဖြစ်လာ၏။

ကောင်မလေးက ငယ်ငယ် လှလှကလေး။

ဇာတ်လိုက်ကတော့ သူ့ပုံထားပါတော့လေ။ အသက်ကြီးကြီး အစ်ကိုကြီးအရွယ်ပေါ့။ အစ်ကိုကြီးနှင့်ကောင်မလေးတို့သည် မျက်လုံးချင်း အာလိုလိုဖြစ်ကြသည်။

သို့သော် အစ်ကိုကြီးသည် ကောင်မလေး၏ အနေအထိုင်များကို သိပ်သဘောမတွေ့လှပေ။

နန့်ပျံ့ပျံ့ရှုပ်ပျာပျာနိုင်သည်။ ဗိုင်းကောင်းကျောက်ဖိမပိသဟု ယူဆသည်။

ကောင်မလေးက ချစ်ပါမည့်အရေး မှုရာမာယာကြာဗျာတွေပြ၏။

အစ်ကိုကြီးက ငြင်းလိုက်သည်။

'ဒါမျိုး မချစ်ချင်ပါဘူးကွာ'

ကိုဘကောင်းနှုတ်မှ ရုတ်ခနဲ ယောင်၍ ထွက်သွားလေ၏။ မောင်ပိုက်မှာ ထမင်းအိုးကို အဖုံးဖွင့်ရာက....။

'ဆရာကသာ မချစ်တာ၊ ထမင်းအိုးကတော့ ခြစ်ရှိတင်မကဘူး၊ တူးအောင် တူးသွားပြီ'

မီးဖိုထဲမှ ပြန်အော်လိုက်လေ၏။

www.burmeseclassic.com

## အခန်း ( ၂ )

'ဆရာ....ဆရာ၊ ထပါဦး'

မောင်ပိုက်က အလန့်တကြားလှုပ်နှိုး၏။ ကိုဘကောင်းမှာ လူးလဲသထိုင်လိုက်လေသည်။ စောင်နှင့် ခြင်ထောင်ဖရိုဖရဲဖြစ်သွား၏။

'ဘာလဲကွ၊ ဘာဖြစ်လို့လဲ'

မောင်ပိုက်က ထမင်းနှင်သလို လည်ပင်းကြီး ရှည်ထားရာက ခြေရင်းခြံသို့ လက်ညှိုးထိုး၍....

'ဟို....ဟို....ဟိုဘက်ခြံက အိမ်ကြီး'

အဆုံးအထိမပြောနိုင်သေးဘဲရပ်နေ၏။ ကိုဘကောင်းကအိပ်ရာပေါ်မှ ခုန်ထလိုက်သည်။ ပုဆိုးသည် ရှောခနဲကျွတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အချိန်မီပြန်ဖမ်းလိုက်နိုင်၍ တစ်ပေါ် နှစ်ပေါ် ပေါင်လုံးပေါ်ဇာတ် ခင်းမသွားပေ။

'အိမ်ကြီး ဘာဖြစ်သလဲ၊ မီးလောင်နေသလား'

ကိုဘုကောင်းက ပြတင်းပေါက်သို့ ပြေးကြည့်၏။ မောင်ပိုက် နောက်ကလိုက်လာသည်။

တစ်ဖက်ခြံ ရှုခင်းကား ထူးခြား ပြောင်းလဲနေ၏။

အိမ်ရှေ့တွင် လော်လီကားတစ်စီးရပ်ထားပြီး ကားပေါ်မှပစ္စည်းများကို သယ်ချနေကြသည်။

'ဟိုဘက်အိမ် လူရောက်လာပြီကွ'

ကိုဘုကောင်းက ဗီရိုတစ်လုံးကို ရှေ့နောက် ထမ်းချလာသောကုလားနှစ်ယောက်ကို ကြည့်၍ပြောလေသည်။

အသက် ခြောက်ဆယ်အရွယ် ခေါင်းဖြူဖြူ အဘိုးကြီးတစ်ယောက်သည် လော်ရီကားဘေးတွင် ရပ်နေ၏။ လက်တွင်းမှ တုတ်ကောက်ကို ညွှန်ပြ၍ ဒီလိုချ၊ ဟိုလိုသယ် ဟု ညွှန်ကြားပေးနေသည်။

ပစ္စည်းများသည် တစ်ခုပြီးတစ်ခု မကုန်နိုင် မပြီးနိုင်ပေ။ လော်လီကား၏နောက်ပေါက်မှ ခုတင်တိုင်တွေထွက်လာလိုက်၊ ကုလားထိုင်တွေထွက်လာလိုက်၊ ထမင်းစားခုံဝိုင်းထွက်လာလိုက်၊ သောက်ရေအိုးစင် ထွက်လာလိုက်။ မဆုံးနိုင်သော ဂမုန်းခိုင်ဖြစ်နေ၏။



'ကြည့်နေဆရာ၊ ဟောဒီတစ်ခါ သေတ္တာ ထွက်လာလိမ့်မယ်'

မောင်ပိုက်က အတတ်ဟောသော ဗေဒင်ဆရာလေသံဖြင့် ပြော၏၊ ကားနောက်ပိုင်းက ထွက်လာသည်ကား ပန်းကန်စင်တစ်ခုဖြစ်နေသည်။ ကုလားများသည် ပန်းကန်စင်ကို ခြံထဲသို့ သယ်သွင်းသွားကြသည်။

'မင်းပြောတာ မှားတယ်၊ ဒီတစ်ခါ ငါပြောမယ်၊ အခုထွက်လာမယ့်ပစ္စည်းဟာ ဖျာလိပ်ကွာ'

ကိုဘုကောင်းက ပိုင်နိုင်သောလေသံဖြင့် ခန့်ထည်ထည် ဆို၏။ ကားနောက်ပိုင်းကထွက်လာသည်ကား သမင်ချိုတစ်ခုတည်း။ ကုလား တစ်ယောက်သည် သမင်ချိုကို ခေါင်းပေါ်ရွက် သယ်သွားလေသည်။

'ဒီတစ်ခါ ကျွန်တော့် အလှည့်ဆရာ၊ အခု ထွက်လာမယ့်ပစ္စည်းဟာ–'

မောင်ပိုက်သည် စဉ်းစားသလို တွေသွားပြီး....

'ထမင်းအုပ်ဆောင်းကြီးပါတဲ့ဆရာ၊ မယုံကြည့်နေ'

လော်ရီကားနောက်မြီးမှ တစ်စုံ တစ်ယောက် သည် ဖုတ်ခနဲ ချလိုက်၏။ ပြန်ထလိုက်သောအခါ အသက်ဆယ့်ကိုးနှစ်ခန့် အသားလတ်လတ် ရုပ်ရည်သနားကမားမိန်းကလေးတစ်ယောက် ဖြစ်ကြောင်း တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ထမင်းအုပ်ဆောင်းဆိုကွ၊ ဘယ်မလဲ'

ကိုဘကောင်းက မောင်ပိုက်ကို စ၍။ မောင်ပိုက်သည် အသာနေ ဆရာဟုပြောကာ မိန်းကလေးရှိရာသို့ လှမ်းကြည့်နေသည်။ မိန်းကလေးသည် ပြူးတိကြောင်တောင်ဖြင့် ဟိုဟိုသည်သည် ကြည့်နေ၏။ မောင်ပိုက်သည်လက်ပြသလို လက်နှစ်ဖက်ကို ဝှေ့ယမ်းပြ၏။

'ဟေ့ကောင်....မင်းနဲ့ သိလို့လား'

ကိုဘကောင်းက အလန့်တကြား မေးသည်။

'သိတာပေါ့ဆရာ'

မောင်ပိုက်က မိန်းကလေးကို မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။ မိန်းကလေး၏ ခေါင်းသည် တစ်ဖက်သို့ ချာခနဲ လှည့်သွားလေ၏။

'ဘယ်တုန်းက သိတာလဲကွ၊ ဟုတ်မှလုပ်ပါ'

မောင်ပိုက်က....

'အခုပဲ သိတာပေါ့၊ ဆရာမြင်တယ် မဟုတ်လား၊ ကျွန်တော် မျက်စိမှိတ်ပြလိုက်တာ၊ ကျွန်တော်ကတော့ ဂျာလတီး၊ မြန်မြန်သမားပဲဆရာ'ဟု ပြန်ဖြေသဖြင့်....

'မလုပ်ပါနဲ့ကွာ....ပြဿနာတွေ အလုံးအရင်းပေါ်ကုန်လိမ့်မယ်'

ကိုဘကောင်းက ပူစောင့်ပန်းပင် လေသံဖြင့် ပြောလိုက်လေ၏။



လော်လီကား မောင်းထွက်သွားလေပြီ၊ အိမ်ပေါက်ဝတွင် ပစ္စည်းတွေ ဖရိုဖရဲပုံနေ၏။

အဘိုးကြီးသည် သဲသဲမဲမဲဖြင့် သော့ဖွင့်နေသည်။ မိန်းကလေးက အနားက ရပ်နေ၏။ သော့သည် တော်တော်နှင့် ပွင့်မလာပေ။ အဘိုးကြီးသည် သော့ခလောက်ကိုဆွဲ၍ဆွဲ၍ခါ၏။ သော့တံကို ဟိုက်ဘက်လှည့် သည်ဘက်လှည့် အခါသုံးဆယ်လောက်လုပ်သည်။ သော့ခလောက်ကား ရာဇဝင်နွံ တစ်ခွဲသားဖြင့် ဟင်းခံနေသည်။

'ထွီ....ပွင့်စေလဟ၊ ရသေ့ရှစ်သောင်း ဆရာကောင်း အမိန့်'

သော့တံကို တံတွေးတွေး မန်းမှုတ်ကာ သုံးဆယ့်တစ်ကြိမ်မြောက် တောင်လှည့် မြောက်လှည့် လှုပ်ပြန်၏။ သော့ခလောက်ကား ခပ်တင်းတင်း မပွင့်သေး။

'သယ်....တယ်ခက်ပါလား၊ ပွင့်လဟဲ့....ပုပ္ပါးတောင်မြတ် တောင်ကလပ်က ဆရာကြီးများအမိန့်'

သော့ခလောက်ကို တုတ်ကောက်ဖြင့် တဂေါက်ဂေါက် ခေါက်၏။ ပါးစပ်က အမိန့်တော် ပြန်၏။ သို့သော် အချည်းနှီးတည်း။ သော့ခလောက်ကား ပပထုမှထယ်လုပ်ကာ မပွင့်ဘဲ ပေခံနေလေသည်။

'ရော့- မယ်သော့၊ နင်ဖွင့်ကြည့်စမ်း'

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကို သော့လှမ်းပေး၏။ မိန်းကလေးသည်လည်း စွမ်းအားရှိသလောက် ဟိုလှည့် သည်လှည့် လုပ်ပါ၏။ မောင်သော့ခလောက်ကား ပွင့်တော်မူမလာပါ။

'ဘဘကြီး....ဖွင့်လို့မရဘူး'

သော့ကို အဘိုးကြီးလက်သို့ ပြန်အပ်၏။

'အနှောင့်အယှက် တစ်ခုခုတော့ ရှိနေပြီ၊ ဒီအိမ်ထဲကို ငါဝင်လို့မရအောင် ဝိဇ္ဇာတစ်ပါးပါးက နှောင့်ယှက်နေတာ ဖြစ်ရမယ်၊ အင်းဝိဇ္ဇာလား ပြဒါးဝိဇ္ဇာလား'

'သံဝိဇ္ဇာ ဖြစ်ပါလိမ့်မယ်ခင်ဗျာ'

အကူအညီပေးရန် ရောက်လာသော ကိုဘကောင်းက ပြော၏။ မောင်ပိုက်မှာ မယ်သော့ကို ကွက်ကြည့် ကွက်ကြည့် လုပ်နေသည်။ အဘိုးကြီးသည် ကိုဘကောင်းကို လှည့်ကြည့်၏။

'ဘာပြောလိုက်သလဲ....သူငယ်'

နားရွက်ကို လက်ဝါးကာ၍ ပြန်မေးသည်။

'အနှောင့်အယှက် ပေးနေတာက သံဝိဇ္ဇာပါ၊ သော့ခလောက်ကို သံနဲ့လုပ်ထားတာ မဟုတ်လား'

ကိုဘကောင်းက သူ့ဝသီအရ ခပ်နောက်နောက်ပြော၏။ အဘိုးကြီး တကယ်ထင်မှတ် ယုံကြည်သွား၏။



'အော... သူငယ်လဲ ဂိုဏ်းဆော်ကြီးကကိုး၊ တွေ့ရတာ ဝမ်းသာသကွယ်၊ နောင်မှ အေးအေးပြောကြသေးတာပေါ့၊ အခုတော့ သော့ဖွင့်စမ်းပါဦး'

သော့သည် ကိုဘကောင်း လက်သို့ ရောက်လာပြန်သည်။ ကိုဘကောင်းသည်လည်း သံကြွားသားမဟုတ်၍ သံချေးတက်နေသော သော့ခလောက်ကို ပွင့်အောင် မဖွင့်နိုင်။ အကြိမ်ကြိမ် ကလိပါသော်လည်း သော့ခလောက်မှာ နကမွတ် မတုန်လှုပ်။

'ကျွန်တော် စမ်းပါရစေဦးဆရာ၊ ကျွန်တော့်မှာ သံဝိဇ္ဇာကို နိုင်နင်းတဲ့ လက်နက်ရှိပါတယ်'

မောင်ပိုက်က သူ့ရဲကောင်းလုပ်ခွင့် တောင်း၏။ ကိုဘကောင်းက နောက်ဆုတ်ပေးလိုက်သည်။ မောင်ပိုက်သည် အုတ်ထက်ပိုင်းကျိုးတစ်ခု ကောက်ကာ သော့ခလောက်ကို ထုလေသည်။

တစ်ချက်နှစ်ချက်သာ ထုရ၏၊ ရောဘသား၊ သင်းဘာမို့ ခံနိုင်မတုန်း။ သော့ခလောက်သည် ချက်ခနဲ မြည်ကာ ကျိုးပွင့်ခြင်းသို့ ရောက်သွား၏။

'အပရိုးတဲ့ သံဝိဇ္ဇာ၊ ဒီလိုးဝိဇ္ဇာနဲ့ဆော်တော့ နင်နိုင်သေးရဲ့လား'

မောင်ပိုက်သည် တိုးတိုးပြောကာ အုတ်ထက်ပိုင်းကျိုးကို လွှင့်ပစ်လိုက်လေသည်။ အဘိုးကြီးက အိမ်ထဲသို့

www.burmeseclassic.com

www.burmeseclassic.com



အလျင်ဝင်သွား၏၊ ကိုဘကောင်းက နောက်က လိုက်သွား၏။

'မင်းနာမည် မယ်သော့တဲ့လား၊ ခုန ကြားလိုက်မိသလိုလိုရှိလို့'

မောင်ပိုက်က ရှေ့တစ်လှမ်းတိုး၍ မေး၏။

'ဟုတ်ကဲ့'

မယ်သော့က ကြောက်ကြောက်ရွံ့ရွံ့ပြန်ဖြေပြီး၊ နောက်နှစ်လှမ်းဆုတ်သွားသည်။

'အေး- မယ်သော့ဆိုပေမယ့် ဒီသော့ကိုတော့ရအောင်မဖွင့်နိုင်ဘူး မဟုတ်လား'

'အိုင်တော့် သော့က....သံချေးတက်ကြီးပဲ'

မောင်ပိုက်ကို မယ်သော့က အားကျမခံ ပြန်နှက်သည်။

'ငါ့နာမည် မှတ်ထားနော်....မောင်ပိုက်တဲ့ ဒါပေမယ့် မင်းထက် အသက်ကြီးတာမို့ အစ်ကိုပိုက်လို့ ခေါ်နိုင်တယ်....ခေါ်ပါ'

မယ်သော့ ခေါင်းမညိတ် ခေါင်းမခါ နယ်းနယားဖြစ်နေသည်။

'ခေါ်ပါဟာ....အစ်ကိုပိုက်လို့ ခေါ်ပါ၊ ခေါ်မယ်မဟုတ်လား'



မောင်ပိုက်က ကျွန်တော့်ကို မဲထည့်ကြပါနော်ဟု သောက်ရှက်ကင်းမဲ့စွာ မဲတောင်းသော နိုင်ငံရေးခေတ်က အမတ်လောင်းသံဖြင့် ပြော၏။

'အို....ရှုပ်လိုက်တာ၊ မသိဘူး'

မယ်သော့က ခေါင်းကုတ်၍ ဖြေသည်။ မောင်ပိုက်သည်။

'အကြံရခက်ပါလေသနော်' ပုံစံဖြင့် ကြောင်သွား၏။

'ဟဲ့....မယ်သော့ ပစ္စည်းတွေ သယ်ခဲ့လေ'

အဘိုးကြီးက အိမ်တွင်းမှ လှမ်းပြောသည်။

'မောင်ပိုက်....မင်းလဲ ကူသယ်ဟေ့'

အဘိုးကြီးအသံနောက်တွင် ကိုဘကောင်းအသံ ပေါ်လာသည်။ မောင်ပိုက်သည် မယ်သော့ကို ကြည့်၏။ မယ်သော့ကလည်း မောင်ပိုက်ကို ပြန်ကြည့်သည်။

ထို့နောက် မယ်သော့က မွေ့ရာလိပ်ကို သယ်သွင်းသွားသည်။ မောင်ပိုက်လည်း သေတ္တာတစ်လုံးကို ထမ်းကာ နောက်မှ လိုက်ခဲ့ရလေသည်။

နှစ်ယောက်နှင့် မနိုင်သော ဗီရို ကြောင်အိမ်သည်တို့တွင် ကိုဘကောင်းလည်း ဝင်ရောက်ကူညီ၏။ အဘိုးကြီးသည်ပင် အငြိမ်မနေပေ။ တစ်ဖက်တစ်ဖက်နိုင်သလောက် ဖေးမပေး၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်နုမာပူလေးလေ့ ဘောလေးဆပ်၊ ဘောလေး ဆပ်’

နောက်ဆုံး ဗိုရိုကြီးကား အကြီးဆုံးအလေးဆုံးဖြစ်၍ အာသွန်ခွန်စိုက်ကဲ မနိုင်ရန် ကိုဘကောင်းက သံချပ်တိုင်ပေးသည်။ မောင်ပိုက်က ဘောလေးဆပ် ဘောလေးဆပ်ဟု ဖောက်၏။ မယ်သော့က လိုက်မဆို။

‘ဆိုလေ....ဘောလေးဆပ်လို့ဆို’

ဟု မောင်ပိုက်က စည်းရုံး၍ မယ်သော့က ‘အို.... ဆိုချင်ပါဘူး၊ တော်တို့ဟာ ဘာတွေမှန်းလဲ မသိဘူး’ ဟု တင်းခံနေသည်။

အဘိုးကြီးသည် မောင်ပိုက်တို့ ခေါင်ကူးကာ ပျော်ရွှင်လာ၏။ နွားလေးပါးလေးဖြင့် ဝင်ဘောလေးဆပ်သည်။

‘ယန်နုမာပူ....လေးလေ့’

‘ဘောလေးဆပ်....ဘောလေးဆပ်’

‘ဒန့်သလွန်သီး....ကတ်ကူရန့်ခြောက်’

‘ဘောလေးဆပ်....ဘောလေးဆပ်’

အဘိုးကြီးက....

‘အေးကွယ့် .... ကတ်ကူရန့်ခြောက်များ စျေးကြီးလိုက်တာ’



ဟု ဗိုရိုကို ဖေးမ့ပေးရာက ညည်းပြော ပြော၏။ ဗိုရိုကြီးသည် အခန်းထောင့်သို့ ရောက်သွားသည်။ အလုပ်ကို အာရုံ စိုက်ခဲ့နကြသဖြင့် အိမ်ရှေ့သို့ သုံးဘီးကား တစ်စီးဆိုက်လာခြင်းကို သတိမပြုမိကြပေ။

အသက်သုံးဆယ်ကျော်အရွယ် အသားလပ်လပ် မိန်းမ တစ်ယောက် အခန်းဝ၌ ပေါ်လာ၏။ သူမ၏ မျက်နှာမှာ တည်တည်တင်းတင်း ဖြစ်သည်။ မျက်မှန် တပ်ထားသဖြင့် ဥပဓိမှာ ခန့်ညားနေသည်။

‘ဩ....ရွှေ့လို့ ပြောင်းလို့ ပြီးမှကိုး’

အသံလာရာသို့ အားလုံး လှည့်ကြည့်လိုက်ကြသည်။ အဘိုးကြီးက။

‘သမီး ရောက်လာပြီနော် စာမေးပွဲစောင့်ပေးလို့ ပြီးသွားပလား’

အမျိုးသမီးက....

‘ဟုတ်ကဲ့ ဖေဖေ....’

ဟု ဖြေပြီး အခန်းထဲရှိ လူများကို တစ်ယောက်စီ စေ့စေ့စပ်စပ် လိုက်ကြည့်သည်။

ကိုဘကောင်းကို မမှိတ်မသုန်ကြည့်၏။ ကိုဘကောင်းမှာ စိတ်ထဲတွင် ဘောင်းဘောင်းထ၍ ခံပြင်း ဒေါသ လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အကြည့်သည် မောင်ပိုက်၏ မျက်နှာသို့ ရောက်သွားပြန်၏။ ပါးစပ် ဟဖြဲဖြဲ ဖြစ်နေသော မောင်ပိုက်ကို သဘောမကျသလို ခေါင်းယမ်းလိုက်သည်။ ထို့နောက် နေရာချထားသော ပစ္စည်းများကို တစ်ခုစီလိုက် စစ်ဆေးနေပြန်သည်။

'ဒီမှာ သမင်ချိုချိတ်တာ နေရာမကျဘူး၊ စောင်းနေတယ်၊ တည့်လိုက်ပါ'

ကိုဘကောင်းကို လှမ်းပြောသည်။ ကိုဘကောင်းသည် မထိုဘတ်တေး လုပ်နေ၏။ အမျိုးသမီးက အမိန့်သံဖြင့်....

'ပြန်တည့်လိုက်လေ'

ကိုဘကောင်းမှာ တံမြက်စည်း အရိုးဖြင့် ထိုးတည့်လိုက်သည်။ ပို၍ ဆိုးသွား၏။

သမင်ချိုမှာ တစ်ဖက်သို့ မျှားစွာစောင်းသွားသည်။

'အလုပ်လုပ်တာ သေသေသပ်သပ်လုပ်ရတယ်၊ စည်းကမ်းဆိုတာ လူ့ရဲ့တန်ဖိုးတဲ့၊ ပေးစမ်း တံမြက်စီး'

အမျိုးသမီးက ကိုဘကောင်းလက်မှတံမြက်စီးကိုလှမ်းယူကာ ဆိုးဆတ်နှင့် သမင်ချိုကို တည့်ပေးလိုက်လေသည်။

'အဲသလို အစကတည်းက လုပ် လိုက် လဲ့ ပြီးသားနဲ့ ဩဇာ မာကလာတွေပေးနေရသေးတယ်'



ကိုဘကောင်းက မကျေမနပ်ပြော၍ -

'ဘာပြောလိုက်တယ်'

အမျိုးသမီးက ခပ်ငေါက်ငေါက်ပြန်မေးသည်။

'ကျုပ် ပြောပြီးသားစကားကို နှစ်ခါထပ် မပြောတတ်ဘူး၊ ခုနကတည်းက ကြားရအောင် နား ထေ ထားပါလား'

ကိုဘကောင်းက ရွဲလက်စဖြင့် ဆက်ရွဲ၏။

'အို....ဆရာမကို ဒီလိုမပြောရဘူး၊ ရှင် ရိုင်းလှချည့်လား'

အမျိုးသမီးက မျက်မှန်ပေါ်မှငေးကြည့်ရင်း ပြောလိုက်လေသည်။

'ဆရာမတဲ့လား၊ ဘယ်ဆေးရုံကလဲ၊ ဂျင်မခါနာလား၊ ဒပ်ဖရင်လား'

မောင်ပိုက်သည် သူ့ဆရာ သူ့ရဲကောင်းကြီးကို အားပေးသောမျက်နှာဖြင့် လှမ်းကြည့်လိုက်သည်၊ သဘောကတော့ ပြောသာပြော၊ အရေးဟဲ့အကြောင်းဟဲ့ဆိုတပည့်ကျော် မောင်ပိုက်ရှိတယ်။

'ရော့.... ရှင်တို့ အလုပ်သမားခ၊ ရှင် သိပ်လျှာရှည်တယ်'

အမျိုးသမီးက ငွေနှစ်ကျပ် ထုတ်ပေးသည်။ ကိုဘကောင်းက လှမ်းမယူ။ ခပ်တင်းတင်း ပြန်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



'အဖေ့ အလုပ်သမားတွေက ဘယ်လိုလဲ၊ ပိုက် ဆံပေးတာမယူဘူး၊ ဓေတာနဲ့ ဝန်ထမ်း ကူညီတာလား'

အဘိုးကြီးကိုလှမ်းမေးပြောသည်။ အဘိုးကြီးက ကိုဘကျော်ကို အားတုံ့အားနာကြည့်သည်။

'သည်းခံပါတယ် မောင်၊ ခင်မြင့်မြင့်က စိတ်ဆတ်လို့ပါ'

ကိုဘကျော်ကို တောင်းပန်သည်။ ကိုဘကျော်မှာ တစ်စုံတစ်ခုကိုပြောတော့မလို ပါးစပ်ပြင်ပြီးမှ မပြောဘဲ မျိုသိပ်လိုက်၏။

'လာဟေ့ မောင်ပိုက်၊ ပြန်မယ်'

မောင့်ပိုက်ကိုလှမ်းခေါ်ကာ ချာခနဲလှည့်ထွက်ခဲ့သည်။ မောင်ပိုက်သည် ခင်မြင့်မြတ်ကို စပ်ဖြဲဖြဲ ပြန်ကြည့်ပြီး လှည့်လိုက်ရာ အခန်းနံရံဖြင့် ဒိုင်းခနဲ ဝင်တိုက်မိ၏။ မယ်သော့မျက်နှာ ပွုံးစိစိဖြစ်သွားသည်။

ဆရာ....ဆရာ၊ နေပါဦးဆရာ'

မောင်ပိုက်က နောက်မှ အပြေးလိုက်၏။

'မိန်းမတွေကို ငြို ဒါကြောင့် မုန်းတာကွ၊ ဆရာသိပ် လုပ်ချင်တယ်'

ကိုဘကျော်းက အခဲ မကြေ အသံဖြင့် ပြောသည်။

'ဖေဖေ့ဘေးတဲ့ အလုပ်သမားက ဘယ်ကလဲ'

ခင်မြင့်မြတ်က အဘိုးကြီးကို မေးသည်။



'အလုပ်သမား မဟုတ်ဘူးသမီး၊ ခေါင်းရင်းခြံက သူငယ်တွေပဲ၊ ဖေဖေတို့ မနိုင်မနင်းဖြစ်နေတာကို လာကူညီတာတဲ့၊ ဓောဓောက ပြောတယ်'

ခင်မြင့်မြတ်သည် 'ဟောဒီဟာ့—ဒုက္ခပါပဲ' ဟု လွှတ်ခနဲထွက်သွားပြီးမှ

'အို...မတတ်နိုင်ပါဘူး၊ ယော ကျ်ား ဆို တာ ဒီလို ခပ်တင်းတင်း ဆက်ဆံပေးမှ တန်ကာကျတယ်'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

'လှပါတယ်မေရယ်၊ လှပါတယ် မေလေး
ရယ်၊ တယ့်နယ်တယ် ဗျူနယ်၊ တယ့်နယ်တယ်
ဗျူတယ့်နယ်'

မောင်ပိုက်သည် သီချင်းတအေးအေးဖြင့် မြူးကြွနေ၏။ ကိုဘကောင်း မဂ္ဂဇင်းတိုက်သို့ သွားသဖြင့် တစ်အိမ် လုံး သူ တစ်ယောက်တည်း ဖြစ်နေကာ အားရပါးရ သီချင်းဟစ်သည်။

ကြက်မွေးတစ်ချောင်းဖြင့်နံရံမှပင့်ကူမျှင်များကိုလည်း ကျင်းနေ၏။ ဓာတ်ပုံမှန်များကို သန့်စင်၏။ ဖရိုဖရဲဖြစ်နေသော စာအုပ်များကို သပ်သပ်ရပ်ရပ် ပြန်စီသည်။ ကိုဘ

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၏အိပ်ရာသည် အဝတ်စုတ်ပုံ တစ်ခု အလား ရှုပ်ထွေးနေ၏။

ခြင်ထောင်မှာ တဝက်တင် တဝက်ကျ စောင်သည် အိပ်ရာခြေရင်းဘက်တွင် လုံးထွေးနေသည်။ ခေါင်းအုံး တစ်လုံးမှာ နေရာမှန်တွင်ရှိ၍ တစ်လုံးမှာ ခုတင်အောက် ရောက်နေ၏။ ခြေတင်ခုလုံးကြီးသည် အိပ်ရာအလယ်တွင် ကန့်လန့်ဖြတ် စီမြန်းနေ၏။

'ဩော်– ဆရာ....ဆရာ... ဖရိုဖရဲ ဘိုသီဘတ်သီနဲ့ ဘယ်တော့များမှ စည်းကမ်းကျပါ့မလဲနော်'

မောင်ပိုက်က ညည်းညည်းညူညူပြောရင်း ခြင်ထောင်ပင့်ဝင်သည်။ စောင်ကို အခေါက်ညီညီခေါက်ကာ အိပ်ရာခြေရင်းတွင် သပ်သပ်ရပ်ရပ် ပြန်ထားပေးသည်။ တွန့်ကြေနေသော အိပ်ရာခင်းကို ဆွဲဆန့် ပြန့်ပေး၏။ ခြေတင်ခုလုံးကြီးကို ဘေးသို့ပို့ရင်း ...

'သွားစမ်း....နင်ရှိတာနဲ့ ဆရာကျိန်းကြေနေတာ'

မဆီမဆိုင် ခုလုံးကြီးကို ကြိမ်းမောင်းလိုက်သည်။

ကိုဘကောင်း၏ ဆေးတံကြီးသည် စားပွဲပေါ်တွင် တုံးလုံးပက်လက်အနားယူနေသည်။ သခင် မေ့ကျန်ထားခဲ့သဖြင့်ဆေးတံကြီးသည် ဖွတ်လိုလည်းမမြည်၊ ရှူလို့လည်း အသံမပြုသာဘဲ အေးဆေးတိတ်ဆိတ်နေသည်။ ဆေးပြာများသည် စာပွဲမျက်နှာပြင်ပေါ်တွင်၊ ဟိုတစ်စ၊ သည်တစ်စ ညစ်ပတ်လျှက် ရှိလေသည်။



မောင်ပိုက်သည် ဆေးတံကြီးကိုဖယ်၍ စားပွဲကို သုန့်ရှင်း၏။ ထို့နောက် ကိုဘကောင်း ထားသည့်အတိုင်း ဆေးတံကို ပြန်ထားသည်။ စားပွဲအောက်တွင် လုံးခြေချထားသော စာရွက်လုံးများကို တွေ့ရသည်။ မောင်ပိုက်သည် ထွေးခံသဲသို့ ပစ်ချမည်ပြုပြီးမှ စာရွက်လုံးတစ်ခုကို ဖြန့်ဖတ်ကြည့်၏။

'ဆရာမတဲ့၊ ဆရာလုပ်ချင်လိုက်တာ လွန်ပါရော၊ ငါ့ကိုများ သူ့တပည့် ကျောင်းသားကလေးများ မှတ်နေသလား'

မောင်ပိုက် မျက်လုံးပြူးသွား၏။ ကိုဘကောင်းသည်လောက် ဒေါသလိမ့်မည်ဟု အစက သူမထင်မိပေ။ နောက်စာရွက်တစ်လုံးကို ဖြေဖတ်ကြည့်ပြန်၏။

'မိန်းမဟူသည် ဗြဟ္မစရိယသိက္ခာပုဒ်၏ အညစ်အကြေး ဖြစ်သည်။ ဝေဿန္တရာ ဇာတ်တော်ကြီးမှာ ဆိုထားတာ မှန်လိမ့်မယ်၊ ခင်မြင့်မြတ်ဟာ အညစ်အကြေး'

မောင်ပိုက်၏ ရင်သည် ဖိုလိုက် ဖိုလိုက် ဖြစ်လာ၏။ သူသည် စာရွက်တစ်လုံးကို ဖြန့်ပြန်လေသည်။

'စည်းကမ်းဆိုတာ လူ့ရဲ့တန်ဖိုးတဲ့ ပြောပါခင်ဗျာ၊ ကျွန်တော် မသိလို့ အလကား ဟာမဖွတ်ကျားမ၊ မလှလဲမသွာဘဲနဲ့ မျက်မှန်ကြီး တပ်ထားတယ်'

www.burmeseclassic.com



မောင်ပိုက်လန့်၍ ထခုန်တိုက်၏။ ထို့နောက် ဘာ သဘောကျသည်မသိပြုံးသည်။ စာရွက်ကလေးသုံးရွက်ကို အိတ်ထဲသို့ အမှတ်တရ ထည့်လေ၏။

'မေထက်ဝတယ် ဤကမ္ဘာဝယ် ပြောလာရင် လဲကွယ်...အဲဒီလူဟာ ထူးထူးခြားခြား....ဆင်ကြီး ဖြစ်လိမ့်မယ်....တယ်နယ် တူနယ်'

မောင်ပိုက် ဘုရားခန်းသို့ ရောက်လာ ပြန် သည်။ သောင့်ရေအိုးနှစ်လုံးကို အောက်သို့ချ၏။ သောက်တော် ရေခွက်များကို ဘေးသို့ဖယ်၏။ ဘုရားပုံတော်ကားကို အဝတ်စဖြင့် ပွတ်တိုက် သန့်စင်၏။

'အရှင်ဘုရား၊ ဆရာကိုဘကောင်း မြန်မြန်စွ ပါစေ ဘုရား'

ဦးသုံးကြိမ်ချကာ ဆုတောင်းသည်။ ဘုရားစင်ရှေ့တွင် တန်းလန်းဆွဲထားသော ကြေးစည်ကလေးကို ထုနှက်သည်။ တီဝေဝေ အသံများ စည်သံသွားလေ၏။ အနုလိုဆိုတော့လည်း အိမ်ကြီးသည် ကြေးစည်းသံ တလွင်လွင်ဖြင့် သူတော်သူမြတ်တို့၏ နေရာအရပ်နှင့် တူသွား ပြန်လေသည်။

သို့သော် မောင်ပိုက်ကား မီးဖိုထဲအရောက်တွင် ဇွေ ဖောက်ပြန်လေသည်။ အိုးများသည် ဟိုတစ်လုံး သည် တစ်လုံး ပြန့်ကြဲနေ၏။ ထမင်းစိမျှားဖြင့် ပေညစ် မှုကြဲ



နေသောအိုး၊ဆီရေတဝင်းဝင်း ဖြစ်နေသောအိုး၊မည်းနေ သောအိုး၊ ပိန်နေသောအိုး၊ စားပြီးမဆေးဘဲ ပစ်ထား သော ပန်းကန်များသည် အထပ်လိုက်ဖြစ်နေ၏။ မနေ့ ညက ညစာစားပြီး သည်အတိုင်း ထိုးထားသောကြောင့် ဖြစ်သည်။

မောင်ပိုက်သည် အိုးများကို ရေစင်ဆီကို သယ်ထုတ် လာ၏။ အိုးများမှာ သူ့ခေါင်းထက်၊ ပိုမြင့်နေသည်။ လမ်းကိုမမြင်ရပေ။ ဆပ်ပြာတုံး အပဲ့တစ်ခုသည် မောင် ပိုက်ကို လာပါလှည့်ဟု ဖိတ်ခေါ်နေ၏။ မောင်ပိုက်၏ ခြေထောက် တစ်ဖက်သည် ဆပ်ပြာအပဲ့ပေါ်သို့ တည့် တည့် နင်းမိသွား၏။

'ရှော....အိုင်း....ဂလုံ....ဂလွမ်...ဂလွမ်.... အောင်မယ် လေးဗျ'

ကိုင်ရိုက်လိုက်သည့် အလား ပုံပျက် ပန်းပျက် လဲ၏။ အိုးတွေမှာ ဂလုံ ဂလွမ်မြည်၍ အောက်သို့ကျကုန်သည်။ မောင်ပိုက် 'အောင်မယ်လေးဗျ' အဖော်တွင် တစ်ဖက် အိမ်မှ တခစ်ခစ်ရယ်သံပေးလာသည်။

'ချော်လဲတာ....ရယ်စရာလား'

မောင်ပိုက်က ရှက်ရမ်းရမ်းလိုက်၏။ ရယ်သူတရားခံကို လှည့်ကြည့်သည်။ မယ်သော့ ဟုတ်၏။ မယ်သော့သည် ယောက်မကိုင်ကာ ပြတင်းပေါက်တွင် ရပ်နေ၍...

www.burmeseclassic.com

www.burmeseclassic.com



'မင်းက ရယ်တယ်ပေါ့လေ ဝမ်းသာလို့လား'

နောက်ဖေးဆောင်ချင်းမှာ မလှမ်းမကမ်းဖြစ်သည်။ မောင်ပိုက်က မယ်သော့ကို လှမ်းမေးသည်။

'တော်လဲပုံကြီးက ရယ်စရာကိုးတော့၊ မင်းသားက အပြီး ဟန်နဲ့ ပန်နဲ့ ထိုင်ချလိုက်သလိုပဲ'

မယ်သော့က မောင်ပိုက်၏ ချော်လဲဟန်ကို သရုပ်ပေါ်အောင် ပြောသည်။ မောင်ပိုက်က ဒန်အိုးပုံးတစ်ခုဖြင့် ကောက်ရွယ်၍....

'တယ်လေ ဒန်အိုးဖုံး စကြာလွှတ်လိုက်ရ လည်ပင်းပြတ်သွားရော့မယ်'

မယ်သော့ ယောင်၍ ခေါင်းငုံ့လိုက်၏။ ပြီးနောက် ချက်ချင်း ပြန်ဖော်၍....

'လွှတ်ဝံ့လွှတ်ကြည့်ပါလား၊ ဒီကလဲ ယောက်မ စကြာရှိတာပဲ'

ယောက်မကို ထောင်ပြသည်။

'ယောက်မနဲ့ ပစ်လိုက်လို့ နဖူးစပ်တို့ခွပ်ခနဲ မှန်ပြန်ရော့မယ်'



မယ်သော့က လက်ရွယ်၍။ မောင်ပိုက် အရေးမစိုက်သလို ရင်ကော့လိုက်သည်။

'ပစ်လိုက်စမ်း သေရဲတာ မောင်ပိုက်၊ တိုက်ရဲတာ ဟီးနိုး'

မယ်သော့ မျက်စောင်းသိုးကာ ပြန်လှည့် ဝင်သွားသည်။

မောင်ပိုက် မျော်လာသည်။ အိုးများကို လိုက်ကောက်ကာ ရေစင်ပေါ် တင်သည်။ အိုးတိုက်ဖို့ပြာတစ်ဆုပ်ဖြင့် အိုးတစ်လုံးကို စတင် တိုက်၏။ အိုးတိုက်ရင်းမှ မယ်သော့ ရှိရာသို့ ကွက်ကြည့် ကွက်ကြည့်လုပ်သည်။

မယ်သော့သည် ရိပ်ခနဲ ဖြတ်လျှောက်သွားပြီး ပြတင်းပေါက် ထောင့်တစ်ဖက်သို့ ဝင်ရောက် ပျောက်ကွယ်သွား၏။

'ချစ်ရှိလားလို့ ခဏ ခဏ မေးတာ မောင့်ကိုမင် ဒေါင်....ဒေါင်....ဂွမ်'

'မျက်မှာန်ပွားလို့ .... နှုတ်ခမ်းစူလာရင် ....
ဂလွမ်....ဂလွမ်....ဂွမ်'

www.burmeseclassic.com

www.burmeseclassic.com



အိုးတိုက်လိုက်၊ အိုးနှင့် ရေစင်ပျဉ်ပြားကို တီးလိုက် မောင်ပိုက် အူမြူးနေသည်။ မယ်သော့ ထွက်ကြည့်လို ကြည့်ငြား အသံပေးနေခြင်း ဖြစ်သည်။

'ချစ်ရှဲလွားလို့ ခဏခဏ မေးတာ ပိုက်ကိုပင် ဂွမ်…ဂွမ် ဂွမ်'

'မျက်မာန်ပွားလို့ နှုတ်ခမ်းစူလာရင်…ဂလုံ…ဂလု'

မောင်ပိုက် သူ့တေးနှင့် သူမြူးနေစဉ် ဘဲဥတစ်လုံးသည် အရှိန်အဟုန် ပြင်းစွာ ပြေးဝင်လာသည်။ မောင်ပိုက်နဖူးကို ဖွပ်ခနဲ လာထိသည်။ ဘဲဥအနှစ်များ မျက်နှာပေါ်သို့ စီးကျလာသည်။

'ချစ်…ဟစ်…ဟစ် ရှဲ…လား…လို့…ဟာ…ဘဲဥပုတ်နဲ့ ပစ်တယ်ဟ၊ ငါ့များသမ္မတနစ်ဆင်မှတ် နေသလား မသိဘူး၊ ထွီ နံလိုက်တာ'

မောင်ပိုက်က ဘဲဥနှစ်များကို သပ်ချသည်။ ခုမှပိုဆိုး၏။ မစင်သည့် အပြင် လက်မှ အိုးတိုက်ဖွဲပြာများပေကုန်သည်။ မောင်ပိုက်သည် သရဲကလေး မောင်ပိုက်အဖြစ်သို့ အချိန် အနည်းငယ်အတွင်း ပြောင်းလဲသွားလေ၏။

'ကောင်းတယ်—ကောင်းတယ်—ဟား—ဟား—ဟား—ဟား'

မယ်သော့ ပြတင်းမှ ပေါ်လာသည်။ သူ့လက်ထဲတွင် ဘဲဥတစ်လုံး ကိုင်ထားသည်။



'ဘာကောင်းတယ်လဲ ဒီမှာပေကုန်ပြီ'

မောင်ပိုက်က သူ့မျက်နှာကို လက်ညှိုးထိုးပြသည်။

'တော် ဘာဖြစ်လို့ သီချင်းဆိုသလဲ'

မယ်သော့မျက်နှာ ပြုံးစိစိ။

'ပါးစပ်ရှိလို့ ဆိုတာပေါ့'

မောင်ပိုက်၏ ဒေါပွသော အသံ။

'ရိုးရိုးဆိုပါလားတော့ သီချင်းက ဘာလိုလိုကြီး' မယ်သော့ မျက်နှာကို တမင်တည်ပစ်သည်။

'အီးမှန်တဲ့ ပုံစံ လုပ်မထားနဲ့ မလှဘူး'

မောင်ပိုက်က ပြန်တွယ်သည်။ မယ်သော့၏ မျက်နှာ ရယ်ချင်စိတ်ကို အတင်းဖိနှိပ်ထားရကြောင်း သိသာသည်။ နှုတ်ခမ်းကို ကိုက်ထား၏။ သွားကို စိထား၏။ မောင်ပိုက်လည်း ရယ်ချင်ချင်ဖြစ်လာသည်။

'မယ်သော့'

'ဘာတုန်း'

မောင်ပိုက်မှာ ဘာဆက်ပြောရမှန်းမသိ။ ကြောင်သွားပြီးမှ…

'အစ်ကိုပိုက်လို့ ခေါ်စမ်းပါ၊ ဘာတုန်း ဆိုတာ နားဝင် မချိုဘူး'

မောင်ပိုက် အသံပျော့ပျောင်းသွားသည်။

'ခေါ်နိုင်ပေါင်တော် ကျုပ် အစ်ကိုမှ မဟုတ်တဲ'

www.burmeseclassic.com

www.burmeseclassic.com



မောင်ပိုက်ချာလည်လည်သွား၏။ သို့သော်လည်း ပြုံးလိုက်သည်။ ဖွဲပြာများ ပေကျံနေသော မျက်နှာမှာ သရဲနှင့် ပိုတူသွား၏။

'အစ်ကို မဟုတ်ပေမယ့် ဒီလိုပဲ ခေါ်ရတယ်၊ ခေတ်မီသူတိုင်း အစ်ကိုလို့ ခေါ်ကြတယ်၊ နင် ခေတ်မမီချင်ဘူးလား'

'မီချင်ပေါင်တော် — ကျုပ် နားမလည်ဘူး'

မောင်ပိုက်ဆံပင် ကြွားသို့ လက်သွင်း၍ 'ကဲဟယ် — ကဲဟယ်'တဲ့ ကုတ်ဖွပ်စ်လိုက်သည်။ 'တောက် တုံးလဲတုံးတဲ့ မယ်သော့၊ ရေလာမှ အောင်မြောင်း ဖောက်ပေးလို့ လဲ စီးမဝင်တတ်ပါလား' မောင်ပိုက်သည် သီချင်းဆိုခြင်း အမှုကို ထပ်မံပြုလုပ်ရန် —

'တယ့်နယ်တယ် — တူနယ်၊ တယ့်နယ်တယ် — တူတီးနယ်'

အတောကို ပါးစပ်ဆိုင်းတီး၏။

'ဘာ တယ့်နယ်တယ်လဲတော့ ကျုပ်ကို လှောင်တာလား'

မယ်သော့က မဆီမဆိုင် လက်ပန်သွားခွားဖြင့် ချိုင်၏။

မောင်ပိုက်က လက်ဝါးနှစ်ဖက် ခါပြ၍ ပခုံးကိုတွန့်လိုက်သည်။



'စိတ်ကုန်ပါပြီဗျာ၊ လွတ်လပ်တဲ့ မြန်မာနိုင်ငံမှာ သီချင်းဆိုဖို့ အတောခံတဲ့ဟာကို သူ့ဆီ လိုင်စင်ယူရမယ့် အတိုင်းပဲ'

ဒန်အိုးတစ်လုံးကို ကောက်ကိုင်ကာ....

'လှပါတယ် မေငယ် — လှပါတယ် မေလေးရယ်....ဂွမ် ဂွမ် .. ဂလုံ....ဂလုံ.. ဂွမ်'

အိုးဖင်ကို တီး၍ သီးချင်းဆိုပြန်၏။ မယ်သော့လည်း ဘဲဥဖြင့် လှမ်းတွယ်ပြန်သည်။ အိုပင် – အိုက်ဆိုးလှလေး၊ သနားစရာ မောင်ပိုက်ကလေး၊ ဘဲဥသည် မောင်ပိုက် ရင်ဘတ်သို့ ဒါရိုက်ဟစ်လာမှန်၏။ အင်္ကျီတွင် ပေကျံသွားသည်။

'ပန်းများကို တံတားခင်း၍ ချစ်ခြင်းနဲ့ အပြိုင် ဂလွမ် — ဂလွမ် — ဂုံ'

'ကိုင်း....တံတားခင်းအနှိုး'

ခရမ်းချဉ်သီးတစ်လုံး လာမှန်၏။ မောင်ပိုက် တေးဆို မပျက်။

'နှစ်ကိုယ်တူ သက်ချင်းဆက်လို့ လက်ချင်း ယှက်ကာရယ်....ဘဝခရီးလမ်းမများဝယ်....တူတီး နယ်၊ ဂွမ်....ဂလုံ'

'ချော့....လက်ချင်းယှက်တဲ့အတွက်'

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းဆင်စွယ်သီး တစ်လုံး နွားထင်စပ်သို့ ဘတ်ခနဲ လာမိတ်ဆက်၏။ မောင်ပိုက် တေးဆိုမပျက်။

'စိတ်တူကိုယ်တူ အနုပညာမြတ်နိုးကြတာညီ—ဒီ...'

'မြတ်နိုးဦးတော့'

အာလူး အလုံးကြီး တစ်လုံး ငယ်ထိပ်ကို ဘုတ်ခနဲ လာထိ၏။ မောင်ပိုက် တေးဆိုမရပ်။

'တကယ်ချစ်ရင် ဂုဏ်မနေ မစုံကြသော်လဲ...
ပေါင်းကြရတဲ့ ပေါင်းချောင်တွေ ရှိပါတယ်...
ဟုတ်တယ် မဟုတ်သား မယ်သော့ရယ် ဒေါင်...
ဂလုံ...ဂွမ်'

'မဟုတ်ဘူး...မဟုတ်ဘူး'

မီးပြောင်းတစ် ခါးဆစ်ကို ဒုတ်ခနဲလာမှန်သည်။ ဤအချက်မှာ အတော်လေး အီစလံဝေ၏။

သို့သော်လည်း မာဒင်ထုံး နှလုံးမူထားသော မောင်ပိုက်မှာ ပစ်ပစေ၊ မသကာ သေရုံရှိတော့မပေ။ ယင်းသို့တွေးတောကာ ပေခံ၏။ သူ၏ တေးဆိုခြင်းကို မရပ်။

'လှပါတယ် မေရယ်...လှပါတယ် သော့လေးရယ်.. ဂွမ်၊ သော့ထက် လှတယ် ဤကမ္ဘာဝယ် ...
ပြောလာရင်လဲကွယ် ဂလုံ... ဂလုံ... အဲဒီသူဟာ
ထူးထူးခြားခြား မျောက်သက် ဖြစ်လိမ့်မယ် ...
ဒုံ–ဒုံ–ဂွမ်...'



ငံပြာရည်ပုလင်းတစ်လုံး ဂျက်လေယာဉ်၏မြန်နှုန်းဖြင့် ဝီဝီအော်ကာ ပြေးလာ၏။ သူမကိုမျောက်လက်ဟုစသဖြင့် မယ်သော့ ဒေါကန်သွားသည်။

မောင်ပိုက်သည် ပုလင်းပျံကို ရှောင်ရှားရန် နောက်သို့ ခုန်ဆုတ်လိုက်သည်။

ဤကား ကံဆိုးခြင်းပေတည်း။

ဆွေးနေသော တန်းတစ်ခုကို နင်းမိကာ ရွှံဗွက်ထဲသို့ ကျွမ်းစိုက်ကျသွားလေ၏။

ငံပြာရည်ပုလင်းသည် ဒန်အိုးတစ်လုံးကို မှန်ပြီး ဂွမ်းခနဲ ကွဲသွားသည်။

ဒန်အိုးသည် လေဟုန်စီး၍ ဝဲပျံကာ ဗွက်ထဲတွင် ငုတ်တုတ် ဖြစ်နေသော မောင်ပိုက်၏ ဦးခေါင်း ရတနာမြတ်အင်္ဂါထက်သို့ တည့်တည့် စွပ်မိသွားလေသည်။

'ဟား...ဟာဟ .. ဟား...ဝမ်းသာတယ် .. ဝမ်းသာတယ်'

မယ်သော့မှာ မောင်ပိုက်ဖြစ်ပုံကို ကြည့်၍ ခုန်ဆွခုန်ဆွ လုပ်၏။

အဘိုးကြီး နောက်မှာ ရောက်လာသည်ကိုသတိမထားမိပေ။

'ဟဲ့...မယ်သော့... ဘာ ထခုန်နေတာလဲ၊ စမ, မြူးသလား အင်းကန်သလား'

www.burmeseclassic.com

www.burmeseclassic.com



မယ်သော့ အခုန်ရပ်သွားသည်။ အဘိုးကြီးကိုမြင်သော အခါ ကြောက်လန့်တကြားဖြင့် ...

'ဘဘကြီး ဟိုမှာ—ဟိုမှာ'

မောင်ပိုက်ကို လက်ညှိုးထိုးပြသည်။ အဘိုးကြီးသည် သိမ့်မဲ့သော မျက်လုံးများဖြင့် လှမ်းကြည့်ကာ...

'ဟန်တာပဲမယ်သော့၊ သံခမောက်ဆောင်း လူစွမ်း ကောင်း လေးယောက် ပေါ်လတ္တံ့ တဲ့၊ သိုက်စာအဆို မှန်နေပြီ၊ ဒါဟာ လူစွမ်းကောင်းတစ်ယောက်ပဲ၊ နောက် သုံးယောက် ပေါ်ဖို့ ကျန်သေးတယ်'

ဒန်အိုးခေါင်းစွပ်နေသော မောင်ပိုက်ကို သံခမောက် ဆောင်း လူစွမ်းကောင်းအမှတ်ဖြင့် ပြော၏။ မယ်သော့ က....

'မဟုတ်ဘူး ဘဘကြီး၊ ဒါ ပိုက်-ပိုက်'

မောင်ပိုက်ဟုပြောသော်လည်း၊ ဘူးရုံးနှာမလေးဖြင့် ပိုက်-ပိုက် ဟု ဖြစ်သွား၏။ အဘိုးကြီးက တစ်မျိုး ကြား သည်။

'မအေး—ဟုတ်တယ်၊ ပိုက်စွန်နံ၊ ဘိုးဘိုးကြီးက လွှတ် လိုက်တာပဲ၊ ပိုက်စွန်နံ ဘိုးဘိုးကြီးဆိုတာ ဝိဇ္ဇာရှစ်သောင်း ထဲမှာ ပါတယ်တဲ့၊ နင်တာသိသလဲ'



မောင်ပိုက်သည် မဟန်တော့မှန်းသိ၍ အိမ်ခေါင်းရင်း ဘက်သို့ သုတ်ခြေတင်လေ၏။ အဘိုးကြီးသည်နောက်တစ် ကြိမ် ပြန်အကြည့်တွင် မောင်ပိုက်ကို မတွေ့ရတော့သဖြင့်—

'ဟောဗျ—လူစွမ်းကောင်းဟာ ရှိမ်းဆာယာ ပိုမောက် ပြီး ကိုယ်ဖျောက်သွားပြီ'

ပါးစပ်ဟောင်းလောင်း ပွင့်လျက် တအံ့တသြ ပြော လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

ဒီဇင်ဘာလဖြစ်၍ ဆီးနှင်းများ တစ်ဖွဲဖွဲကျနေသည်။ လသည် ကောင်းကင်ပြာကြီးထဲဝယ် မှုန်မှိုင်းမှိုင်း သာနေ၏။ နှင်းမြူများ ပိတ်ဆိုင်းနေသဖြင့် လမင်းကြီးမှာ အအေးမိသလိုဖြစ်နေလေသည်။

ခင်မြင့်မြတ်သည် ခုတင်စောင်းတွင်ထိုင်ကာ ကြောင်ကလေးကိုပွေ့ထား၏။ ကြောင်မှာ ကြောင်မကလေးဖြစ်သည်။ ပြတင်းပေါက် ဖွင့်ထားသောကြောင့် တစ်ဖက်အိမ်ကို အတိုင်းသားမြင်နေရသည်။ တစ်ဖက်အိမ်မှ ပြတင်းပေါက်သည် ပိတ်လျက်ရှိလေသည်။

ခုတင် ခေါင်းရင်းတွင် စားပွဲတစ်လုံးရှိ၍ စားပွဲပေါ်
4 တွင် စာမေးပွဲ အဖြေလွှာများ အထပ်လိုက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ခင်မြင့်မြတ်သည် များစွာ နူးညံ့နေသည်။ ကျောင်းဆရာမကြီး ဒေါ်ခင်မြင့်မြတ်ဟူသော မျက်နှာဖုံးသည် ကျွတ်ကျွာကျနေ၏။ မျက်နှာထားမတင်း။ မျက်မှောင်မကုတ်။ ၎င်းပြင် မျက်မှန်ကိုလည်း ချွတ်ထား သဖြင့် နုပျိုလာသလို ထင်မှတ်ရလေသည်။

'ပူစီ ဟိုလည် ဒီလည်မလည်နဲ့နေဉ်၊ ညဘက် အပြင်မထွက်နဲ့၊ ဒီမှေ့ရာပေါ်မှာအိပ်၊ ဟုတ်လား'

ကြောင်မလေးကို ပွတ်သပ်ကာ ယုယ ညင်သာစွာ ပြော၏။

'နင်- လျှောက်လည်ရင် ကြောင်ထီးတွေနဲ့ တွေ့လိမ့်မယ်၊ အထီးဆိုတာ နည်းနည်းမှကောင်းတာမဟုတ်ဘူး၊ နားလည်လား၊ ကြောင်လဲအတူတူပဲ၊ လူလဲ အတူတူပဲ၊ အထီးတွေဟာ အင်မတန် မှုန်းစရာကောင်းတယ်၊ သူတို့နဲ့ မပတ်သက်နဲ့ မဒရာယှက်နဲ့၊ ကိုယ့်ဟာကိုယ်နေ၊ အောက်မဆင်းနဲ့နေဉ်၊ အိပ်–အိပ်'

ကြောင်ကို ချော့သိပ်ကာ စောင် ပေါ် သို့ ချ လိုက်သည်။ ကြောင်မကလေးသည် ပုံ့ပုံ့ ကလေးအိပ်နေ၏။ ခင်မြင့်မြတ်ကခြင်ထောင်ကို ချပေးလိုက်သည်။—

ခင်မြင့်မြတ်သည် အဖြေလွှာများကို စစ် လေ သည်။ သူမ၏မျက်မှောင်သည် ကုတ်လာပြန်၏။ မျက်နှာမှာရှုံ့သိုးသိုးပြန်ဖြစ်လာသည်။ အဖြေလွှာတစ်ခုကို သဲသဲမဲမဲ ဖတ်ကာ... ။



'လက်ရေးကလဲ ကြောင်ခြစ်တာကျနေတာပဲ၊ သတ်ပုံမှားလိုက်တာလဲလွန်ပါရော၊ မမှားအပ်တဲ့ ကကြီးယပင့်ကျနှင့်၊ ကကြီးရရစ်ကြတောင် မှန်အောင် မသုံးတတ်သေးဘူး၊ ဒီကောင်လေးတွေ ခက်သေးပါတယ်၊ မက်ထရစ်ပဲရောက်နေပြီ၊ ခုထက်ထိ မြန်မာစာ ညံ့တုန်း၊ ဟယ်... ယောကျ်ားလေးဆိုတာ ဒီလိုချည့်ပါပဲလေ၊ ငယ်ငယ်ကတည်းကညံ့ဖျင်း၊ ယောကျ်ားလေးက ယောကျ်ားကြီးဖြစ်လာ၊ ဆက်ညံ့ဖျင်း၊ ယောကျ်ားတွေဟာ အသုံး မကျဘူး'

အပြီးသတ်ကျတော့ ယောကျ်ားများကို ဝါးလုံးရှည်ဖြင့် ယမ်းခြင်း၊ ဘူဘာသိုပင် ခင်မြတ်မြတ်၏ အတွေးအခေါ် ရထားမှာပင် ဝင်ဆိုက်သွားရပေသည်။

ခြံထဲမှ ကြောင်အော်သံများ ပေါ်လာ၏။ တစ်သံတည်း မဟုတ်။ ကြောင်နှစ်ကောင် အချီအချ အပြန်အလှန် အော်နေကြသ၍။ ခင်မြင့်မြတ် ဖောင်တိန်ကို ပစ်ချပြီး ခြင်ထောင်ကို ပြေးမကြည့်သည်။ ကြောင်မလေး မရှိ။ သူအိပ်သွားသောနေရာ၌ ခွက်ခွက်ကလေး ချိုင့်ကျန်ခဲ့သည်။

'ဟဲ ...ပူစီမ ပြန်လာခဲ့၊ မြီ မြီ...မြီ'

ခြံထဲတွင် လရောင်ဖြင့် ဝိုးတဝါး လင်းနေသည်။ ကြောင်အော်သံသာ ကြားရ၏။ ကြောင်ကို မမြင်ရပေ။ ခင်မြင့်မြတ်သည် အသံကြားရာ ခြံထောင့်သို့ ရှေးမှန်းခေါ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



“မြန်လာခဲ့ဆို မြန်မြန်လာလေ၊ မြီ....မြီ”

ခင်မြင့်မြတ် အသံက တိုးတိုးတိမ်တိမ်သာ ဖြစ်သည်။ ကြောင်အော်သံက သူ့အသံထက် ပိုကျယ်၏။

‘လာခဲ့....လာခဲ့ လိမ္မာတဲ့ကြောင်ကလေး မမန္တားနို့တိုက်မယ်၊ မြီ....မြီ... မြီ’

‘ညောင် ဝေါင်....ဝေါင်’

‘ဝေါင်း ဟောင်း ဟောင်း’

‘ပူစီက လိမ္မာပါတယ်၊ မမ ငါးကြော် ကျွေးမယ် လာ လာ’

‘ညောင် ဝေါင် ဝေါင်’

‘ခွီး....ခွီး....ခွီး’

ခင်မြင့်မြတ်နှင့် ကြောင်များ အပြိုင်အဆိုင်ကြဲနေရာမှ တခွီးခွီးဖြင့် ကြောင်ချင်း ကိုက်သံ ပေါ်လာသည်။ ခင်မြင့်မြတ်သည် ရင်ကို လက်နှင့်ဖိကာ ဖြူးဖြူးပျာပျာ ဖြစ်သွားလေသည်။

‘အမယ်လေးတော်....ကျုပ် ပူစီမသေပါပြီ၊ ဘယ် မီးမသိုးမ ဖမဆိုးမ ကြောင်များ လာကိုက်နေပါလိမ့်၊ ဟဲ့ မယ်သော့....ဟဲ့ မယ်သော့ မြန်မြန်လာ’

မယ်သော့ အိပ်မှုန်စုံမွှား ဘိုသီဘတ်သီဖြင့် ရောက်လာသည်။



‘ဘာလဲ မမ....ဘာဖြစ်လို့လဲ’

ကြောင်အော်သံများ ခေတ္တငြိမ်သွားသည်။ မယ်သော့ နားမလည်၍ မေးသည်။

‘ဘာဖြစ်ရမှာလဲ...ပူစီပေါ့ ပူစီ၊ ဒီကောင်မ သိပ်မိုက်တယ်၊ အထီးတွေနဲ့ ကင်းကင်းနေပါလို့ ခုနလေးတင် ငါဆုံးမထားတာ’

ထိုစဉ် ‘ညောင်ဝေါင်ဝေါင်’ အော်သံနှင့် ‘တခွီးခွီး’ ကိုက်သံများ ပေါ်လာ၍—

‘သေပါပြီတော်....’

ခင်မြင့်မြတ် ထခုန်သည်။

‘သေပါပြီတော်’

မယ်သော့လည်း ထခုန်သည်။ မယ်သော့သည် တစ်ခါ တစ်ရံတွင် ဤသို့ယောင်တတ်လေသည်။

‘နင် ဘာဖြစ်လို့ အော်တာလဲ’

‘မမအော်သံကြားလို့ လိုက်အော်တာ’

ခင်မြင့်မြတ်သည် အိမ်ပေါ်မှ ပြေးဆင်းသွား၏။ မယ်သော့က နောက်ကလိုက်သွားသည်။ ကြောင်အော်သံများ တိတ်သွားပြန်သည်။

‘အော်တာ ဒီဘက်ထောင့်က’

တစ်ဖက်ခြံ၏ အစပ်နားသို့ ရောက်လာကြသည်။ ခင်မြင့်မြတ်သည် မြွေမကြောက်၊ ကင်းမကြောက် ချုံများ

www.burmeseclassic.com

www.burmeseclassic.com



ကြာသို့ တိုးဝှေ့ဝင်၏။ မယ်သော့က နောက်ကလိုက်နေရသော်လည်း တထိတ်ထိတ် ဖြစ်နေသည်။ မြွေကိုက်လိုက်မလား၊ ကင်းထိုးလိုက်မလား၊ ကျွတ်ပဲတွယ်လိုက်မလား။

'ပြေးကြပြီထင်ပါတယ် မမရယ်… ပြန်ကြပါစို့'

ကြောင်မတွေ့မချင်း လိုက်ရှာနေမည်စိုး၍ မယ်သော့က ဖျောင်းဖျ၏။ ခင်မြင့်မြတ်မှာ ချုံတစ်ခုထဲသို့ ငုံ့ကြည့်နေရာက–

'နင်ဘာသိသလဲ၊ တို့လိုက်လာမှန်းသိလို့ သူတို့ ငြိမ်နေကြတာ၊ ဒီနားတင်ရှိရမယ်၊ ပူစီမ ထွက်ခဲ့….ထွက်ခဲ့၊ မြီ…မြီ…မြီ'

မယ်သော့ ခေါင်းကုတ်သည်။

'မယ်သော့ ကူခေါ်စမ်း၊ အချိန်နဲ့ ပြန်မရောက်ရင်ခက်တယ်'

မယ်သော့လည်း 'တမြီ–မြီ'လုပ်ရပြန်သည်။ ပူစီမကို ရှာမတွေ့ပေ။

ဟိုနေရာတွင် ရှိမည်ထင်လိုက်၊ ရှေ့တိုးလိုက်၊ သည်ချုံအေားဒွတ္တမည်ထင်လိုက်၊ ရှေ့တိုးလိုက်ဖြင့် တဖြည်းဖြည်း ကိုဘကောင်းတို့ ခြံစည်းရိုးအေားသို့ ရောက်သွားကြလေ၏။

'မမ…ဟိုဘက်ခြံထဲ ဝင်တော့မယ်'



မယ်သော့သတိပေးမှ ခင်မြင့်မြတ် ကိုယ်ရှိန်သတ်သွားသည်။ ကြောင်စိတ်မှန်၍ ကြောင်ဇော ကပ်နေသောကြောင့် ခင်မြင့်မြတ် တစ်ဖက်ခြံသို့ ဝင်ရန်ပင် ကြံလိုက်မိသေး၏။ သို့သော် ကိုဘကောင်း၏ မျက်နှာကို ကွက်ခနဲ မြင်မိ၍ ပါးစပ်မဲ့လိုက်သည်။

'ပူစီမ….လာ….လာ….မြီ….မြီ….မြီ'

ရှိလိုရှိငြား ကိုဘကောင်းတို့ ခြံဘက်သို့ လှမ်းခေါ်သည်။ လာလိုလာငြား တအောင့် ရပ်စောင့်သည်။ ကြောင်မကား အသံလည်း မတုံ့ပြန်၊ အကောင်လည်း ထွက်မလာပေ။

ခင်မြင့်မြတ်သည် ဘဲဒိီး–ဆောဒီး ငပျောသီးဖြစ်၍ အိမ်ဘက်သို့ ပြန်လှည့်ခဲ့ရ‌လေ၏။ မယ်သော့လည်း သွားတော်မူရာ နောက်တော်ပါးက တင်ဖဝါးမှ မခွာရသော လက်စွဲတော်တို့ ထုံးစံအတိုင်း နောက်မှ လိုက်ခဲ့ရလေ၏။

'ပူစီမဟာ အင်မတန်မိုက်တာပဲ မယ်သော့'

ခင်မြင့်မြတ်က အိမ်ဘက်ပြန်လျှောက်လာရင်း ပြောသည်။

'ငါ့လောက်ကျွေးတာ ငါပဲရှိတယ်၊ နွားနို့ချိန်ဘာန်နွားနို့၊ ဘီကေင်ချိန်ဆို ဘီကေစ်၊ အစာကျွေးရင်လဲ နေ့တိုင်း အသားငါးနဲ့ကျွေးတယ်၊ အိပ်တော့ ငါ့ခုတင်ပေါ်မှာ အိပ်ခိုင်းတယ်၊ ဒီလောက် ကောင်းတဲ့သခင်မျိုး

www.burmeseclassic.com

www.burmeseclassic.com



‘ရှာကြည့်ပါဦး၊ တခြားအိမ်ဆို သူ့ ဒီလိုကျေးမလား၊ သူ့အပေါ် ဒီလိုကောင်းမလား’

မယ်သော့က ဘာမှ ပြန်မပြော၊ ခင်မြင့်မြတ်စကား များကို မကြားတချက် ကြားတချက် ဖြစ်နေသည်။ ညဉ့်နက်လာပြီဖြစ်၍ သူကအိပ်ချင်နေ၏။

‘ဒီနားမှာ ကြောင်ထီးဘော့ရှိတယ်၊ ညဘက်မယွက်နဲ့လို ခဏ ခဏ မှာထားတယ်၊ ခုနလေးတင် အထီးတွေ မကောင်းကြောင်း ပြောပြတယ်၊ ပြောပြီး ဘာကြာသလဲ ဆင်း ထွက်သွားတယ်၊ နည်းနည်းမှ နားကန်မနာဘူး၊ အမှတ်သည်းခြေမရှိဘူး၊ ပြန်လာမှ ရိုက်ပစ်လိုက်ဦးမယ်’

ခင်မြင့်မြတ်က သစ်ကိုင်းခြောက်တစ်ခုကို ဖျောက်ကန်နဲ့ ချိုးလိုက်သည်။

‘အာဝေဏိကတရား ငါးပါး၊ ဘယ်လောက်လန့်စရာ ကောင်းသလဲ၊ ယောကျ်ားဖြစ်မှာ မခံစားရဘူး၊ တိုမိန်းမ တွေသာ ခံစားရတယ်၊ သဘာဝဟာ နည်းနည်းမှ မတရားဘူး မယ်သော့၊ မမပြောတာ သဘောပေါက်ရဲ့ လား’

မယ်သော့မှာ “ပေါက်ပါတယ် မမ” ဟု ရောကြိတ် လိုက်ရသော်လည်း အာဝေဏိက စကားလုံးကို မကြား ဖူးပေ။ ထို့ပြင် (သဘာဝ) ဆိုသော စကားလုံးကလည်း မယ်သော့အတွက် ကြီးထွားလွန်းနေသည်။



‘ကြည့်စမ်း....ပုစိဟာ ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ မွေးဖွားရခြင်း ဆင်းရဲတို့ကို ရင်ဆိုင်ရဦးတော့မယ်၊ ကိုယ် ဝန်ဆောင်ရတာ သားဖွားရတာဟာ အင်မတန် အသက် ဘေးနီးတဲ့အလုပ်၊ ကိုယ်ဝန်ဆောင်တွေဟာ တစ်နေ့ သုံးကြိမ် သင်္ချိုင်းကို မျက်စောင်းထိုးနေရသတဲ့’

မယ်သော့သည် ကြက်သီးထလာသဲဖြင့် ပခုံးတွန့်ပြီး ပြောလေသည်။

“ကျွန်မ ကြောက်လိုက်တာ မမရယ်”

ခင်မြင့်မြတ် သဘောကျသွား၏။

‘အေး....အဲသလို ကြောက်တတ်ရတယ်၊ ယောကျ်ား ဆိုတာ ကျားသတ္တဝါထက် ကြောက်စရာကောင်းတယ်၊ ပင်ကျိုထက် ရွံစရာကောင်းတယ်၊ ခွေးကောင်ထက် အသည်း ယားစရာ ကောင်းတယ်၊ ဖားပြုတ်ထက် အော့နှလုံး နာစရာ ကောင်းတယ်၊ ညည်းကြောက်တာ ယောကျ်ား မဟုတ်လား’

‘မဟုတ်ဘူး မမ၊ ကျွန်မ ကြောက်တာ သရဲ’

မယ်သော့ အဖြေမှာ မလိုရာသို့ ချိုးကွေ့သွားသည်။ ခင်မြင့်မြတ်မှာ တင်ကွင်းလုံး သဲဟ်လာသမျှ ဂိုးသွင်းတွင် ချော်သွားသော ဘောပလေးယားလို မောဟိုက်နွမ်းရိ သွားလေ၏။

‘ငါပြောတဲ့အထဲမှာ သရဲမပါပါလား မယ်သော့ရဲ့’

www.burmeseclassic.com

www.burmeseclassic.com



'သရဲတော့ မပါဘူးလေ၊ မမပြောတာမှာ သင်္ချိုင်းကုန်းပါတယ်၊ သင်္ချိုင်းကုန်းမှာ သရဲတွေ နေတယ်တဲ့၊ ကျွန်မ သရဲဆို အသေအလဲ ကြောက်တယ်'

'ဟယ်…တောက်တီး…တောက်တဲ့'

ခင်မြင့်မြတ်မှာ မယ်သော့ စကားကို လှမ်းပိတ်ရသော်လည်း ကြောထဲတွင် ဖြန်းခနဲ ဖြစ်သွားလေ၏။ အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ်နေ၏။ အောက်ထပ်ဆီမှ ဦးထီး အောင်၏ ဖောက်သံမှာ ဂရှူး…ဂရော။ ဂရှူး…ဂရော မှန်မှန် ထွက်ပေါ်နေသည်။

ခင်မြင့်မြတ်သည် မယ်သော့ကို အခန်းထဲ အတူ ခေါ်ခဲ့လေသည်။ မယ်သော့မှာ အိပ်ချင်လှပြီ။ ပိတ်လုလု မျက်ခွံများကို အနိုင်နိုင် ပင့်တင်နေရသည်။

'ယောကျ်ားတွေကို ဝေးဝေး ရှောင်နေရမယ်၊ သူတို့ကို သတိထား လူလိမ် လူညာ လူကောက်တွေ၊ လျှာအရိုးမရှိတိုင်း လိမ်တယ်၊ ကောက်တယ်၊ မိန်းမမြင်ရင် ငန်းချင်တယ်၊ မျက်နှာ စပ်ဖြဲဖြဲနဲ့ ပြုံးတတ်တယ်၊ ညာက်များ တတ်တယ်၊ နားလည်လား'

'ဟုတ်ကဲ့ မမ'

'မမ ဖတ်ဖူးတဲ့ စာအုပ်တွေထဲမှာ ယောကျ်ားတွေ အကြောင်းကို စုံစုံစိစိ ရေးထားတယ်၊ အခု…မမပြောခဲ့တာဟာ ယောကျ်ားတွေရဲ့ အညွန့်းပဲ ရှိသေးတယ်၊ အကုန်လုံး မဟုတ်သေးဘူး'



'ဟုတ်ကဲ့မမ…ဟုတ်'

မယ်သော့မှာ အိပ်ချင်စိတ်ကို အတင်း မောင်းထုတ်နေရသည်။ ခင်မြင့်မြတ်က မရိုးမိ၊ စားပွဲပေါ်မှ အဖြေလွှာများဆီသို့ ငေးစိုက်ကြည့်ကာ လက်ချာပေးနေသည်။ သူမ၏ စိတ်ထဲတွင် စာသင်နေရသလို့မှတ်ထင်လာသည်။ အိပ်ခန်းကို ကျောင်းခန်းဟု ထင်မှားလာသည်။

'ယောကျ်ားတွေဟာ မမတို့ မိန်းမတွေကို နှိပ်နှိပ်နယ်နယ် ဆိုချင်တယ်၊ အနိုင်ယူချင်တယ်၊ အသာရချင်တယ်၊ စကားပုံ ထီထွင်တဲ့ ပညာရှိတွေ ကိုယ်တိုင်ယောကျ်ားတွေဘက်က ဘက်လိုက်ထားတယ်၊ ကြည့်…ကြက်မ တွန်၍ မိုးမလင်း၊ ကြက်ဖတွန်မှ မိုးလင်းတယ်တဲ့၊ အဲဒီ ပညာရှိတွေကလဲ ယောကျ်ားတွေပဲဟဲ့ မယ်သော့ မမပြောတာ ကြားရဲ့လား'

'ဟုတ်…ဟုတ်'

မယ်သော့မှာ တစ်ဝက် တပျက် အိပ်ပျော်လျက် ရှိလေပြီ။ ခင်မြင့်မြတ် ကျေနပ်စေရန် ဟုတ်ကဲ့…ဟုတ်ကဲ့လုပ်နေရသော်လည်း ကဲ့ပြုတ်ကာ ဟုတ်…ဟုတ်ဟု မြည်နေလေသည်။

'တို့မိန်းမတွေ ရည်းစား တစ်ယောက်က နှစ်ယောက်ထားမိရင် မျက်နှာ မျိုးတယ်၊ မိန်းမကောင်း မှုရင် တစ်ပွင့်သာ ပန်ရတယ်၊ ဘာညာနဲ့ အပြစ် တင်တတ်ကြတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်'

'သူတို့ ယောကျ်ားတွေ မယား နှစ်ယောက် သုံးယောက်ယူတာကျတော့ (ယောကျ်ားကောင်း မောင်းမ တစ်ထောင်)တဲ့၊ တယ်တော်တဲ့အတောင်နှစ်ဆယ်ဝတ်တွေ ကိုယ့်ဘာသာကိုယ်ယက်တဲ့ လိပ်မျိုးတွေ'

'ဟုတ်—'

'ယောကျ်ားကသာ ဦး ဆောင် တယ်၊ ဘာ မ ဆို ယောကျ်ား ဆောင်ရွက်မှ ဆောင်မြင်မယ်ဆိုတဲ့ အစဉ်အလာကို မမတို့ ပြောင်းလဲပစ်ရမယ်၊ မိန်းမကလဲ ဦးဆောင် နိုင်ရမယ်ဟေ့၊ ခေတ် တစ် ခေတ် မှာ မိန်းမ တွေကလဲ အရာရောက်တယ်၊ တွင်ကျယ်တယ်ဟေ့၊ မိန်းမ တံခွန်ကို တလူလူထူရမယ်၊ သုံးထောင်ဝတ်ပဲ၊ အားနွဲ့တဲ့ အမျိုးအစားပဲ၊ ပျော့ညံ့စိတ် ဖယ်ရှားကြရမယ်၊ မိန်းမ ဟာ ခွေးထီးလောက်မှ မမြင့်မြတ်ဘူးဆိုတဲ့ အယူ အဆ ဟာ ကနေ့ဟုတ်သေးရဲ့လား'

'ဟုတ်—'

ယေ်ဒသော့က ကယောင်ဘာတမ်းဖြင့် ပြောသည်။

'ဘာဟုတ်လဲ၊ ငါ ပြောတာတွေ သဘောပေါက်ရဲ့လား၊ ပဒေသရာဇာခေတ်က မဟာ့ဘရား ရေးခဲ့တာတွေကို နင်လက်ခံတယ်ပေါ့'

'ဟုတ်....'

ခင်မြင့်မြတ် ကျဲမီးတိုလာသည်။ လျှာမြွတ်အောင် ဟောသော်လည်း ဟောရင်းသာ ပျံဇတ်မှုမည်။



ဆန်ဖြူဖြူတစ်ခွက်မျှ ထွက်နိုင်ပုံမရသောမယ်သော့။ အတွေးအခေါ်ခေတ်နောက်ကျ၍ ဦးနှောက်ဗောက်ထိုး ဖြစ်နေသော မယ်သော့။ သင်းကို ပညာ ပေး ပေ မယ့် အလဟဿ အချည်းနှီး ပါပဲလား။ ခင်မြင့်မြတ်သည် မယ်သော့ကို ငုံ့ကြည့်လိုက်သည်။

မယ်သော့ ခုတင်စောင်းကိုမှီ၍အိပ်ပျော်နေ၏။ ကြည့်ပါဦး၊ ငါကတော့ သဘောပေါက်ပါစေလို့ ဟောလိုက် ပြောလိုက်ရတာ၊ သူကအိပ်လို့၊ ခင်မြင့်မြတ် မယ်သော့ကို ဆွဲလှုပ်သည်။

'ဟဲ့....မယ်သော့၊ ဟဲ့...မယ်သော့'

မယ်သော့ မျက်လုံး မှိတ်ထားရာက 'ဟုတ်' မြန် ပြော၏။

'ဘာဟုတ်လဲ၊ ကိုယ့်နေရာ ကိုယ်သွားအိပ်'

မယ်သော့ကို အတင်း ဆွဲထူသည်။

'သွား အိပ်ချည်လေ'

မယ်သော့ မျက်လုံး တစ်ဝက်တစ်ပျက်ဖွင့်၍....

'ဟုတ်....ဟုတ်ကဲ့....မမ'

ခင်မြင့်မြတ် အခန်းမှထွက်သွားသည်။

ခင်မြင့်မြတ်သည်စားပွဲတင်ပြန်ထိုင်ကာအဖြေလွှာများ ကိုစစ်ပြန်၏။ ထိုစဉ် ကြောင်အော်သံများကို ကြားရပြန် သည်။

www.burmeseclassic.com

www.burmeseclassic.com



မူလ ကြားရာ ခြံထောင့်မှပင်ဖြစ်၏။ ယခုအခါ ပို၍ဆူ၏။ တိတ်ဆိတ်သောညကို ငယ်သံပါအောင်အော်နေကြသောကြောင်အော်သံများက ဖျက်ဆီးနေကြသည်။

ခင်မြင့်မြတ်သည် သူ့ကြောင်မလေးကို မခေါ်တော့ပေ။ ဖြစ်ချင်ရာဖြစ်ပစေတော့။ ပေယျာလကန်ဥပေက္ခာပြု၍အလုပ်ကိုမဲ့လုပ်နေ၏။ ကြောင်အော်သံများကား ရပ်မသွား။ နားလိုက် အော်လိုက်။ အချီအချဆိုတေးသံပြိုင်နေကြသည်။ သစ္စာထားကို အပြိုင်အဆိုင် အနိုင်ကြဲနေကြသည်။

'ကဲ....အော်ကြဦး'

ခင်မြင့်မြတ် အလုပ်လုပ်၍မရ။ စိတ်ပေါက်ပေါက်ရှိလာသဖြင့် စာရွက်ဖိသော ဖန်တုံးဖြင့် လှမ်းပစ်၏။ ဖန်တုံးသည် ပစ်လိုရာသို့မရောက်။ ကိုဘကောင်းတို့ အိမ်နံသို့ 'ခွိုင်း' ခနဲ သွားထိလေ၏။

## အခန်း (၅)

'ဆရာ၊ ဟိုဘက်အိမ်က အပျိုကြီး မမ၊ ကြောင်နဲ့စကားပြောနေတယ်ဆရာ'

ကိုဘကောင်း စာရေးနေရာသို့ မောင်ပိုက်က လာသတင်းပို့၏။ ကိုဘကောင်းသည် လုံးချင်းဝတ္ထု တစ်ပုဒ်ကို ရက်အမီပေးနိုင်ရန် တက်သုတ်နှင်လျက်ရှိသည်။ ဇာတ်လမ်းတွင် စိတ်ဝင်စားနေသဖြင့်ခေါင်းမဖော်ဘဲ သဲသဲမဲမဲရေးလျက်ရှိသည်။

မောင်ပိုက်က တိုးတိုးသာပြော၏။ ကိုဘကောင်းက ဆတ်ခနဲ လန့်သွားသည်။ ဖောင်တိန်ကိုချကာ ကုလားထိုင်မှထ၍....

'မင်းပြောတာ အပျိုကြီးနဲ့ ကြောင်နဲ့ ဘာဖြစ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



မောင်ပိုက်ကို မေးသည်။ အသံကျယ်သွား၏။

'ရှူး.... တိုးတိုး ကွာရာ၊ ဟိုဘက်က ကြား သွား လို့ ဒေါကန်နေဦးမယ်၊ လာ....လာ... ကျွန်တော် ပြမယ်'

ပြတင်းပေါက်နား ခေါ်ခဲ့သည်။ ကိုဘကောင်းက တွန်းဖွင့်ဟန်ပြင်၏။ မောင်ပိုက်က ကိုဘကောင်းလက်ကို ဆွဲသွားသည်။ တစ်ဖက် အိမ်တွင် ခင်မြင့်မြတ် သည် ကြောင်နှင့် စကားပြော နေလေသည်။ ကြောင်မလေးကို အိမ်အောက် မဆင်းရန်၊ ကြောင်ထီး တွေနှင့် ကင်းကင်း နေရန် ဩဝါဒစကားမြွက်ကြားနေသည်ကို၊ ကိုဘကောင်း တို့ ဆရာတပည့်နှစ်ယောက်မှာ အတိုင်းသားကြားရသည်။

'မိန်းမတွေဟာ မဟုတ်တာ အလုပ် ရှာရမယ် ဆိုရင် အင်မတန် တော်တယ်ကွ၊ အခု ကြည့်စမ်း.... ကြောင်ကို ဆုံးမနေတယ်၊ အလုပ်ကြီး အကိုင်ကြီးသမား'

ကိုဘကောင်း ပွဲရှဲ၍ ပြောသည်။

ကြောင် အော်သံများ ထွက်ပေါ်လာသည်။ ကြောင်နှစ်ကောင်၏ အချီအချ အော်သံဖြစ်သည်။ ကိုဘကောင်း နှင့် မောင်ပိုက် ဇွတ်ထားသော ပြတင်း ကြားမှ ချောင်း ကြည့်နေကြသည်။

'သူ့ စကားနားထောင် လိုက်တာကွာ.... ကြောင်က အောက်ရောက်နေပြီ'

ကိုဘကောင်းက တိုးတိုး ဟား၏။ မောင်ပိုက်က...



'နိယာမ ဖွတ်ကလိဒဂ်ါးဆိုတာ ဒါပေါ့ဆရာ ဒီအချိန် ဒီအခါဟာ ကြောင် တွေရဲ့ နိယာမ မဟုတ်လား'

ခင်မြင့်မြတ် မယ်သော့ကို လှမ်းခေါ်သည်။ မယ်သော့ ရောက်လာသည်။ မောင်ပိုက် ချောင်း ကြည့် ရာက ခါး ဆန့်၍....

'ကျွန်တော့် နှလုံးသားရဲ့ ကေရီသေး ရွှေသော့ပါ ဆရာ'

ကိုဘကောင်း သဘောမကျသလိုခေါင်းခါလိုက်သည်။

'ရွှေသော့ဆိုတာ ခေါင်းကိုက် ပျောက်ဆေးပဲကွ'

မောင်ပိုက် အီစလံ့စေသွားသည်။ လက်ဝါး နှစ်ဖက် ဖြန့်၊ ပခုံး နှစ်ဖက်တွန့်၍....

'စိတ်ကုန်ပါပြီဗျာ' ဟု ညည်းလိုက်သည်။

ခင်မြင့်မြတ်နှင့် မယ်သော့ ခြံထဲဆင်း ကြောင်ရှာနေကြသည်။ ကြောင်အော်သံ တိတ်နေ၏။

'ကြောင်တွေက သူ့ ထက်လည်တယ်၊ ဘယ် အတွေ့ခံ မလဲ၊ ရှာပေ့စေ၊ ဒီကောင်မ စုံနံ့ သာမြိုင် ရှာပုံတော် ဆုံးအောင် ရှာပစေ၊ ချုံကြားက မြွေပေါက်သံ ကြားရ မလား၊ ဘောက်ဖတ်တုတ်သံ ကြားရမလား'

ကိုဘကောင်းက ကောက်ချက်ချသည်။ မောင်ပိုက် က....

www.burmeseclassic.com

www.burmeseclassic.com



'မြေပေါက်ခံရမယ့် စာရင်းမှာ သော့သော့ မပါပါဘူးနော်'

ကိုဘကောင်းကို အယူခံသည်။

'မိန်းမမှန်ရင် ဘယ်မိန်းမမှ မကောင်းဘူး၊ မင်းသော့သော့ မြေပေါက်မခံရပေမယ့် ဘောက်ဖတ်တုတ်ခံရမယ်၊ ဟိုဟာမကို မြေပေါက်၊ မင်းဟာမကို ဘောက်ဖတ်တုတ်'

မောင်ပိုက် ပခုံးတွန့်ပြကာ 'စိတ်ကုန်ပါပြီဗျာ' ဟု ညည်းလိုက်ပြန်သည်။

ခင်မြင့်မြတ် မယ်သော့ကို ယောကျ်ား ဆန့်ကျင်ရေး၊ မုန်းတီးရေး တရား ဟောသည်။

'ယောကျ်ားဆိုတာ ပက်ကျိထက် ရွံစရာကောင်းတယ်၊ ခွေးကောင်ထက် အသည်းယားစရာကောင်းတယ်၊ ဖားပြုတ်ထက် အော့နှလုံးနာစရာကောင်းတယ်'

ကိုဘကောင်းသည် ပြတင်းပေါက်ကို တွန်းဖွင့်ရန် ဟန်ပြင်ပြန်လေ၏။

'ဟော့ကောင် ဒါ သက်သက် လူပါးဝတာဗျ၊ ငါတို့ယောကျ်ားတွေ တစ်ချပ်လုံးကို စော်ကားတာ၊ ဝါးလုံးချေးသုတ်ယမ်းတာ၊ ဒီချေးဟာ မင်းရောငါရော နှစ်ယောက်စလုံးကို ပေနိုင်တယ်၊ ငါမခံဘူးကွ'

မောင်ပိုက် ကိုဘကောင်းကို ဆွဲထားသည်။



'သည်းခံပါဆရာ၊ လေတွေပါဆရာ၊ သူပြောချင်တာ ပြောပါစေ၊ မောရင် တိတ်သွားပါလိမ့်မယ်၊ သံပတ်ကုန်ရင် ရပ်သွားပါလိမ့်မယ်'

ကိုဘကောင်း အံကြိတ်သည်။

'သင်းလား သံပတ်ကုန်မှာ၊ ဆရာမတဲ့ကွ၊ ကျောင်းစာသင်ကတည်းက လေကန်တဲ့အကျင့် ရှိနေတာ၊ ဘယ်တော့ ရပ်မလဲ၊ မဟာဝါက လေဘူးတောင်းကြီး'

ခင်မြင့်မြတ်နှင့် မယ်သော့ အခန်းထဲ ရောက်လာကြသည်။ ခင်မြင့်မြတ်က ယောကျ်ား မကောင်းကြောင်း ဆက်လက်ပြောချလိုက်သည်။

'တို့မိန်းမတွေ ရည်းစား တစ်ယောက်က နှစ်ယောက်ထားရင် မျက်နှာများတယ်၊ မိန်းမကောင်း မှန်ရင် တစ်ပွင့်သာပန်ရတယ် ဘာညာနဲ့ အပြစ် တင်တတ်ကြတယ်၊ သူတို့ ယောကျ်ားတွေ မယား နှစ်ယောက် သုံးယောက် ယူတာကျတော့ (ယောကျ်ားကောင်း မောင်းမတစ်ထောင်)တဲ့ တယ်တော်တဲ့ အတောင် နှစ်ဆယ်ဝတ်တွေ ကိုယ့်ဘက် ကိုယ်ယက်တဲ့ လိပ်မျိုးတွေ'

ကိုဘကောင်း အင်္ကျီလက်ကို ပင့်လိပ်သည်။ လက်သီး ကျစ်ကျစ် ဆုပ်သည်။

'ကမြင်းမ ငါ သွားဆွဲထိုးမယ်'

ကိုဘကောင်း ပါးစပ်ကို မောင်ပိုက်က လိုက်ပိတ်သည်။

www.burmeseclassic.com

'ပြောပါစေ ဆရာ၊ လူကြီး အမိုက်အမဲပဲ'

ကိုဘကောင်း ကြိတ်မနိုင်ခဲမရဖြစ်နေသည်။ မောင်ပိုက်လက်မှ အတင်းရုန်းထွက်သည်။

'ဘာလူကြီးလဲကွ၊ တယ်လေ ငါ ပြောလိုက်ရ၊ ဟော့ကောင့်... မောင်ပိုက် မင်းမနာတတ်ဘူးလား၊ ဒီကောင်မ ပါးစပ်စကြောလွှတ်ပြီး စော်ကားနေတာကို ငြိမ်ခံနေမလား၊ မင်း ယောကျ်ား မဟုတ်လား"

မောင်ပိုက်ကို သွေးညှိသည်။

'ယောကျ်ားပါ ဆရာ ဆရာ နာသလို ကျွန်တော်လဲ နာပါတယ် မခံဘူး၊ သခင်မျိုးဟော့ တို့မပါ'

မောင်ပိုက် ခပ်ကြောင်ကြောင် ကြေးကြော်စဉ် ခင်မြင့်မြတ် ပစ်လိုက်သော ဖွန်းတုံးမှာ ဒိုင်းခနဲ လာမှန်လေ၏။

'အောင်မယ်လေးဗျ၊ ကျွန်တော် မပါဘူး'

ကိုးရိုး ကားရား ထခုန်သည်။ ကိုဘကောင်း၏ ဒေါသ အထွတ်အထိပ်သို့ ရောက်သွား၏။ ပြတင်းကို ပြေးဖွင့်ကာ...

'ဟေ့....ဘယ်လောက်မိုက်လို့ ခဲနဲ့ပေါက်တာလဲကွ'

ခုနစ်မောင်းတင်၍ ဟစ်လိုက်သည်။ ခင်မြင့်မြတ် ဇက်ပုဝင်သွား၏။ သူမက အခြေအနေမှန်ကို ချက်ချင်း



ရိပ်စားမိသွားသည်။ သူမ အလွန် ဖြစ်နေ၍ အသာ ငြိမ်နေသည်။ ခင်မြင့်မြတ် ငြိမ်နေလျှင် ကိုဘကောင်း ပို၍ သောင်းကျန်းလာသည်။

'အချိန်မတော် ခဲနဲ့ ထုတာယ်ဆိုတာ မိကောင်း ဖခင် သားသမီးတွေရဲ့ အပြုအမူ မဟုတ်ဘူး၊ လမ်းသရဲအပြုအမူ၊ ခဲပေါက်တာ မင်္ဂလာဆောင်မှ ပေါက်ရတာ၊ ငါ မင်္ဂလာဆောင်သေးတာ မဟုတ်ဘူး'

ခင်မြင့်မြတ် တက်တစ်ချက် ခေါက်လိုက်သည်။ သို့သော် သိမ်အသံမကျယ်ပေ။ ကြောင်အော်သံများဆူညံလာပြန်သည်။ ကိုဘကောင်းသည် ကြောင်နှင့်အပြိုင် ဟစ်လေ၏။

'ဂါတ်သွားတိုင်မယ်ဆိုရင် အမှုဖြစ်နိုင်တယ်၊ ခဲပေါက်မှုနဲ့ ထောင်သုံးလကျသွားတာ၊ မကြားဖူးဘူးလား၊ ဒီခဲ ဘယ်သူပေါက်သလဲ၊ တရုးခံ မပေါ်တော့ဘူးလား"

မောင်ပိုက်က ဝင်နှောက်သည်။

'ခဲ...ခဲ...ဘယ်သူပေါက်၊ ပေါက်တဲ့လူ မှန်မှန်ပြောအိးဘွတ်တရားဟော'

ခင်မြင့်မြတ် မျက်နှာရဲလာသည်။ သို့သော်လည်း မိမိနှင့်ဘာမှမဆိုင်သလို အဖြေလွှာများကို စစ်ဟန် ဆောင်နေလိုက်သည်။ စာရွက်ကို ဟိုခြစ် သည်ခြစ် လျှောက်ခြစ်နေလိုက်သည်။ ကိုဘကောင်းက ဒါကို ကောင်းကောင်း ရိပ်မိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မ စွာလှတာ အခြေ အနေ ပေး တုန်း ဖိဖော့ဘက်ပစ်မယ်၊ သင်းမာနကို ချိုးဖွဲ့ပစ်မယ်"

ကိုဘကောင်းက လည်ချောင်းရှင်းသည်။

'အဟမ်း....ဆင်တစ်ကောင်လုံးတွေ့ပါလျက်နဲ့ ဆင်ခြေရာ ပျောက်နေတာကတော့ ကမ္ဘာ့အံ့ဖွယ် တစ်ပါးပဲ၊ ဒီဆင်ဟာ ခြေရာမထင်အောင် ခြေထောက်ခေါင်းပေါ် တင်သွားရမယ်၊ ဆင်ထီးလား.... ဆင်မလား'

မောင်ပိုက်က ဝင်နှောက်မြန်၏။

'မိုမိုရေ....ဝူ'

ခင်မြင့်မြတ် အောက်နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ကိုက်ထားသည်။ သူမက ဝန်ခံရန်နှင့် တောင်းပန်ရန် မစဉ်းစားပေ။ နားပင်းဟန်ဆောင်ကာသာ အမြေလွှာများကို ဆက်လက်စစ်ဆေးနေသည်။

ကိုဘကောင်းသည် ခင်မြင့်မြတ် မထုံတတ်တေးလုပ်နေ၍ အားမလိုအားမရဖြစ်လာ၏။ ခင်မြင့်မြတ်က မသိဟန် မကြားဟန် ဆောင်နေလေရှလေ ကိုဘကောင်း ဒေါပွလေလေ။

'မောင်ပိုက် ရှမ်းနဲ့ဆင် လယ်ပြင် တွေ့ကြပြီ၊ ပွဲကြီး ပွဲကောင်းကြည့်ပေတော့'

မောင်ပိုက်ကိုတီးတိုးပြောပြီး သတင်းစာ တစ်စောင်ကို အော်လံလုပ်သည်။ ခြေစုံရပ်၍ ခင်မြင့်မြတ် ရှိရာသို့ အော်လံဝလှည့်ထားပြီး–



'မိတ်ဆွေများ၊ ရဲဘော်များခင်ဗျား'

ပဏာမ နှုတ်ခွန်းဆက်လိုက်၏။ ခင်မြင့်မြတ်မှာ ကိစ္စ တစ်ခုအေးပြီအထင်ဖြင့် သက်ပြင်းချလိုက်သည်။

'မိတ်ဆွေများ ရဲဘော်များခင်ဗျား၊ မြန်မာစံတော်ချိန် ညဆယ့်တစ်နာရီတိတိ ရှိပါပြီ၊ ဘကောင်း အသံမှ ဘကောင်းကိုယ်တိုင် အသံလွှင့်နေပါတယ်၊ အိမ်နီးချင်း ကောင်း ဆိုတာ တစ်အိမ်ရှိနံရံကို ခဲမပေါက်ရပါဘူး၊ ခဲပေါက်ခြင်းဟာ တစ်ဖက်အိမ်ကို ရန်စ စော်ကားခြင်း ဖြစ်ပါတယ်'

ခင်မြင့်မြတ် မျက်လုံးပြူးသွားသည်။ သို့သော်လည်း ကိုဘကောင်းဘက်သို့ တည့်တည့် မကြည့်မိစေရန် သတိထား၏။

'မိတ်ဆွေများခင်ဗျား၊ကြီးမြတ်သောဘကောင်းဟာ အိမ်နံရံကို ခဲထုခံလိုက်ရပါတယ်၊ ဖောက်ပြန်တဲ့ ခဲပေါက်သူဟာ သူပေါက်တာကို ဝန်မခံဘဲ ငြိမ်နေပါတယ်'

မောင်ပိုက်က–

'ဘကောင်း၊ ကန့်ကွက်ပါ'

ဟု ဝင်သောသည်။ ကြောင်အော်သံများ ပိုမိုဆူညံလာသည်။ ကိုဘကောင်းနှင့် အသံချင်း ရောကုန်သည်။

'ယောကျ်ားလေးမြင်ရင် မိန်းမက စတင်၊ မြရင်တို့ ဂွင့်မြှို့၊ စိန်ရွှေမဆင်လို့၊လေဘာတီမမြရင် ဆိုမှုံးပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကြီးမြတ်သောဘုကောင်းကိုခဲနဲ့ထုခြင်းဟာမိန်းမကစတင်ခြင်းလို့သဘောထားရမှာလား၊ မိတ်ဆွေများ ခင်ဗျား၊ လယ်ပြင်မှာ ဘူလ်နီဇာသွားသလို အင်မတန် ရှင်းနေပါတယ်၊ ဘကောင်းကိုလာစရင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ကျောက်တုံးချသလိုဖြစ်ပါလိမ့်မယ်၊ ဇာတ်သိမ်း ကောင်းမှာ မဟုတ်ဘူး၊ ဇာတ်လမ်းရှော်လို့–'

မောင်ပိုက် လက်ခုပ်တီးကာ....

'ဘကောင်း– စည်ပိုင်း၊ လန်ကျောက်' ဟု ဝင်သောသည်။

ခင်မြင့်မြတ်သည် ငိုချင်ရယ်ချင် ကတုန်ကယင်ဖြစ်လာ၏။ ကြောင်အော်သံများမှာ အဆက်မပြတ်တော့သဖြင့် ကိုဘကောင်းမှာ အသံလွှင့်ခြင်းကို ရပ်ဆိုင်းလိုက်သည်။

မောင်ပိုက် ကြေးစည်ဆွဲ၍ ရောက်လာသည်။

'ဆရာ ကျွန်တော်လဲ အသံလွှင့်ပါရစေ'

ကိုဘကောင်းကို တီးတိုးပြောပြီး–

'တီ....ဝေ....ဝေ....ဝေ....'

ကြေးစည်တစ်ချက် ထုလိုက်သည်။

'မြန်မာပညာရှိ ဦးမောင်ပိုက်က နတ်တော်လအကြောင်း ဟောပြော အသံလွှင့်ပါလိမ့်မယ်၊ အဟမ်း ကျွန်တော်တို့မြန်မာပြည်မှာ ရာသီကသုံးရာသီ၊ လက ဆယ့်နှစ်လ ရှိပါတယ်၊ လေပြန်ခတဲ့ ဟေမန္တရာသီမှာ အဝင်



အပါဖြစ်တဲ့ နတ်တော်လမှာ သဇင်ပန်း ပွင့်ပါတယ်၊ နှင်းတွေကလဲတဖွဲဖွဲ၊ နှပ်ချေးများကလဲတရွှဲရွှဲ၊ ချမ်းလို့တုန်၊ သွားချင်းရိုက်တာ တဂွပ်ဂွပ်မြည်နေပါတယ်'

မောင်ပိုက် တအောင့်ရပ်ကာ ကြေးစည်ထုသည်။

'တီ....ဝေ....ဝေ....ဝေ....'

'အဲဒီအချိန်မှာ ကြောင်သတ္တဝါများဟာ ဘာသာဘာဝ နိယာမ အစဉ်အလာအတိုင်း အသည်းနှင်းအပ်ပွဲဆင်နွှဲရန် ပြင်ဆင်ကြပါတယ်၊ မြန်မာ့လ အစဉ်မှာလဲ နတ်တော်ပြီး ပြာသိုမို့ ကြောင်များဟာ ကြိုကြိုတင်တင် စီစဉ် နေကြပါတယ်၊ မိမိတို့ ဟဒယ နှလုံးသားက စိမ့်ယိုကျလာတဲ့ မေတ္တာ တေးသံတွေကို အပြိုင်အဆိုင် သီဆိုလေ့ရှိကြပါတယ်'

ကြောင်အော်သံများ စီစီညံညံ ထွက်ပေါ်နေသည်။

'အဲဒီတော့ကာ သူတပါးရဲ့ ချစ်ခြင်းကို ကွင်းအောင်တစေ၊ ဂိုဟ်ဖမ္မတဲ့သူများဟာ ဝင်ရှုလိုက်တတ်ပါတယ်၊ ကိုယ်တိုင်မစွံတဲ့ ဖြစ်တတ်ပါတယ်'

ကိုဘကောင်းက လက်ခုပ်တဖြောင်းဖြောင်း တီးပေးသည်။

'ဒါကြောင့် ကြောင်များ လွတ်လပ်စွာ နေပါစေ၊ ဝင်နှောင့်ယှက်ရင် တိရစ္ဆာန်ညှဉ်းပမ်းမှုနဲ့ အတီ၊ ပီ၊ စီ၊ ဒေအတို တိုင်သင့်ပါတယ်၊ ဤတွင် ပညာရှိဦးမောင်ပိုက်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဟောပြောချက် ပြီးဆုံးပါပြီ၊ သောတရှင်များ အိပ်ပျော်ကြပါစေ...တီ....ဝေ....ဝေ...ဝေ'

မောင်ပိုက် ကြေးစည်ထုကာ ရှပ်သိမ်းလိုက်သည်၊ ခင်မြင့်မြတ်သည် နတ်ကျသလို တစ်ကိုယ်လုံးတုန်နေသည်၊ ကိုဘကောင်း တစ်ခန်းထပြန်သည်။

'ဆက်လက်ပြီး ကြီးမြတ်သော ဘကောင်းက'

ခင်မြင့်မြတ် ဝှန်းခနဲ ထရပ်လိုက်သည်။ ပြတင်းဝသို့ လျှောက်လာသည်။

'ရှင်တို့ တစ်ညလုံး မအိပ်တော့ဘူးလား'

ကိုဘကောင်းက မောင်ပိုက်လုပ်သလို ပခုံးတွန့်ပြ၍—

'ခဲပေါက်တဲ့ တရုတ်ခံမပေါ်မချင်း မအိပ်ဘူး'

ခင်မြင့်မြတ် အောက်နှုတ်ခမ်း ကိုက်လိုက်သည်။

'ကျွန်မပေါက်တာပဲ၊ ကြောင်ကိုပေါက်ရင်း ရှင်တို့နံရံကို မတော်တဆမှန်တာ'

ကိုဘကောင်း လက်ဖျောက်တီးလိုက်သည်။

'အဲဒီလိုမှပေါ့၊ အမှန်ကို ဝန်ခံခြင်းဟာ ပညာရှိလက္ခဏာတဲ့၊ ခင်ဗျားပညာရှိတယ်၊ ဒါပေမယ့် စည်းကမ်းမရှိဘူး၊ စည်းကမ်းမရှိလို့ သာ အချိန်မတော် ခဲနဲ့ပေါက်တာပေါ့၊ မှတ်ထား စည်းကမ်းဆိုတာ လူ့ရဲ့တန်ဖိုး'

'ဟုတ်ပေ၏'



မောင်ပိုက် လေးငေါ့လေးနက်နက် ထောက်ခံကာ ကြေးစည်တစ်ချက် ထုလိုက်သည်။

'အို မတော်လို့ပါလို့ ပြောထားပြီပဲ၊ ပြီးရောပေါ့'

'မှန်ပေ၏'

မောင်ပိုက် ဝင်ထောက်ခံကာ ကြေးစည်ထုပြန်၏။

ခင်မြင့်မြတ်ပြတင်းတံခါးကို ဂျိုင်းခနဲ ဆောင့်ပိတ်သွားသည်။

'ပညာရှိ မောင်ပိုက်ရေ'

ကိုဘကောင်းက ခပ်ရှင်ရှင်ခေါ်သည်။

'အမိန့်ရှိပါ ကြီးမြတ်သော လူကြီးမင်း'

မောင်ပိုက်က ခပ်မြူးမြူး ပြန်ထူးသည်။

'အဖုံးအပိတ်၊ အခံအအုပ်၊ အတိုင်အဖောက်ရယ်လို့ စကားစဉ်ရှိသကွ၊ တစ်ဖက်က အမျိုးသမီးဟာ အချိုးကို ဝန်ခံပြီး တံခါးပိတ်သွားပြီ၊ တံခါးပိတ်ပုံဟာ တယ်ပြီး မယဉ်ကျေးဘူး၊ ဂျိုင်းခနဲဆောင့်ပိတ်တယ်၊ ဒီတော့ အားကျမခံသဘောနဲ့ သူကဂျိုင်းဆို တို့ကဘာလုပ်ရမလဲ'

'ဒိုင်း....ပေါ့ဆရာ'

'အေး အဲဒါမှ အတိုင်အဖောက်ညီမယ်ကွ၊ ကိုင်း... ရှာစား လာလေရော့'

ကိုဘကောင်းသည် ပြတင်းပေါက်တံခါးကို ဒိုင်းခနဲ ဆွဲပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း....ဝရော....ဂွမ်း'

တံခါးရွက် တစ်ဖက် ပတ္တာပြုတ်ကာ ဝရောခနဲ ကျသွား၏။ ရာဝင်အိုးကြီးပေါ်သို့ တည့်တည့်ကျသဖြင့် အိုးကြီး ဂွမ်းခနဲ ကွဲသွားသည်။

'မောင်ပိုက်ရေ ရာဝင်အိုးတော့ဇာတ်သိမ်းမကောင်းဖြစ်သွားပြီ၊ အဒေါ်လာရင် ဆူတော့မှာပဲ'

ကိုဘကောင်း အလန့်တကြားပြော၏။ မောင်ပိုက်က....

'အိုးကြီးရေ... အမျှ' ဆိုကာ ကြေးစည် ထုသည်။ ခြင်မြင့်မြတ်မှာ ဒေါ်ပွခဲ့နေသည့်ကြားကပုံးလိုက်မိလေ၏။

## အခန်း ( ၆ )

ဦးထီအောင် သည် ဖိုအဲ့ခြင်း ကို နားလိုက်သည်။ ယိုဘက်သည်ဘက်လှည့်၍ ခါးဆန့်၏။ လုံထဲမှ ခေါက်လုံးကို ညှပ်ဖြင့် ဆွဲထုတ်ကာ အနားက ရေအင်တုံထဲ ထည့်သည်။ ရှဲခနဲ မြည်ကာ မီးခိုးထွက်သွား၏။

'ရွှေ....နိုတ်လိုက်ဒလ၊ ခေါက်လုံးမှာ ကြိုးပေါ်လာပြီ၊ ငါ ထွက်ရပ်ပေါက်တော့မယ်၊မြန်မာပြည်ကို ရွှေမိုးငွေမိုး ရွာပစ်မယ်၊ ထွက်ရပ်ပေါက်ပြီးရင် ပုပ္ပားတောင် သွားမယ်၊ ဘိုးဘိုးအောင်ဆီက တောင်ဝှေး ခဏငှား၊ ရှင်အဇ္ဇဂေါဏဆီက ရွှေဖြစ်နည်းတောင်း၊မြန်မာလူမျိုးတွေကို ငါက ကယ်တင်မယ်၊ ထီအောင်တဲ့ကွယ် နော်'

www.burmeseclassic.com



သူသည် ခေတ်လုံးကို မမိုတ်မသုန်ကြည့်ရင်း ပြောဆို နေရာက ဤအကြောင်းကို အခြားလူများလည်း သိသင့် သည်။ဘယ်သူ့ အသိပေးရပါ။ စဉ်းစား၏။ စဉ်းစားမိ သည်မှာ မယ်သော့။ မယ်သော့သည် အနီးစပ်ဆုံး ဖြစ် သည်။ ဘာပဲဖြစ်ဖြစ်မယ်သော့ကို အလျင် အသိပေးပြီး မှ အခြား လူများကို အသိပေး။

'မယ်သော့ရေ ခဏ'

မယ်သော့မှာ ထမင်းဟင်း ချက်ရာက ထွက် လာ သည်။ လက်ပေနေသည်ကို ထဘီဖြင့် သုတ်ပစ်သည်။

'ကြည့်...လှမ်းလှမ်းက ကြည့်၊ နင် ကိုင်မကြည့်ရဘူး'

ခေတ်လုံးကို လက်ဝါးပေါ် တင်ပြသည်။

'ငါ ထွက်ရပ်ပေါက်တော့မယ်၊ နင့်အတွက်ရော ခင် မြင့်မြတ်အတွက်ရောရွှေတွေ ငွေတွေ မ,စမယ် မြန်မာ တစ် ပြည်လုံး သူဌေးချည့် ဖြစ်စေရမယ်''

မယ်သော့မှာ မျက်လုံးတလည်လည် ဖြစ်နေရာက....

'ရွှေရရင် ကျွန်မလက်ကောက်လုပ်ဝတ်မယ်၊ ခြေချင်း ခေါင်းပွ အကြီးကြီး တစ်ရံလုပ်မယ်၊ ဘယက်လုပ်မယ်၊ အမ်စီကြိုး လုပ်မယ်၊ နောက်ပြီး....'

မယ်သော့ မျက်တောင် ပုတ်ခတ် ပုတ်ခတ်လုပ်၍....

'ဂျပန်ဖိနပ် ရွှေသည်းကြိုးတပ်စီးမယ်'

အားရပါးရ ပြောချလိုက်၏။



'အေး....နင်လုပ်ချင်တာ လုပ်နိုင်တယ်၊ ခင်မြင့်မြတ်က ငါ့လုပ်ငန်းကို အယုံအကြည်မရှိဘူး၊ သူလဲ သိစေရမယ်၊ သူ့ကျောင်းက ကျောင်းတက် ခေါင်းလောင်းကို ရွှေ ခေါင်းလောင်း လုပ်ပေးရသေးတာပေါ့'

ခင်မြင့်မြတ်က ဦးထီအောင်၏လုပ်ငန်းကို မထောက်ခံ ပေ။ ဖအေဖြစ်နေသဖြင့် ကန့်ကွက်ရန်လည်း ခက်နေ၏။ ထို့ကြောင့် လုပ်ချင်တာ လုပ်ပစေ၊ စိတ်ချမ်းသာပြီး စီးပွားရေးမထိခိုက်လျှင် ပြီးတာပဲဟုခွင့်လွှတ်ထားသည်။

'ဘိုးဘိုးအောင် လာတော့မယ် မယ်သော့၊ ၈-၉-၅-၀ အင်းစမှာ ဘိုးဘိုးအောင်က စောင်မသေချာတဲ့ စာဆို ရှိတယ်၊ တစ်လုံးဖျက်ရင် နှစ်လုံးပွားတဲ့ ဝလုံးတွေ ပေါ် လာလိမ့်မယ်'

မယ်သော့က ခြံကာ ထားသော သံပြားပေါက်ကို လက်ညှိုးထိုးပြ၍—

'ဘဘကြီး ဟိုမှာ ဝလုံးတွေ'

ဦးထီအောင် မျက်နှာမည်းသွား၏။ သို့သော်ချက်ချင်း ကြွေဆယ်၍....

'ဟဲ့....အဲဒါ ဝလုံးတော့ ဝလုံးပဲ၊ဒါပေမယ့် သံပြား ပေါက်က ဝလုံး၊ သူ့ဟာသူ ဖောက်ထားတဲ့ အပေါက် အဲဒါ မဟုတ်ဘူး၊ ငါပြောတဲ့ ဝလုံးက ရေးတဲ့ ဝလုံး၊ ဝတစ်လုံး ဖျက်လိုက်ရင်နှစ်လုံးဖြစ်၊ နှစ်လုံးဖျက် လေးလုံး ဖြစ်၊ နှစ်ဆတိုးတာဟာ ဗမာ့တန်ခိုး ဆိုတဲ့ ဝလုံး'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆို မမတို့ကျောင်းက ကလေးတွေရေးတဲ့ ဓလုံးမျိုးပေါ့၊ ကျွန်မ သွားဖျက်ကြည့်ချင်တယ်'

ဦးထိအောင်မှာ သက်ပြင်းမှုတ်လိုက်၏။ မသိသူကို သိအောင် ရှင်းပြရခြင်းမှာ တယ်မလွယ်၊ မယ်သော့မှာ လောကီပညာနှင့် ပတ်သက်သော အခံမရှိ၊ သို့ကြောင့် သူ့အား ရှင်းရှင်းနှင့်ဘွင်းဘွင်းပြောက သဘောပေါက်လွယ်မည်။ လုပ်ရပ် လုပ်ထုံးတွေကို မယ်သော့ဦးနှောက်က မမီ။

'ဟဲ့...မယ်သော့ စကြာမင်းကို ရေချသတ်ပေးမယ့် မုဆိုးအားဟဲ့၊ ဘိုးဘိုးအောင်က ကယ်သွားတယ်၊ စကြာမင်း မကြာခင် ပြန်လာမယ်'

'စကြာမင်းကို ကျွန်မ သိတယ် ဘဘကြီး၊ ဈေးထဲက ကိုဖိုးကြည် အပ်ချုပ်ဆိုင်ပေါ့၊ အွက်ကြီ အပ်ရင် တော်တော်နဲ့ မရလို့ စက်ကြာမင်းလို့ သူ့ကို ခေါ်ကြတယ်'

ဦးထိအောင်မှာ ကိုယ့်နဖူး ကိုယ် လက်ဝါးဖြင့် ရိုက်ကာ....

"'ထိုလိုက်ပါတော့ မယ်သော့ရယ်'

ဟုသာ ညည်းလိုက်ချင်သည်။

'စကြာမင်းဆိုတာ မင်းလောင်းဟဲ့၊ သူဝတ်ဖို့ ပုဆိုးကို အပျိုစင် တစ်ထောင် ရက်နေတာ၊ ပြီးဖို့ တစ်ထွာပဲ-လိုတော့တယ်၊ စကြာမင်းစီးဖို့ ကျောက် မြင်း ကြီး က လဲ



မြေသုံးဖက်ကြွနေပြီ၊ ကျောက်မြင်းရယ်၊ တစ်ခါဟိမဖြင့် မြန်မာပြည် ကောလိတိုးပါလို့ ရွှေမိုးကြီး ရွာလိမ့်မယ်တဲ့ သံချို ရှိတယ်'

ဦးထိအောင်က ခိုင်လုံအောင် သံချို အကူအညီယူ၏။ သို့သော် ,တိမ်သော မယ်သော့မှာ...

'ကျောက်မြင်းကြီးဟာ မြေလေးဖက်လုံး ကြွလာရင် ဘိုးခနဲ လဲသွားမှာပဲနော်၊ အရုပ်ကြီး မဟုတ်လား ဘဘကြီးရဲ့'

မယ်သော့နှင့်တော့ မဟန်။ ဦးထိအောင်သည် ကိုဘကောင်းကို သတိရလာသည်။ ထိုသူငယ်နှင့် ဆွေးနွေးရသော် ဟန်ကျမည်။ မယ်သော့ကို သွားခေါ်ခိုင်းသည်။ ကိုဘကောင်းမှာ ဝတ္ထုဇာတ်လမ်းအတွက် တွေးကြံလို့ မရသေးသဖြင့် စိတ်ညစ်နေ၏။ လက်စွဲတော် ဆေးတံကြီးကို ဖွတ်ရှုး....ဖွတ်ရှုး လုပ်နေစဉ် မယ်သော့ လာခေါ်သဖြင့် ဘာမှန်းမသိဘဲ ထလိုက်လာခဲ့ရသည်။

"'ထိုင်....သူငယ်....ဦး ခေါ်ရတာကတော့ သူငယ့်ကို ခွတ်လုံးပြချင်လို့ပဲ၊ ဦးနာမည်က ထိအောင်တဲ့၊ အောင်ပါကဲ့အတွက် ဘိုးဘိုးအောင်ဂိုဏ်းကပေါ့ကွယ်၊ဟောဒီမှာ ဦး ခွတ်လုံး'

ဦးထိအောင်က ခွတ်လုံးကို လက်ဝါးပေါ် တင်ပြသည်။

'ကိုင်ကြည့်ချင် ကြည့်နိုင်တယ်၊ ခွတ်လုံး အလယ်မှာ ကြိုးပေါ်နေတာ တွေ့တယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ကိုဘကောင်းသည် အဂ္ဂိရတ်ကို အယုံအကြည် မရှိပေ။ ဦးထီအောင်၏ ခေါတ်လုံးကို အပြုန်ပြုန် အလှန်လှန် ကြည့်ရာက....

'ဦးရဲ့ မော်တော်ကား ဘောစိကြီးဟာ အစင်းတွေ ထင်နေတာပဲ ဦး'

ဟု လွတ်ခနဲ ပြောလိုက်သည်။ ဦးထီအောင်က သူ့ ခေါတ်လုံးကို ဆတ်ခနဲ ပြန်လုသည်။

'မထော်မနန်းတွေ မပြောချင်ပါနဲ့ သူငယ်၊ သိကြား သာသနာကွယ့်၊ ဘာမှတ်သလဲ ကောင်း သူ ကို ကယ် မကောင်းသူကို ပယ်လိမ့်မယ်၊ ဝရဇိန်လက်နက် သိကြား ခက်တဲ့၊ သူငယ့် ခေါင်းကို ဝရဇိန်နဲ့ ခွင်းလိုက်မှာ မကြောက်ဘူးလား'

သိကြားမင်းဖြင့် ခြောက်၏။ ကိုဘကောင်းမှာ ကြောက်မည်ဝေးစွ။ ပိုမို၍သာ နောက်ပြောင်ရန် မျက်နှာ တည်လိုက်သည်။

'ကျွန်တော် မသိလို့ပါ ဦး သည်းခံပါ၊ ကျွန်တော်လဲ လောကီပညာရပ်တွေနဲ့ ပတ်သက်လို့ ဝါသနာအရ လိုက် စားဖူးပါတယ်'

ဦးထီအောင့် မျက်နှာ ဝင်းသွားသည်။

'ဟုန်သကွယ် ဝါသနာတူချင်း အိမ်နီးနားချင်း ဖြစ် ရတာ ဆွေးနွေးဖော် ဆွေးနွေးဖက် ရသပေါ့၊ ဒီမယ် နာမည်ဘာယ်သူ'

'ဘကောင်းပါ ဦး'



'အဲ... အဲ....မောင်ဘကောင်း ရှင်အဲဇ္ဇဂေါဏဟာ မသေဘူးကွယ့်၊ ဘိုးဘိုးအောင်နဲ့ ရှင်အဇ္ဇဂေါဏတို့ မတွေ့ ကြိုး ဆိုက်လိမ့်ဦးမယ်၊ စကြာမင်း သူငယ်ကြားဖူးတယ် ဟုတ်လား'

ကိုဘကောင်းမှာ စာ ရေး ဆ ရာ တစ် ယောက်-ပီ ပီ ဗဟုသုတကို ဘက်စုံအောင် လေ့လာထားသူဖြစ်၍....

'သိပါတယ် ဦး၊ ဆင်ဖြူရှင့်မယ် မိဖုရားက ဖွားတဲ့ ညောင်ရမ်းမင်းသားကလေးကို ခေါ်တာပါ၊ ငယ်မည် မောင်ဘောခင်တဲ့၊ ငယ်စဉ်ဘဝမှာပဲ ရေချ အဆုံးစီရင်ခြင်း ခံရတယ်'

ဦးထီအောင် သဘောကျသွား၏။

'ဟုတ်သပေါ့ကွယ့်၊ အဲဒါဟာ စကြာ မင်း ပေါ့၊ စကြာမင်းကို လူတွေက တကယ် သေတယ် ထင်နေကြ တယ်၊ စကြာမင်း မသေဘူးကွယ့်၊ ဘိုးဘိုးအောင်က ကယ်သွားတယ်၊ အချိန်တန်ရင် မင်းလောင်းအဖြစ် ကြွ ပြန်လာမယ်'

'ဒါပေါ့ဦး... ဆယ်ပြွားသုံးလိပ်နဲ့ဆိုင်တိုင်းမှာ ဝယ်လို့ ရတာပဲ'

ကိုဘကောင်း ခပ်တည်တည် နောက်လိုက် သည်ကို ဦးထီအောင်က အဟုတ်မှတ်သွား၏။

'မှန်တယ်ကွယ့်၊ စကြာဆေးလိပ်တို့၊ ကွာလေးလုံး ကစားတဲ့ စကြာတို့ဟာ စကြာမင်း လာမယ့် အတိတ် နိမိတ်တွေပေါ့၊ ဒသာစစ်စစ်၊ ဆန်း သည့် နှစ် မှာ၊

www.burmeseclassic.com

www.burmeseclassic.com



အလောင်းရာဇာ၊ လူချမ်းသာကို ရှာလတ္တံ့။ ထိုမင်းနေရာ၊ ရွှေပြည်သာကို ဆောက္ကာနတ်တို့ မို့လတ္တံ့။ ဆင်ဖြူဆင်နီ၊ မမြင့်မီလျှင် ရောက်လတ္တံ့။ တရုတ် ယိုးဒယားကုလားနိုင်ငံ၊ မကျန်ထိုမင်း၊ နှိမ်နင်းအုပ်ချုပ်စိုးလတ္တံ့။ မင်းကားဘယ်မင်း ကြံတော့မင်း၊ ပြည်ကား ဘယ်ပြည် ကုန်းဘောင်ပြည်။ နေသည်အသက် (၁၂၀) တည်းထွဲ။ ဂူဝပတော့ သိုက်စာမှာ ဆိုထားတယ်'

ဦးထီအောင်က သိုက်စာကို ကိုးကား၍ ပြောသည်ကို ကိုဘကောင်းက မင်သေသေဖြင့် ...

'ဥဒေ—စုံကူး၊ ရေဘူး—တောဟန်ကမ္ဘာရန်တဲ့၊ ဘင်ထွက် နာထွက်၊ နာသေထွက်တဲ့၊ ဘင်ထွက်ရင် ကာလသားရောဂါကူ ဆေးရှိသွားရမယ်၊ ဓာတ်တူနာမ်တူ ဆေးဖက်ယူ၊ နာမ်တူသတ်က၊ အသေရတဲ့၊ အသေရဖို့ဟာ တြင်းနဲ့ ချေချင်ချေ၊ နဝင်းနဲ့ ချေချင်ချေ၊ ဝင်ကိုးပါး၊ ရုပ်နာမ် သေရမှာကိုး။ ဝါးကိုးပင် ရေနံသုတ်ရမယ်ဦး၊ ဒါမှ... ငမွှဲ့ကန်သိုက်အဆိုနဲ့ ကိုက်ညီမှာ'

ပါးစပ်ထဲ ပေါ်လာရာ ပေါက်ကရ လေးဆယ်တွေ လျှောက်မှုတ်၏။ ဦးထီအောင်က အဲဟုတ်ထင်ကာ ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။

'သူငယ်က အတော်ပြည့်ပေတာပဲ'

'ပြည့်တယ်လို့တော့ မဟုတ်ပါဘူးဦး၊ ဝါသနာ အရလိုက်စားထားလို့ပါ၊ သိုကြားသိုက်ရဲ့ အဆိုကို ဟိုတုန်းက မင်းသား ခင်မောင်ရင်က သီချင်းလုပ်ဆိုဖူးပါတယ်၊ ဘာ



တဲ့...အင်းကို ဘဲတွေဆင်းမည်၊ ဆင်းရင်ခဲနဲ့ထုမည်၊ အင်းဆိုတာ တနင်္ဂနွေ၊ အင်္ဂလိပ်ကို ဆိုလိုတယ်။ ဘဲက ဘဲဆေးလိပ်၊ အင်္ဂလိပ်တွေ ဆေးလိပ်သောက်လာရင် ခဲနဲ့ထုရမယ်တဲ့ဦး'

'ဟုတ်လိုက်လေကွယ်၊ ဆက်စမ်းပါဦး'

'အင်းကိုဘဲတွေဆင်းမည်၊ ဆင်းရင်ခဲနဲ့ထုမည်၊ ထိုမှုကြီးကို ထီးရိုးရိုက်မည်၊ ထီးရိုးကို တုတ်ကောက်လုပ်ရမည့်သတဲ့ စာရှိပါသည်၊ ထောင့်သုံးရာကိုးခုနှစ်မှာ ပိုင်ဘဲ ဆိုတာ လိုရာရှိနိုင်သည်တဲ့'

ကိုဘကောင်းက အသံနေ အသံထားဖြင့် ဆိုပြ၏။

ဦးထီအောင်မှာ လက်ဖျောက်တီးကာ...

'အမိုးတာန် လိုက်လေ မောင်ဘကောင်းရယ်၊ အကျယ်ကို လင်းစမ်းပါဦး',

'အဟမ်း မသိတဲ့ လူတွေက မုတ်ဆိုးတဲ့၊ အမှန်က မုတ်ကြီး...မုတ်ကြီးကို ထီးရိုး ရိုက်တယ်ဆိုတာ၊ ဟိုက်ဒရိုဆီကို ခွဲစိပ် ကုသ တာကို ခေါ်တာပါ ဦး၊ ထီးရိုး ဆိုတာက စင်နန်း၊ ဓားကလဲ စနေနံ၊ ဘောင်္ခတဲ့ အခါမှာ ဓားနဲ့ ခွဲရတယ် မဟုတ်လား၊ ထီးရိုးကို တုတ်ကောက်လုပ်ရတယ် ဆိုတာ စာရေးဆရာ လင်းယုန် သစ်လွင် အိမ်က တုတ်ကောက်တွေကို ပြောတာပါ။ အဲဒီတုတ်ကောက်တွေ ဟာ...ထီးရိုးကို လုပ်ထားတာချည့်ပဲ ဦး''

www.burmeseclassic.com

www.burmeseclassic.com



မဆီမဆိုင် စာရေးဆရာ လင်းယုန် သစ်လွင် အကြောင်း ပါသွား၏။ ကိုဘကောင်းမှာ ကိုယ့်လေ ကိုယ်မိ၍ ဘာရိုက်မရပ်နိုင် ဖြစ်နေ၏။

'ရွှေတိဂုံ ဟံသာကျေး မှာလ၊ လှောဟိတ် ချောင်းရေ ပြေးပါလိမ့်တဲ့ ဦးရဲ့၊ ဟံသာကျေး ဆိုတာ ဟံသာအေး နိုင်လွန် မဟုတ်ဘူး၊ စာရေးဆရာ ဟံသာမွေး ထားတဲ့ ကျေးကလေးကို ပြောတာ၊ လေဟိတ် ချောင်းရေ ပြေး ပါလိမ့်ဗာ.... လောပိတ ရွှေတံခွန်က လျှပ်စစ် ဓာတ်အား ဟာ ကမ်းလူးချောင်း ရေပြင်မှာ ပြေးပါ လိမ့်မယ်၊ သုံးသုံး တိုင်ကာလွန်လျှင်၊ တေးတပ်ရှင် လက်ဖြတ် လှည့် လေးတဲ့၊ သုံးသုံးတိဧကာ သုံးဆယ့်သုံး ကေမှာ ရာငကျော်စပါး စိုက် မယ်တဲ့၊ လက်ဖြတ်ကတော့ လပ်ဖျက်ပေါ့ ဦး'

ကိုဘကောင်း ထင်ရာ မြင်ရာတွေ စွတ်တင်နေသည်ကို ဦးထီအောင်ကလည်း အားကျမခံ ဝင်မှုတ်၏။

'ဒါပေါ့ကွယ်.... ပန်နီအိ ရာသီ ချိန်မှာ၊ သာဂီအိမ် လူတက်လိုရေးတဲ့၊ ပန်ဆိုတာ ပန်ချာပီ၊ နီဆိုတာ နီဂရိုး၊ အိဆိုတာ တို ရှာက မှန်းအိကြီး၊ သာဂိ အိမ်က သဂျ သာကီဝင်တွေဖြစ်တဲ့ ဦးတို့ရဲ့ အိမ်ပေါ့'

'မှန်ပါတယ် ဦး၊ သာဂိအိမ် လူတက်ရင် အိမ်တက်မှုနဲ့ ဂါတ်တိုင် အမှုဖွင့်ရမယ်'

ကိုဘကောင်းက မီးလောင်ရာ လေပင့် ပေးလိုက်၏။ ဦးထီအောင် ခေါင်း တညိတ်ညိတ် ဖြစ်သွားသည်။



'အမှု ဖွင့်ရမှာပေါ့ကွယ်၊ ငြိမ်ခံနေလို့ ဘယ်ရမလဲ၊ အဌ မုတ်အင်း တြင်းချေ၊ အစမှာ အဌချေ၊ ဂမု မှာတ် သက် ပါစေ၊ ခရုပတ် လက်ယာ ချွေ၊ အဲဒါ....အင်းချ နည်းတွေ၊ ခရုပတ်တဲ့၊ မြင်းသွားတဲ့၊ ရထား ပြေးတဲ့၊ အင်းချပြီး အင်း ဆံသွတ်ရမယ်၊ စခဗဝ–အင်း စ,မ တွေ ထည့်ရမယ်'

'ထည့်ရမှာပေါ့ဦး၊ စခဗဝ စမတန်ခိုးဟာ သေးတာ မှတ်လို့၊ စက စတော်ဘုယ်ရီသီး၊ ခက ခနိုဖြူကျော်ထွန်း၊ ဗက ဗန္ဓုကာသဘော်၊ ဝက ဝကြွင်းဝမ်းကျ၊ ခနိုဖြူကျော် ထွန်းဟာ ဗန္ဓုကာသဘော်ပေါ်မှာ စတော်ဘယ်ရီသီးတွေ နင်းကန်စားပြီး ဝမ်းတွေသွားတယ်တဲ့'

ကိုဘကောင်း နှိပ်စက်သဖြင့် ခနိုဖြူကျော်ထွန်းလည်း အခြောက်တိုက် ခံလိုက်ရပြန်လေ၏။ ဦးထီအောင်သည် အတွေ့နောက်ကျရလေခြင်းကွယ်ဖြစ်နေ၏။ ကိုဘကောင်း ကို ဖိုခန်းအနှံ့ ပြသည်။ လုံတွေ၊ မီးသွေးတွေ၊ ရေအင် တုံတွေ၊ ညှပ်တွေကိုပြသည်။

'မကြာခင် တစ်နေ့မှာ ဦး ထွက်ရပ်ပေါက်တော့မယ်၊ ဝိဇ္ဇာရှစ်သောင်း ဆရာကောင်းတွေနောက်ကို လိုက်ရမယ်၊ ဒီအခါမှာ မောင်ဘကောင်းကိုလဲ မမေ့ထားပါဘူး၊ ရွှေဆိုရွှေ၊ ငွေဆိုငွေ၊ ဣစ္ဆာသယ လိုတရအောင် လောင်း မယ်၊ အသက်ရှည်တဲ့ ပြဒါးပြာပေးထားမယ်၊ ပြဒါး ပြာကို သီးမွှေးငှက်ပျောသီးနဲ့နယ်ပြီး နေ့တိုင်းစားပေး၊

www.burmeseclassic.com

www.burmeseclassic.com



အာယု—ဝဏ္ဏ—သုခ—ဗလတဲ့ အသက်ရှည်မယ်၊ အဆင်းလှမယ်၊ အနာရောဂါကင်းမယ်'

မယ်သော့က ကော်ဖီယူလာသည်။

'သောက်လိုက်ဦး မောင်ဘကောင်း၊ မင်းနဲ့ဆွေးနွေးရတာ ဦးသဘောတွေ့တယ်၊ဖို့ဆွဲချင်ရင် လာဆွဲလှည့်ပေါ့၊ မသိတာရှိလဲမေး၊ ဦးသိသမျှ ပြောပြမယ်'

ကိုဘကောင်း ကော်ဖီသောက်ရင်း အိမ်အတွင်းကို အကဲခတ်သည်။ ဦးထီအောင်၏ အိမ်ခန်းကိုလှမ်းမြင်ရ၏။ ကန့်တော့ပွဲတစ်ပွဲ ပြင်ထားသည်။ အုန်းသီးပေါ်တွင် ပုတီးတစ်ကုံးကို ရစ်ခွေသင်ထားသည်။ ငှင်းပြင် တောင်ဝှေး တစ်ချောင်းနှင့် လောပက်အဝတ်ဖြူ တစ်စကိုလည်း တွေ့ရသည်။

'ပြဒါးသေ — တစ်ဆေ့ဝ၊ သံသေ — တစ်ပြည်ဝတဲ့ မောင်ဘကောင်းရဲ့၊ ပြဒါးကို အင်္ဂလိပ်စကားနဲ့ သုဘ လို့ လဲခေါ်တယ်၊ မူလလို့လဲခေါ်တယ်'

'ဒါဖြင့် မူလတန်းကျောင်း၊ တရားဥပဒေအုပ်စိုးရေး မူလပထမတို့က (မူလ)တွေဟာ အကုန်ပြဒါးတွေချည့်ပေါ့ဦး၊ ဒါတွေကို အင်္ဂလိပ်စကားနဲ့ ပြောရရင် ပြဒါးတန်းကျောင်း၊ တရားဥပဒေ အုပ်စိုးရေးပြဒါး ပထမ ဒီလိုမဟုတ်လား'

ကိုဘကောင်းက မင်သေသေဖြင့် ကြောင်လိုက်သည်။

'ဟဲ....ဟဲ....မောင်ဘကောင်းက ဘော်ကော်ကပ်ကပ် အမေးကောင်းတယ်၊ ပညာရှိများ တွေးကြည့်ရင် ပြေး



ကြည့်သည်ထက် မှန်သတဲ့၊ မောင်ဘကောင်းဟာ အမိန့်တော်ရ ရှေ့နေမဟုတ်လား'

ဦးထီအောင်က အပိုင်ထုလိုက်သည်။ ကိုဘကောင်းမှာ မျက်နှာစပ်ဖြုဖြု ဖြစ်သွား၍—

'ဟီး....ဟီး....မှန်လိုက်လေခင်ဗျာ၊ ဦး အကဲခတ်တာ မလွဲပါဘူး၊ ကျွန်တော်က (ကောင်းဗမ္ဘူ) နာမည်နဲ့ ဝတ္ထုရေးနေတဲ့ စာရေးဆရာတစ်ယောက်ပါဦး'

ဦးထီအောင်မှာ အလျှော့မပေးပေ။ မရယ်ချင်တဲ့ မျက်နှာစိရယ်လျက်—

'အဟင်း ...ဟင်း....ဟင်း....ပညာရှိ သတိဖြစ်ခဲ့ဆိုတာ ဒါပေါ့ကွယ်'

ဟု စကားကို လျှောချလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

မောင်ပိုက်မှာ မယ်သော့ကို နည်းအမျိုးမျိုးဖြင့် ဂေါ်ရေးငင်လျက်ရှိသည်။ မျက်စိမှိတ်ပြခြင်း၊ လျှာထုတ်ပြခြင်း၊ သွားသုံးဆယ့်နှစ်ချောင်းလုံး ပေါ်အောင် ပြုံးပြခြင်း အစရှိသော နောက်ပိုးနည်းတို့ကို ကောင်းနိုးရာရာ အသုံးချနေ၏။ တစ်နေ့တွင် မျက်စိမှိတ် လျှာထုတ်လုပ်နေစဉ် ဦးထိအောင်နှင့် ပက်ပင်းဆုံသွား၍—

'ဟဲ့... ဟဲ့... မယ်သော့ ခေါင်းရင်းအိမ်က သူငယ် ပယောဂဝင်နေတယ်၊ ပြူးပြူးပြဲပြဲနဲ့'

ဟု အလန့်တကြား ထအော်သည်။ မောင်ပိုက်မှာ ချော်လဲရောထိုင်ပြီး ဖြီးဖြန်းကာ—

www.burmeseclassic.com

'ငှက်ပျောသီးစားရင်း နင်သွားလို့ပါဦး'

ဟု ပါတောပိတ်အောင် လှမ်းဖြေလိုက်ရသည်။

လက်ညှိုးနှစ်ချောင်း ပူးပြခြင်းနည်းကို အသုံးချပြန်၏။ ခင်မြင့်မြတ်နှင့်ဆုံသွား၍ ရှုံးသလိုလို၊ ပေါသလိုလို လုပ်ကာ လက်များကို ဘေးကားလိုက်ရသည်။

မော်တော်ပီကယ်ပုလိပ် လက်ပြသလို ဟွံမြောက်သည် မြှောက်လှုပ် လိုက်ရသည်။ ခင်မြင့်မြတ်က မျက်လုံးပြူး ကြည့်သွား၏။ မောင်ပိုက်မှာ ပခုံးတွန့် လက်ဝါးနှစ်ဖက်ခါ၍ (စိတ်ကုန်ပါပြီဗျာ)ဟု တိုးတိုးပြောလိုက်လေသည်။

ပဏာမန်ညီးကလေးတွေ မြီးပေပြီ။ တကယ့်နည်းဖြစ်သောစာရေးရန်သာကျန်တော့၏။ မယ်သော့ကို ချစ်တဲ့အကြောင်းစာထဲတွင် ရင်ဖွင့်နေသည်။

မောင်ပိုက် စာတစ်စောင်ရေး၏။ မကြိုက်၍ ဆုတ်ဖြဲပစ်၏။ ဒုတိယစာတစ်စောင်ရေးပြန်၏။ အသား မပါဟု ထင်၍ဆုတ်ဖြဲပစ်ပြန်၏။ တတိယတစ်စောင် ရေးပြန်၏။

ဤသို့ဖြင့် တစ်စောင်ပြီး တစ်စောင် ရေးလိုက် ဆုတ်လိုက်လုပ်ပြီး ဆယ်စောင်မြောက်စာကိုအတည်ပြုလိုက်၏။ ထိုစာမှာ ကဗျာဆန်သည်။ စကားလုံး ကောင်းသည်။ မယ်သော့ နှလုံးသားကို တန်းခနဲ စွဲငြိစေမည်ဟု မောင်ပိုက်က သူ့ဟာသူ ယူဆ၏။

ကိုသကောင်းကအိမ်ပေါ်ထပ်တွင်ဝတ္ထုရေးနေသည်။ မောင်ပိုက်က မီးဖိုချောင်တွင် ချက်ရင်းပြုတ်ရင်း အလုပ်



ရှုပ်နေသည်။ စာကလေးကား အဆင်သင့် ရှိနေလေပြီ။ တစ်ဖက်မီးဖိုချောင် ပြတင်းတွင် မယ်သော့ကို ရိပ်ခနဲ မြင်လိုက်ရသည်။

'မယ်သော့၊ စာ—စာ—'

စာရွက်ခေါက်ကလေး မြှောက်ပြ၍ တိုး တိုး ပြောသည်။

'ဘာစာလဲ မသိဘူး'

မယ်သော့ ခပ်ဆောင့်ဆောင့်ပြောသည်။ မောင်ပိုက်မှာအတွေ့အကြုံရှိ၏။ မယ်သော့ မူလကျီ လုပ်နေမှန်း သိလိုက်သည်။

'ဖတ်ကြည့်ရင် သိလိမ့်မပေါ့၊ ရော့....'

စာရွက်ခေါက်ကလေး လှမ်းပစ်ပေးလိုက်သည်။

စာရွက်ခေါက်ကလေးမှာ လိုရာသို့မရောက်။ သစ်ကိုင်းဖြင့်ထိကာ တစ်ဖက် ခြံစည်းရိုးဘေးတွင် သွားကျ၏။ မယ်သော့က 'ကောင်းတယ်၊ ဝမ်းသာတယ်'ဟုပြောကာ ခုန်အိုးဖုံးကိုတီးလေသည်။ မောင်ပိုက် ဒေါကန်သွားသည်။ နည်းနည်းရှက်သွားသည်။ မျက်နှာ အနီသားဖြင့် စာရွက်ကို ပြန်ကောက်၏။

မောင်ပိုက် အကြံရသွား၍ ဖျောက်ခနဲ လက်ဖျောက် တီးလိုက်သည်။ ခြံတွင်းသို့ဆင်း၍ ဝါးလုံးရှည်တစ်လုံးယူသည်။ ဝါးလုံးဖျားကို ခါးဖြင့်ခွဲ၍ စာရွက်ကိုညှပ်သည်။ ထို့နောက် ဝါးလုံးကိုဆန့်တန်းလိုက်သောအခါ စာရွက်

www.burmeseclassic.com



ခေါက်ကလေးသည်မယ်သော့ အိုးတိုက်ရာလက်ဘက်ကမ်း သို့ ရောက်သွားလေ၏။

'မယ်သော့က ယူလိုက်–ယူလိုက်၊ မြန်မြန်ယူ'

မောင်ပိုက် ဝါးလုံးကို ဆောင့်ထိုးရင်း ယူခိုင်းသည်။

မယ်သော့ ညာဏ်ကြီးရှင် မောင်ပိုက်၏စာကိုမယူ။ 'ဟင့် အင်း ယူချင်ဘူး'ဟု မူလကျီလုပ် ခေါင်းခါသည်။

မောင်ပိုက်က 'ယူပါဟာ....ယူပါ' ဝါးလုံးကို ထိုး ပေးစဉ် အိမ်ရှေ့မှ ဦးထီအောင်၏ချောင်းဟန့်သံ ပေါ် လာလေသည်။

ဝါးလုံးကြီးသည် အပေါ်သို့ ထောင်တက်သွား၏။ မောင်ပိုက်က အပွင့်ချူသလိုလို အသီးခူးသလိုလို ဟန် ဆောင်နေသည်။

ကိုဘကောင်းသည် ဝတ္ထုရေးရင်း အတွေးပြတ်သွား ၏။ စိတ်ကူးအသစ်ရလိုရငြား ဟိုဟိုသည်သည်ကြည့်လိုက်ရာ ဝါးလုံးအဖျားပိုင်းနှင့် စာရွက်ခေါက်ကလေးကို တွေ့ရ လေသည်။ ဝါးလုံးဖျားသည် ယိမ်း ယိုင် လျက် ရှိ ၏။ တစ်ခါတစ်ရံပြတင်းပေါက်နားနီးလာသည်။ ထို့နောက် ပြန်ဝေးသွားပြန်၏။

ကိုဘကောင်းမှာ ဝါးလုံးတစ်ဖက်သို့ စိုက်သွားရာမှ ပြန်ထောင်အလာတွင် စာရွက်ခေါက်ကလေးကို ဆတ်ခနဲ ဆွဲဖြုတ်ယူလိုက်လေ၏။

'ဟား... ဟား....ဟား....ဟား၊ ကျလဲကျတဲ့ မောင် ပိုက်'



ကိုဘကောင်းက စာကိုဖတ်ပြီး ရယ်သည်။ ပြ တင်း ပေါက်တံခါးရွက်မှကွယ်၍ အောက်သို့ ငုံ့ကြည့်သည်။ မောင်ပိုက်သည် ဝါးလုံးဖျားကို မယ်သော့ဘက် လှဲချ ကာ–

'ယူပါဟာ....ယူပါ'

မယ်သော့မှာ ယူလည်းယူချင်၊ မူလည်းမူချင်ဖြင့်ဝါး လုံးကိုကြည့်သည်။ စာရွက် မပါတော့။

'အို....ဘာကို ယူရမှာလဲတော့'

မောင်ပိုက် ဝါးလုံးကို ပြန်ထောင်သည်။ မျက်လုံး ပြူးသွားသည်။ အပေါ် မော့ကြည့်သောအခါ စာရွက် ကိုင်ထားသောကိုဘကောင်းကို မြင်ရလေသည်။

မောင်ပိုက်က လက်တစ်ဖက်ဖြင့် ဆလံပေး၏။ သူ့ စာကလေးပြန်ပေးရန် အမူအရာဖြင့်အသနားခံ၏။ ကိုဘ ကောင်း ပြုံးသည်။ စာရွက်ကလေးကို ဝါးလုံးဖျား ညှပ် ပေးလိုက်သည်။

မောင်ပိုက်သည်ဝါးလုံးကို လှဲချလိုက်သည်။မယ်သော့ မရှိတော့ပေ။ နှုတ်ခမ်းစူလျက် အတွင်းသို့ပြန်ဝင်သွား၏။ တရှိရှိ လေချွန်ခေါ်သော်လည်း ထွက်မလာ။ မောင် ပိုက်မှာ အကြံရ ခက်ပါသလေနော် ... ဖြစ်သွား၏။

မယ်သော့ ပြန်ထွက်လာလျှင် တွေ့စေရန် ရေစင် အစပ်၌ စာရွက်ခေါက်ကလေးကို ခါချခဲ့သည်။မယ်သော့ သည် အတွင်း အကွယ်မှ ကြည့်နေလေသည်။ စာရွက်ကို

www.burmeseclassic.com

www.burmeseclassic.com



ယူရကောင်းနိုး မယူရကောင်းနိုး ချိန်ဆနေ၏။ ယူချင်၏။ မောင်ပိုက် မြင်သွားမှာ ရှက်သည်။

သို့ကြောင့် စာရွက်ခေါက် ကျနေရာသို့ လက်ထုတ်၍ တရွေ့ရွေ့ စမ်းသည်။ နီး၍နီး၍လာ၏။ မယ်သော့လက် စာရွက်ဆီ ရောက်လုရောက်ခင်တွင် လေတစ်ချက် သုတ် လိုက်သည်။ စာရွက်ကလေးမှာ ရေစပ်ပေါမှ မြေပြင် ပေါ်သို့ ဖုတ်ခနဲ ခုန်ချသွားလေ၏။

"ဟိုက် ရော.... ဒုက္ခပဲဟ"

စာရွက်ကလေးသည် လမ်းမှာ ရပ်သွား၏။ မောင်ပိုက် က ဝါးလုံးဖျားဖြင့် လှမ်းဖိသည်။ စာရွက်ပေါ် ဝါးလုံး မရောက်မီ လေတစ်ချက် သုတ်ပြန်၏။ စာရွက်ကလေး သည် ဓာလိမ့်ခေါက်ကွေးဖြင့် လွင့်ပြန်ဇလသည်။ မောင် ပိုက်ကလည်း ဝါးလုံး ဖျားဖြင့် အရအမိ လိုက်ဖိပြန် လေသည်။

သို့ဖြင့် စာရွက်ကလွင့်....မောင်ပိုက်ကဖိ၊ မိလုစီခင်၊ ရလုရခင်၊ အကြိတ်အနယ် ကြိုးစားသော်လည်း စာရွက် ကို မမိလိုက်ပေ။ လေအဝှေ့ဝယ် တရွှေရွှေ ရွှေ့လျား သွားကာ အိမ်ရှေ့ပန်းချုံဘေးတွင် ကုလားထိုင်တစ်လုံး ဖြင့် စာထိုင်ဖတ်နေသော ဦးထိအောင်ခြေထောက်နားသို့ ရောက်သွားလေ၏။

မောင်ပိုက်မှာ သည်ဘက်ခြံမှ ပန်းချုံ တစ်ချုံဘေးတွင် ဝင်ကပ်၍ အခြေအနေကို သိရန် ချောင်းနားထောင်



နေသည်။ ကိုဘကောင်းသည်လည်း အိမ်ပေါ်ထပ် ပြတင်း တံခါးရွက် အကွယ်မှ စောင့်ကြည့်နေလေသည်။

ဦးထိအောင်မှာ ဘိုးဘိုးအောင်သိုက်ကျမ်းစအုပ်ကို ဖတ်နေသည်။ မျက်လုံးကို အနားပေးရန် စာမျက်နှာ နှင့် ခွာလိုက်သည်တွင် စာရွက်ကလေးကို မြင်သွား လေ သည်။

"အလို...ဘယ်က စာပါလိမ့်၊ စောစောက မမြင်မိ ပါဘူး၊ တန်တော့....ငါ့ရဲ့ သီလ သမာဓိကို လေးစားတဲ့ မြင်းတိုးဇော် သိကြားမင်းက နတ်ပြည်က ပစ်ချလိုက်တဲ့ စာဖြစ်ရမယ်"

ဦးထိအောင်သည် စာရွက်ကို ဖြန့်လိုက်လေသည်။

"ဘဝရှင်ကေရီ"

ဆောင်းညမှာ နှင်းတွေကြွေနေတယ်။ သူပိပေါ် ကျတဲ့ အသံဟာ တဒုတ်ဒုတ်နဲ့ပေါ့။ လောကဟာ အေးမြနေပေမယ့် ကိုယ့်ရင်တွင်းမှာ မီးပြင်းထိုး သလို ပူနေတယ်။ မေတ္တာရေစင် ပက်ဖျန်းမှသာ အေးချမ်းပါလိမ့်မယ်။

ဝသုန်မြေတစ်နေရာမှ...

ပိုက်

'ဟုတ်ပြီကွ....ဟုတ်ပြီ'

ဦးထီအောင်က ဝမ်းခေါင်းသံကြီးဖြင့်ထအော်သည်။ မောင်ပိုက်မှာ ဇက်ပုဝင်သွား၏။

'ဟုတ်ပြီကွ....ဟုတ်ပြီ၊ ဒါဟာ အင်္ဂါချတ် လမ်းညွှန်ပဲ ဘဝရဲ့ ကြေရှစ်ဖြစ်တဲ့ ဆောင်းညမှာ နှင်းကြွေတယ်တဲ့ အဓိပ္ပာယ်ကတော့ ဆောင်းညဖြစ်တဲ့ မြာသို လပြည့် ညမှာ ကြေရာင်မြစ်တူးရမယ်၊ သွပ်ပေါ်ကျတဲ့ သွပ်သံ တဒုတ်ဒုတ်မြည်တာက ဒုတ္တာကို ဆိုလိုတယ်၊ (လော ဟာ)က လောဟာသတ္တုဖြစ်ရမယ်၊ နိတ်ပြီ–နိတ်ပြီ သွပ် ဒုတ္တာ၊ ဘင်ဂျတ်နာ၊ လောဟာသတ္တုမျိုးတဲ့၊ သိုက်အသ ကိုက်တယ်'

မောင်ပိုက်မှာ ရှုံ့နေ၏။ ကိုဘကောင်းက အသံထွ မရယ်မိစေရန် မနည်းချုပ်တီးထားရသည်။ ဦးထီအောင် က် သူထင်ရာ သူဆက်မှတ်၏။

'မီးပြင်းထိုးသလို မူတာက—မီးပြင်းပြင်း ထိုးဖို့ ညွှ ကြားတာ၊ ဝသုန်မြေ တစ်ခုနေရာဟာ ပုပ္ပားတောင်မြ တောင်ကလပ်ပဲ ဖြစ်ရမယ်၊ ပိုက်ကွာတော့ ပိုက်စွန်နီ ဘိုးဘိ ကြီးပဲပေါ့၊ ဟန်လိုက်လေ၊ သွပ်သံ ဒုတ္တာ၊ ဘင်ဂျတ်နာ လောဟာသတ္တုမျိုး၊ အသော့ချက်ချင်း၊ လုံမှာသွင်း၊ ပြင်း နာနာထိုး၊ လုပ်ရပ်တတ်ပွန်၊ နည်းပြညွှန်၊ ပိုက် နီဘိုးဘိုးတဲ့၊ အားလုံး ကိုက်ညီတယ်၊ ငါနဲ့ ထိုက်လို



ရတာပဲ၊ ထွက်ရပ်ပေါက်တော့မယ်၊ ရွှေဖြစ်ရချည်သေး.... ရွှေဖြစ်ရချည်သေး....'

ဦးထီအောင်မှာ ထိန်းမနိုင်သိမ်းမရဖြစ်နေ၏။ စာရွက် ကလေးကို တရိုတသေ ခေါက်ပြီး အိတ်ထဲ ထည့်သည်။ အမျိုးဖျန်းကလေး ရည်းစားနှင့် ချိန်းထားသလို အိမ်သို့ မြန်းထူးစွာ ဝင်ပြေးသည်။

'စိတ်ကုန်ပါပြီဗျာ'

မောင်ပိုက်သည် ပခုံးနှစ်ဖက်တွန့်၊ လက်ဝါးနှစ်ဖက် ဖြန့်ကာ ညည်းလိုက်သည်။ သူသည် မီးဖိုချောင်ဘက်သို့ ပြန်လျှောက်သွား၏။ တစ်ဖက်အိမ်ထဲတွင် ရှူးရှဲ ရှူးရှဲ မြည်သော ဖိုပြင်းဆွဲသံများ ဆူညံနေသည်။

ထမင်းအိုးသည် ပွက်ပွက် ထကာ ဝေကျနေသည်။ မောင်ပိုက်က စလောင်းဖုံးကို ကိုင်သည်၊ ပူသွားသဖြင့် ''အလယ်လယ်''ဟု အော်ကာ နားရွက်ဖျားကို ထပ်ကိုင် သည်။ တစ်ချက် နှစ်ချက်မှုပြီး ထမင်းအိုးကို ငှဲ့လိုက် သည်။

ဘယ့်နှယ်လဲကွ၊ ပိုက်စွန်နီဘိုးဘိုးကြီး....ဖွတ်'

ကိုဘကောင်း မီးသေနေသော ဆေးတံဖွာ၍ အနား ရောက်လာသည်။ မောင်ပိုက်က ထမင်းအိုးကို တစ်ချက် ဆောင့်ရင်း....

www.burmeseclassic.com



'ထူးခြားတာကတော့ ဆရာမြင်တဲ့အတိုင်းပါပဲဆရာ ကျွန်တော်တော့ လူရော စိတ်ရော အတော်ကုန်သွားပြီ' ညည်းပြော ပြောသည်။

'မကုန်ပါနဲ့ဦးကွာ၊ ဆောင်းညမှာ ကောရာဇ်မြစ်တွေ ပြီး ဆင်ကျွတ်နာ လုပ်ဦးပေါ့၊ ဖွတ် ဖွတ်'

ကိုဘကောင်း ဆေးတံဖွာရင်း နောက်သည်။

'ဒီစာဟာ ဆယ်ဇါတိတိ ရေးရတာ ဆရာ့ရဲ့ ဆရာ စတ္တုရေးတာလောက်နီးနီး ပင်ပန်းတယ်၊ အပြီးသတ် ကျတော့ ဘာဖြစ်လာသလဲ'

'ပိုက်စွန်နံဘိုးဘိုးကြီး ဖြစ်လာတယ်လေ'

'တော်ပါ ဆရာရယ် စိတ်ကုန်လွန်းလို့ပါ၊ ဒီအဘိုး ကြီး ဘာသာပြန်ကောင်းတာနဲ့ ကျွန်တော့်ရေးထား ဂျော့ဆန်ဆန် အဖွဲ့အညွှန့်ကလေးတွေ အကုန်ဖွတ်ဖြစ် ကုန်ပြီ၊ ဒီတစ်ခါတော့ စာမပေးတော့ဘူး၊ လူကိုယ်တိုင် အိမ်ပေါ်တက်မယ်'

မောင်ပိုက်၏ ကြိမ်းဝါးသံကို ကိုဘကောင်းမျက်လုံး ပြူးသွားသည်။

'ဟ ဟ မလုပ်နဲ့မောင်ပိုက် အိမ်တက်မှုနဲ့ ဂါတ် သွားအိပ်နေရဦးမယ်၊ အေးအေးနေပါ တပည့်ရာ၊ မနေ ချင်စမ်းပါနဲ့'



မောင်ပိုက်ပြုံးသည်။

တစ်ဖက်အိမ်မှ ဖိုထိုးသံ တရှဲရှဲ ကြားရ၏။

'ချစ်တယ်ဆိုတဲ့ အရသာဟာ အဲဒီ ဖိုထိုးသံလို ရှူးရှဲ ရှူးရှဲနဲ့ ရင်ထဲမှာမြည်နေတယ် ဆရာ၊ ပြောမယုံ၊ ကြုံမှသိတဲ့ ဆရာ ကြုံရင် သိပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

ခင်မြင့်မြတ်မှာ ကျောင်းတွင် လှောင်စရာသတ္တဝါလို ဖြစ်နေလေသည်။ ရုပ်လည်း ချောပါ၏။ ပိုက်ဆံလည်း အသင့်အတင့် ရှိပါ၏။ ရာထူးလည်း ရှိပါ၏။ အဘယ့်ကြောင့် ခုတိုင် လင်မရသနည်း။

'ဘယ်လိုလဲ အပျိုကြီးရဲ့၊ ဒီမြင် ဆရာမတွေဟာ ဒီယံ စတင်ကျော်နဲ့ ဆရာမမတော့ အဖော်မဲ့ တစ်ကိုယ်ပါ

'မဟုတ်ဖော်မတွေ့သေးလို့လား'

မရှိဘဲ စာတွေ့းချင်း ကြ၏။ စလည်း စချင်စရာ ကြားဖူးနား ဆရာမတိုင်း အိမ်ထောင်ရှိကြ၏။ ခင်မြင့်မြတ် တစ်ယောက်သာ တစ်ကိုယ်တည်း အပျိုကြီး ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အို…တော်၊ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး နေချင်လို့ နေလာတာ၊ အာဝေဏိကငါးပါး ကြောက်လွန်းလို့၊ ကိုယ်တော့ ရှောင်နိုင်သမျှ ရှောင်နေမှာပဲ၊ လင်မယူချင်သေးဘူး'

ခင်မြင့်မြတ်၏ ခါးခါးသီးသီး အပြောကို အသက်ကြီးကြီး ဆရာမ တစ်ယောက်က…

'ရှောင်နိုင်သမျှ' ရှောင်ပေါ့လေ၊ မရှောင် နိုင်တဲ့ ဒီချောင်ကြား နင်နဲ့ ငါနဲ့ညားဆိုတဲ့ အချိန်လဲ ရောက်ဦး မယ်၊ အပြောကြီးသူတွေ ထိတတ်တယ်နော်'

ပြောရာ ကျန်ဆရာမများက ဝါးခနဲ ဝိုင်းရယ်လိုက်ကြသည်။

'ဘာရယ်တွေများ ပွဲကျနေသလဲဗျ၊ ကျုပ်တို့လဲ ရယ်ပါရစေ'

ပျော်ပျော်နေတတ်သော ဆရာတစ်ယောက် ရောက်လာ၏။

'ဟောဒီ….ဒေါ်ခင်မြင့်မြတ်ပေါ့ ဆရာ၊ လင် သေးဘူးဆိုလို့ ဝိုင်းနားချနေကြတာ'

အသက်ကြီးကြီး ဆရာမက ပြော၏

'စိတ်ကူးမလွန်နဲ့ ဒေါ်ခင်မြင့်မြတ်၊ တွဲလောင်း၊ သမီးတွဲလောင်း အငြိမ် … သော အိမ်ထောင်ပြုခြင်း၊ သားမွေးခြင်း ဒုက္ခဟာ ရှောင်လို့ ရတာ မဟုတ်ဘူး၊ မြေးမလွှတ်မယ့်အတူတူ လာမယ့်ဘေး



ရေခဲတုံးဆိုသော ဆရာမက မေးသည်။

'အို-သိတာပေါ့၊ စာအုပ်တွေ ဖတ်ကြည့် သိတာပဲ'

ခင်မြင့်မြတ်က ခပ်ကြွကြွ ဖြေသည်။

'ဟင်း-ဟင်း၊ စာတွေနဲ့ငါ့ကျွေး တခြားစီပဲ၊ ခင်မြင့် မြတ်ဟာ တစ္ဆေကို လူပြော သူပြောနဲ့ ကြောက် သလို ယောကျ်ားတွေကိုကြောက်နေတယ်၊ တစ္ဆေကို ကြောက် သလိုကြောက်တယ်၊ ဘယ်သူမှ မြင်ဖူးတာ မဟုတ်ဘူး၊ ခင်မြင့်မြတ် ရည်းစားထားဖူးသလား'

ရေခဲတုံး ဆရာမက စစ်သည်။

'ဝေးစွခြောက်ပါး ရည်းစားနဲ့တူတာဆိုလို့မှုးလို့ ရှူ စရာမရှိဘူး၊ ဒီအသက်အရွယ်ရောက်လာပြီ တစ်ယောက်မှ မထားခဲ့ဖူးဘူး၊ ငယ်ငယ် ကတည်းက ယောကျ်ားတွေ ကိုအထင်သေးတာ၊ ခုလဲအထင်သေးတုန်းပဲ၊ ယောကျ်ား တွေဟာ လေကြီးသလောက် လက်တွေ့မှာ အလကား သက္ကဝါတွေပဲ'

ခင်မြင့်မြတ်က ယောကျ်ားမုန်းတီးရေး ဒေသနာကို စတင်သည်။

'မဟုတ်သေးဘူး ခင်မြင့်မြတ်၊ ယူ့ဟာက လက်တွေ့ မရှိဘဲ စာတွေနဲ့ ရမ်းမုန်းနေတာ၊ လူပြော သူပြောနဲ့ ကြားဖူးနားဝနဲ့ မုန်းနေတာ၊ ယောကျ်ားတွေဟာ ယူထင် သလို မဆိုးပါဘူး၊ မယုံရင် ယောကျ်ား တစ်ယောက် ယောက်နဲ့ ချစ်ကြည့်ပါလား'

www.burmeseclassic.com

www.burmeseclassic.com



ရေခဲတုံးဆရာမ၏ တိုက်တွန်းချက်ကို ကျန်ဆရာမတွေက 'ဟုတ်တယ် ဟုတ်တယ်'ဟု ဝိုင်းထောက်ခံကြသည်။

'ချစ်ချင်ပါဘူး၊ ချစ်ချင်ပါဘူး'

ခင်မြင့်မြတ် ခေါင်းခါခါ လည်ခါခါ ငြင်းသည်။

'ဘယ်နှယ်၊ မချစ်ချင်လို့ဖြစ်မလဲ၊ လူဖြစ်လာရင် ချစ်ရမယ် ခင်ရမယ်၊ ချစ်ခင်ရမယ့်ဝတ္တရားရှိတယ်၊ ချစ်တယ်ဆိုတာ ဟောဒီလို မြေဖြူလိုပဲ၊ ရင်ထဲမှာဖြူပြီး နူးညံ့သွားတယ်'

ဆရာမ တစ်ယောက်က ပြောသည်။

'ချစ်တယ်ဆိုတာ တနည်းပြောရရင် ကျောက်သင်ပုန်းကြီးလိုပဲ နက်ရှိုင်းပြီးကျယ်ပြန့်တယ်၊ ခင်မြင့်မြတ်ချစ်ကြည့်စမ်းပါ'

ဆရာမတစ်ယောက်က ပြောပြန်သည်။

'အမှန်တော့ ချစ်တယ်ဆိုတာ ကြိမ်လုံးကို လေထဲမှာ ဝှေ့ယမ်းနေသလိုပဲ၊ ရင်ထဲမှာ ရှိုး–ရှိုးနဲ့ မြည်နေတယ်'

ဆရာမ တစ်ယောက်က ကပ်ကပ် သတ်သတ်ပြောစဉ် ကျောင်းတက်ခေါင်းလောင်းထိုးသည်။

'ချစ်တယ်ဆိုတာ ဟောဒီ ခေါင်းလောင်းသံလိုပဲ နားထောင်ကြည့်ပါလား ဂလိုင်....ဂလိုင်နဲ့၊ အချစ်စိတ်ဝင်လာရင် ရင်ထဲမှာ ဂလိုင်....ဂလိုင် ညံ့သွားတာပဲ'

အသက်ကြီးကြီး ဆရာမက နိဂုံးချုပ်လိုက်သည်။



'ကျွန်မတို့က ခင်မြင့်မြတ်ချစ်ချင်အောင် ဆွယ်တရားဟောနေတာ၊ ဆရာမပြောမှပဲ ပျက်စီးတော့တယ်'

အသီးသီး ကောက်ချက်ချကာ သက်ဆိုင်ရာအတန်းသို့ ဝင်သွားကြသည်။ ခင်မြင့်မြတ်မှာ စာသင်ရသည်ကို စိတ်မပါတော့ပေ။ ဆရာမများ စကားကို ကြားယောင်နေလေသည်။

အတန်းထဲသို့ ဝင်သည်ဆိုလျှင် ပြဿနာ တစ်ခုဖြင့် ရင်ဆိုင်ရသည်။ ကျောင်းသူတစ်ယောက်ကို ကျောင်းသားတစ်ယောက်က စာပေးမှုဖြစ်၏။

'ဆရာကြီး ရုံးခန်းရောက်ရင် မင်း ဒဏ်ထက်နာမယ်၊ ငှက်ပျောသီးနဲ့ကို နှယ်ယူရမယ်၊ နောင်ကို မှတ်ထားတစ်တန်းတည်းသား မောင်နှမရင်းချာလို သဘောထားရမယ်၊ ကြိုက်ချင်ဦး....ချစ်ချင်ဦး'

ခင်မြင့်မြတ်က မေးမေးရိုက်ရိုက်ဖြင့် တရှမ်းရှမ်း ရိုက်သည်။ အားရှိပါးရှိ တွယ်လိုက်ရသဖြင့် လက်မန်းကျသွားသည်။ ထိုသတင်းသည် ဆရာမများ အပန်းဖြေစခန်းတွင် ဂယက်ရိုက်နေသည်။

'ဆရာမတော့ ဝဋ်လိုက်တော့မှာပဲ၊ တော်ရုံတန်ရုံ ရိုက်ရောပေါ့၊ ဒါမျိုးဆိုတာ မမှတာပဲ'

အသက်ကြီးကြီး ဆရာမကပြောသည်။

'အို....ကျွန်မတော့ လက်အံသေအောင်ကို တွယ်ပစ်လိုက်တယ်၊ တစ်ယောက်ကစတစ်ရာ နမူနာယူပြီး လျှောက်လုပ်ကုန်မှာစိုးလို့ နာနာနှက်လိုက်ရတာ'

www.burmeseclassic.com

www.burmeseclassic.com



ခင်မြင့်မြတ်က ရိုက်ရခြင်းအကြောင်းရင်းကို ရှင်းပြသည်။

'ရိုက်လဲရိုက်ရိုက်ပဲ၊ အချစ်စိတ်ဆိုတာ ဂလိုင်....ဂလိုင် မြည်လာတာ၊ ဂလိုင်မြည်ရင် ဘယ်လို သတ္တဝါမှ မခံနိုင်ဘူး'

အသက်ကြီးကြီး ဆရာမစကားကို–

'ဟုတ်တယ် မိန်းကလေးတွေကလဲ မိန်းကလေးတွေပဲ၊ ယောကျ်ားလေးချည့် အပြစ်ပြောလို့မရဘူး၊ ကိုယ့်ဂုဏ်နဲ့ ကိုယ်နေပါလား၊ မျဉ်းတံငှား၊ ကွန်ပါငှား၊ မုန့်ဝယ်ကျွေးရ၊ ပိုက်ဆံချေးရနဲ့ ဖတ်တော်ကြာ ကောင်လေးတွေက အဟုတ်မှတ်ပြီး စာပေးရော၊ ဒီတော့ မကြိုက်ပါဘူး၊ မချစ်ပါဘူးနဲ့ အတန်းပိုင်ဆရာတိုင်တယ်၊ ကောင်လေးတွေမှာ အတီးခံရတာ အဖတ်တင်တာပဲ'

ငဲရခဲ့တုံးဆရာမက ထောက်ခံသည်။

'အို....ဆရာမက ယောကျ်ားလေးတွေဘက်က မကာကွယ်ပါနဲ့၊ သူတို့က စ,တာပါ၊ မြေပုံရောင်စုံ ခြယ်ပေးရ၊ ပန်းခူးပေးရ၊ စာအုပ်ကူသယ်ပေးရ၊ ဒါစ,တာမဟုတ်လား၊ နောက်တန်းက ဇီးစေ့နဲ့ပေါက်တာ၊ စက္ကူလုံးနဲ့ ပေါက်တာ၊ မကြားတကြား သီချင်းဆိုတာ စုံနေတာပဲ၊ တစ်ခါတစ်ခါ အသည်းယားလွန်းလို့ ဒတ်စတဲ့နဲ့ ကောက်ပေါက်မိတယ်'



ခင်မြင့်မြတ်က ပြောသည်။

'အပြစ်ရှိတာကတော့ နှစ်ဖက်စလုံးပဲ၊ ချိတ်ချိတ်ချင်း ချိတ်မိကြတာ၊ မောင်းထောင်လဲ မောင်းထောင်၊ တောင်ငူလဲတောင်ငူ ဆိုသလိုပဲ၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ ကလေးတွေ မဟုတ်လား'

အသက်ကြီးကြီး ဆရာမက လှကြီးလေသံဖြင့် ကောက်ချက်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

'မှုအောင်လံတော်မဂ္ဂဇင်း' တိုက်သည် စာရေးဆရာများ စုရုံးကျရာ အရပ်ဖြစ်သည်။ ကိုဘကောင်းသည် မြို့ထဲ ထိုက်ဘိုင်း အောင်လံတော် မဂ္ဂဇင်းတိုက်သို့ ဝင်လေ့ ရှိသည်။ စာမူပေးရန်အတွက် လည်းကောင်း၊ စာမူခ ယူရန်အတွက်လည်းကောင်း၊မကြာခဏ ရောက်တတ်သလို သွားရင်းပြန်လှဲလည်း ရောက်တတ်လေသည်။

'လာဗျို … အဓိတော်ပဲ'

ကိုဘကောင်းဝင်လိုက်လျှင် စာရေးဆရာတစ်ယောက် ကဆီးကြိုနှုတ်ဆက်သည်။ အခြားသော စာရေးဆရာ သုံးယောက်ကလည်း အပြုံးဖြင့် နှုတ်ဆက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'လက်ကျန်လေး ရှိသေးတယ်၊ ရှင်းလိုက်ပါလား'

ဖန်ခွက်ကို တစ်ယောက်က မေးငေါ့ပြသည်။ ကိုဘကောင်းက ခေါင်းခါ၍—

'နေပါစေ....နေပါစေ....ကျေးဇူးတင်ပါတယ်'

စာရေးဆရာအားလုံး ဝါးခနဲ တစ်သံတည်း ရယ်လိုက်ကြသည်။

'ခင်ဗျားကတော့ စံပဲ ကိုဘကောင်း၊ လက်ကျန်ရှင်းခိုင်းတာက အရက်မဟုတ်ဘူး၊ ရေနွေးကြမ်းဗျ'

ကိုဘကောင်းက ပြုံးရယ်၍....

'သိဘူးလေ.... ခင်ဗျားတို့ ကလဲ အခက်သား မဟုတ်လား၊ လက်ကျန်ဆိုတော့ ကျုပ်က အရက်မှတ်တာပေါ့၊ ရေနွေးကြမ်းဆိုရင် အချိန် မရွေးဘဲမျို....ပေး....ပေး'

ဖန်ခွက်ကို နမ်းကြည့်ပြီး မော့ချလိုက်သည်။

'ခင်ဗျား အရက်ခွက်ကို အဲသလို မော့ချတာ မြင်ချင်သဗျာ....ဘယ်တော့များ မြင်ရပါမလဲ'

တစ်ယောက်က ပြောသည်။

'စိတ်ချ....ဘယ်တော့မှ မြင်ရမှာ မဟုတ်ဘူး'

ကိုဘကောင်းက သူ့ကိုယ်သူ စိတ်ချသော လေသံဖြင့် ပြောသည်။

'အေး လောကမှာ ခင်ဗျားလို လူလဲ ရှိသေးတာပဲ၊ အရက် မသောက်၊ ဖဲမရိုက်၊ မိန်းမ မလိုက်၊ လူ့ ဘဝ



လူ ဖြစ်လာရင် ပျော်မယ် ရှင်မယ်၊ ခင်ဗျား ဘဝက ခြောက်ကပ်ကပ်ကြီး၊ ဆာဘာရ သဲကန္တာရကမှ ခင်ဗျား ဘဝထက်စာရင် စိုပြည်လိမ့်ဦးမယ်၊ သူ့မှာ အိုအေစစ်နဲ့ဗျ၊ ခင်ဗျား အိုအေစစ်က ဘယ်မလဲ'

မျက်မှန်ဖြင့် စာရေးဆရာက မေးသဖြင့် ကိုဘကောင်းသည် လွယ်အိတ်ထဲ လက်နှိုက်ကာ....

'ဒီမလေ မိတ်ဆွေတို့၊ ဘကောင်းရဲ့ အိုအေးစစ်'

ဆေးတံကြီးကို ထုတ်ပြလိုက်သည်။

'သွားစမ်းပါဗျာ....တာဆိုတ်ရှိ ဆေးတံကြီးပဲ ထုတ်နေတယ်၊ ခင်ဗျား ဒါကြီးပဲ မက်မောနေ၊ အဲဒါကြီးနဲ့ လက်ထပ်၊ ခင်ဗျား သေတော့ ခေါင်းထဲကို အဲဒါကြီး ထည့်ပေးလိုက်မယ်'

စုတ်ချွန်းချွန်း စာရေးဆရာကဝင်ပြောသဖြင့် အားလုံး ရှိုင်းရယ်ကြသည်။

'ဟုတ်တယ်ဗျ....ကိုဘကောင်း ရှဲ၊ မိန်းမ ယူဖို့ လေးဘာလေး စိတ်ကူးဦး၊ ဒီလိုချည်း နေသွားလို့ မဖြစ်သေးဘူး၊ တော်တော်ကြာ ခင်ဗျားကလူပျိုကြီး၊ အပျိုယောင်ဆောင်နေတဲ့ တစ်ခုလပ်နဲ့ တွေ့လို့ ဘာညာ ကွိကွ ကြားရင် မကောင်းဘူး'

တစ်ယောက်က တွန်းသည်ကို ကျန် တစ်ယောက်က....

'ဒီတော့လဲ ကောင်းဗျာ့တော့ ခေါင်းပူ ချည်လေး.... မြဲယောင်သေးတယ်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ကဗျာလည်းရေးသော စာရေးဆရာက ကဗျာဆန်ဆန် ဝင်ပြော ပြန်သည်။

'ဒါအတွက်တော့ မပူနဲ့ဗျို့...ကျုပ်က ရှင်းရှင်း နေတဲ့လူ၊ မိတ်ဆက်စာ လာရင်တောင် မိန်းကလေးဆို စာပြန်တာ မဟုတ်ဘူး၊ စာရင်းရှုပ်မှာ စိုးလို့'

ကိုဘကောင်းက ဆေးတံ မီးခိုးများကို ဖူးခနဲ မှုတ်လိုက်သည်။

'ဖြစ်ပါ့မလား ရှင်၊ 'ပိုတာပါဗျာ....ခင်ဗျားလား မပြန်မှာ၊ မောင်ပိုက်ကို ပြောပြတော့ ခင်ဗျားဆီမှာ မိန်းကလေး ချော့ချော့ ခေါ်တတ်မှု တွေ လေးရာ့ ကိုးဆယ့်ခြောက်ပုံ ရှိတယ်ဆို'

မျက်မှန်က ဝင်နှောက်သည်။

'ဘုရားကို စူးရပါစေ့ရဲ့ဗျာ...ဘာ ခေါ်တတ်မှု မရှိပါဘူး၊ မယုံရင် ပုလိပ်ခေါ်ပြီး လာရှာကြည့်လှည့်ပါ၊ တွေ့ရင် ကျုပ်ကို သတ်'

ကိုဘကောင်း ကျိန်တွယ်ပြောသည်။

'ဘယ်တွေ့မလဲ ကျုပ်တို့ လာရှာမယ်ကြားလို့၊ တစ်နေ့ရာရာ ဖွက်ထားလိုက်မှာပေါ့၊ ခင်ဗျား လောက်မျှား လျှင်လို့ဗျာ.... မှန်မှန် ပြောစမ်း၊ ပြီးခဲ့တဲ့ တနင်္ဂနွေ နေ့က တိရစ္ဆာန်ရုံမှာ အမျိုးသမီးတစ်ယောက်နဲ့ တွေ့လိုက်တယ်၊ အဲဒီ အမျိုးသမီး ဘယ်ကလဲ'

တစ်ယောက်က စစ်သည်။ ကိုဘကောင်း မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်၍....



'မတော်တာတွေဗျာ... တစ်နေ့လုံး ကျုပ်အိမ်မှာရှိပါတယ်၊ လုံးချင်းတစ်အုပ် လက်ခံထားတာ မပြီးလို့ မိရေးနေရတယ်၊ မယုံရင် မောင်ပိုက် မေးကြည့်ပါ'

မောင်ပိုက်ကို သက်သေ ထူသည်။

'ဒါ သွားလိုက်ပါတော့လေ၊ (၄-ရက် ၁၀-လ ၆၈) ၁၂-နာရီခွဲပဲ ပလေဒီယံရုံ၊ (ပဂ္ဂဝင်းရုံ ယခုမရှိတော့ပါ) အဲဒီမှာ ခင်ဗျား ရုပ်ရှင် ကြည့်တယ်၊ ခင်ဗျားနဲ့ အတူ အသားဖြူဖြူ မျက်နှာ ဝိုင်းဝိုင်းအိုမီဂါရှိုက် ဆံတောက်နဲ့ မိန်းကောင်မလေးက တစ်ယောက်ပါတယ်၊ ထဘီကို ပေါင်တစ်လုံးပေါ် စတ် ထားတယ်၊ အိတ် အနက် ကိုင်ထားတယ်၊ အဲဒီအမျိုးသမီး ဘယ်သူလဲ'

မျက်မှန်က အတိအကျ စွပ်စွဲသည်။

'ဘုရား....ဘုရား....အဲဒီရက်က ကျုပ် ဘယ်ရောက်နေပါလိမ့်၊ မှတ်သဲမမှတ်မိတော့ပါဘူး၊ ကျုပ်တစ်သက်မှာ ပေါင် တစ်လုံးပေါ် ဝေးလို့ ခြေသလုံး တစ်လုံး ပေါ်နေတာင် ရုပ်ရှင် တွဲမကြည့်ဘူးပေါင်ဗျာ'

ကိုဘကောင်းက ဆေးတံဖွာရင်း ခါးခါး သီးသီး ငြင်းသည်။

'ခင်ဗျားတို့ မကောင်းဘူးဗျာ၊ မဟုတ်တာက စ,ပြီး မဟုတ်တာတွေ စွပ်စွဲနေတယ်၊ စာ အကြောင်း ပေအကြောင်း ဆွေးနွေးရမလားလို့ ဝင်ခဲ့ပါတယ်၊ သွား

www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူတို့ အဘွားညီညီတို့ အိုမီဂါ ရှိတ်တို့ ပေါင်တစ်ခြမ်း ပေါ်တို့ ဘာတွေမှန်းလဲ မသိဘူး၊ ကျုပ်ပြန်တော့မယ်'

စာရေးဆရာများ ဝိုင်းဆွဲထားကြသည်။

'အလကားပါဗျာ...ကျွန်တော်တို့က ချစ်လို့ စ,တာ ပါ၊ ကိုမျက်မှန်နှော် ကလေးကို စ,စမနေနဲ့ သူ့ခမျာ စိတ်ဆိုးသွားပြီ'

ကိုဘကောင်းကို ပြန်ထိုင်ခိုင်းကြသည်။

လူပျိုကြီးဆိုသည်မှာ အပေါင်းအသင်း ရောင်းရင်း တို့ အလယ်တွင် ရယ်စရာ သတ္တဝါသာ ဖြစ်ချေသည်။ မစ္စ ခြင်း၊ မဟာနှံခြင်းတို့အတွက် လက်သုံးပေါင်း များစွာက "ကရော်...ကရော်" လှောင်လျက် ရှိ၏။ ဤကား လောကဓမ္မတာ နိယာမ ဖွတ်ကလိဒင်္ဂါးဖြစ်၍ ကိုဘ ကောင်းသည်လည်း ဧကန်ကွင်းမလွတ်ပေ။

'ခင်ဗျား...မိန်းမ မယူမချင်း ကျုပ်တို့ကတော့ စမြဲ စနေဦးမှာပဲ၊ အစမခံချင်ရင် မိန်းမ မြန်မြန် ယူလိုက်၊ ကျုပ်တို့ကြည့်စမ်း မင်္ဂလာဇင်းတိုက်က ပြန်လာရင် အိမ်ဝက ကြိုမယ့် မိန်းမအသင့်၊ အစ်ကို ... မောလာသလား၊ မောင်...ပန်းလာသလား၊ ထီးပေးပါ၊ လွယ်အိတ်ပေး ပါ၊ ရေအေးအေး သောက်လိုက်ဦး ယပ်ခတ်ပေးမယ်၊ ယုယမယ့်သူ ရှိတယ်၊ ခင်ဗျား အိမ်ပြန်တော့ ဘယ်သူက ကြိုသလဲ'



ကမ်ဗျာလည်း ရေးသော စာရေးဆရာက သဘာဝ ကျကျ ပြောသည်။

'အိုဗျာ....မောင်ပိုက် ရှိသားပဲ၊ သူကြိုတာပေါ့၊ ထီးနဲ့ လွယ်အိတ်ကို သူ ယူချိတ်တာပေါ့"

ကိုဘကောင်းက ခပ်ဆတ်ဆတ် ပြောသည်။

'ဟား....ဟား ...ကိုယ့်လူ ခက်သေးတာပဲ၊ မောင်ပိုက် နဲ့ တူတာ မဟုတ်ဘူးဗျ၊ မောင်ပိုက်က ဆရာပြန်လာပြီ လား မေးတာနဲ့ အမျိုးသမီးက အစ်ကို ပြန်လာပလား မေးတာ အသံချင်း မတူဘူး၊ အရသာချင်း တခြားစီ တကယ်ယူကြည့်မှ တကယ်သိမှာ'

မိန်းမ မယူချင် ယူချင်အောင် ဝိုင်းဝန်း သွေးဆောင် ကြသည်။ ကိုဘကောင်းမှာ ဆေးတံကို မီးခိုး ထောင်း ထောင်းထွက်အောင် ဖွာနေရာက....

'ချောက်မတွန်းကြပါနဲ့ဗျာ.... အိမ်ထောင်ကျတယ်ဆို တာ အိမ်တည်းဟူသော ထောင်ထဲမှာ လွတ်ရက်မရှိကျ တာပဲ၊ အခုလို ကျုပ်နေတာ ဘယ်လောက် လွတ်လပ်သလဲ အချိန်နဲ့ အိမ်ပြန်မရောက်လဲ ဆူမယ့် ပူမယ့်သူ မရှိဘူး၊ ဒီလ ငွေရနည်းတယ် ဘာညာ ကွိကွလုပ်မယ့်သူ မရှိဘူး၊ ရသလောက်နဲ့ စား၊ ကိုယ့်စာ ကိုယ်ရေး၊ နားအေး ပါးအေး သုခဘုံကလေးဗျ'

သူ့ဘာဝသူ အမှန်းတင်သည်။ မျက်မှန်နှင့် စာရေး ဆရာက....

www.burmeseclassic.com



'ပြောဦးလေဗျာ...ဦးပေါ်ဦး လျှောက်ထုံးထဲကလို ပေါ့၊ မှန်ပါ့ အကြိုက်မတွေ့သေးလို့ မါဘူးရှား ဆိုတဲ့လို ခင်ဗျားလဲ အကြိုက်တွေ့လာတဲ့ တစ်နေ့မှာ သူ့ဘာကို ဖျက်ဆီးပစ်မှာပဲ၊ဒီမှာကိုဘကောင်း ငြင်းမယ်စိတ်မကူးနဲ့ ကျုပ်တို့က ပျိုရာက အိုလာတာဗျ'

ကိုဘကောင်းသည် ငြင်းချက် မထုတ်နိုင်တော့ပေ။ ဆေးတံခဲကာ ရယ်ဖြဲဖြဲ လုပ်နေ လိုက် ရ တော့ သည်။ အိမ်ပြန်အရောက်တွင် မောင်ပိုက်သည် ဆီးကြို၏။ သူ့ ခမျာ မီးဖိုထဲက ထွက်လာရ၍ အိုးမည်းတွေ အပေပေ ချေးတွေ အစီးစီး ဖြစ်နေသည်။

ကိုဘကောင်းသည် (ကြိုက်တာချင်း မတူဘူးဗျ)ဟု သော စာရေးဆရာ တစ်ယောက်၏ စကားကို ကြား ယောင်မိသည်။ မောင်ပိုက် နေရာတွင် မိန်းမတစ်ယောက် ဆာ ဆိုသော် ဘယ်လိုနေမလဲ။အစ်ကို မောလာသလားလို့ ဆီးမေးလိုက်ရင် ငါ့စိတ်ထဲက ဘယ်လို ခံစားရမလဲ၊ ကိုဘကောင်းသည် စာရေးဆရာ ပီသစွာ အတွေးနက် နေ၏။ မောင်ပိုက် နေရာတွင် ခင်မြင့်မြတ်ကို ထား၍ တွေးကြည့်သည်။

'ဒါကြီးတော့ မဖြစ်သေးပါဘူးကွာ'

သူ၏ နှုတ်မှ လွှတ်ခနဲ ထွက်သွား၏။ ဆရာ၏ အကဲကို ခတ်နေသော မောင်ပိုက်က....



'ဘာကြီးလဲ ဆရာ....မဖြစ်ဘူးဆိုတာ'

ကိုဘကောင်းက ဟိုဟိုသည်သည် လှမ်းကြည့်လိုက်ရာ အိမ်ခြေရင်း ဘက်မှ ရေနံဆီသံပုံးလွတ်ကို တွေ့သွားသည်။

'ဒါကြီးပေါ့ကွ .. ဒီသံပုံးကြီး ပေါက်နေတာ ကြာပြီ မဟုတ်လား၊. ရေထည့်လို့ မဖြစ်သေးဘူး၊ ကတ္တရာရရ ပွဲညက်ရရရှာကြံပြီး ဖာပါဦးကွာ'

သူ့ အတွေးကို မောင်ပိုက် မသိစေချင်၍ သံပုံးကို လွှဲချလိုက်သည်။ မောင်ပိုက်သည် ကိုဘကောင်း၏ အူကြောင်ကြောင် အဖြေကို သက်ပြင်းချလိုက်၏။ ထုံးစံ အတိုင်း ပခုံးနှစ်ဖက်ကိုတွန့်၊ လက်ဝါးနှစ်ဖက်ကို ဖြန့်ခါ ပြကာ....

'စိတ်ကုန်ပါပြီဗျာ'

ကိုဘကောင်းသည် အကြောတက်သဖြင့် မောင်ပိုက်ကို နှင်းခိုင်းသည်။ ကိုဘကောင်းက ခုတင်ပေါ်တွင်မှောက် လျက်။ မောင်ပိုက်က ခြင်ထောင်တန်းကို ဖေးမကိုင်ရင်း နှင်းပေးသည်။

ဘေးပြတင်းပေါက်သည် ဟင်းလင်း ပွင့်လျက်ရှိ၏။ ယခင် ပြုတ်ကျဖူးသော တံခါးရွက်မှာ ကရော်ကမယ် ခနော်နီခနော်နဲ့ ပြန်တပ်ထားသည်။

'ခြေသလုံး နာနာခြေပြီးတော့မှ ပေါင်ကိုတက်။ အေး....ဟုတ်ပြီ၊ ဖြည်းဖြည်း ဖြည်းဖြည်း၊ ဖနှောင့်နဲ့ မထိုးနဲ့ကွ၊ ခြေဖဝါးနဲ့ နင်း၊ ကျွတ်—ကျွတ်'

www.burmeseclassic.com

www.burmeseclassic.com



ကိုဘကောင်းက အောက်ကည့န်ကြား်သမျှမောင်ပိုက်က တစ်သဝေမတိမ်းအောင် နှင်းပေးသည်။

'ကျွန်တော် ကြားဖူးတယ်ဆရာ၊ ကြုံလဲ ကြုံဖူးတယ်၊ ကျွန်တော်တို့ဦးလေး ဦးသန်းရှိန်ဆိုတာ အစကလူပျိုကြီးပေါ့'

ကိုဘကောင်းက ခေါင်းငဲ့မော့ကြည့်၍...

'ဘာဖြစ်သလဲ၊ အခု သေပလား'

မောင်ပိုက် ရှုံ့သွား၏။

'ဟာ ကရုဏာကလဲ ကျန်းကျန်းမာမာ ရှိနေပါတယ်ဆရာရဲ့၊ အဲဒီ ဦးသန်းရှိန်ဟာ ဆရာ့လိုပဲ အကြောတက်တတ်တယ်၊ ကျွန်တော်တို့ငယ်ငယ်ကနင်းလိုက်ရတာဆရာ၊ လူပေါ်က ဆင်းရတယ်မရှိဘူး၊ နင်းသူသာ ပြောင်းသွားတယ်၊ ဦးလေး သန်းရှိန်ကတော့ ပန်းပန့်လျက်ပါပဲ၊ အနှိပ်အနင်းအမျိုးမျိုးခံ၊ အင်္ဂလိပ်ဆေးတွေ စုံအောင်ထိုးသောက်၊ မြန်မာဆေးလဲ မလွတ်ရဘူး၊ ဘိုက်ထဲမှာပြည့်သူ့ဆိုင်ဆေးနဲ့ ဆေးပစ္စည်း ဖွင့်လို့ရတယ်၊ ပိုက်ဆံတွေကုန်တာလဲ သောက်သောက်လဲ၊ အကြောတက် ကတော့ မပျောက်ဘူး၊ နောက်ဆုံး ဘာနဲ့ ပျောက်တယ်ထင်သလဲဆရာ'

ကိုဘကောင်းက–

'အေး...ဆိုစမ်းပါဦး၊ နည်းကောင်းရင် မှတ်သားရတာပေါ့'



စိတ်ဝင်စားစွာပြောလိုက်သည်။

'မိန်းမယူလိုက်မှ ပျောက်တယ်ဆရာရဲ့၊ ကျွန်တော်တို့ဘကြီးတစ်ယောက်က (သန်းရှိန်တော့ ဒီအတိုင်းပစ်ထားလို့မဖြစ်ပါဘူး၊ ကလေးတွေနင်းရတာ ခြေသလုံးသွေးတောင့်လှပြီ၊ ဒီကောင် မိန်းမပေးစားမှ)ဆိုပြီးဇွတ်ပေးစားလိုက်တယ်၊ အကြောတက်ရောဂါဟာ လက်နဲ့ ယူပစ်လိုက်သလို မိန်းကြာဖက်တွင်ရေမတင် ပျောက်ပျောက်ကင်းသွားတယ်ဆရာ'

ကိုဘကောင်းက ပြန်မော့ကြည့်၍....

'ကြံကြံဖန်ဖန် မောင်ပိုက်ရာ၊ အကြော တက်တာနဲ့ မိန်းမယူတာ ဘာဆိုင်လို့လဲ'

'ကျွန်တော်လဲမပြောတတ်ဘူး ဆရာ၊ဘယ်လိုပတ်သက်တယ်ဆိုတာကတော့ ဆေးပညာရှင်များ သုတေသနပြုရမယ့် အလုပ်ပဲ၊ဦးလေးကတော့ ပြောဖူးတယ်၊ အကြောတက်နေတဲ့ လူပျိုကြီးတွေရှိရင် အိမ်ထောင်ပြုဖို့အကြံပေးပါရစေတဲ့'

ကိုဘကောင်းက ကိုယ်ကိုလှုပ်လိုက်လေသည်။

'အပြီးသတ်ကျတော့ ဒီဘူတာပဲ ပြန်ဆိုက် ဆိုသလို မင်းစကားဟာ ငါ့မိန်းမယူဖို့မှာပဲ နိဂုံးကမ္ပတ်အဆုံးသတ်ပါလား မောင်ပိုက်ရဲ့၊ စာရေးဆရာချင်းတွေ့ကြလဲ အပြဲတိုက်တွန်း၊ မင်းကလဲ ယူပါ....ယူပါနဲ့ တစာစာပဲ၊ ငါ ကောင်းကောင်းနေတာ မကြည့်ချင်ဘူးမှတ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



မောင်ပိုက်က ခြင်ထောင်စကို ပြန်တင်ရင်း....

'စေတနာပါ ဆရာ၊ ဆရာ့အကြောစာက် ရောဂါ ရှင်းရှင်းပျောက်စေချင်လို့ စေတနာနဲ့အကြံပေးတာပါ၊ ကျွန်တော်နင်းရမှာပျင်းလို့ ပြောတာလဲ မဟုတ်ပါဘူး၊ ကျွန်တော့်လောက် နင်းတာ ကျွန်တော်ပဲရှိတယ်၊ ကမ္ဘာ့ အနင်းကြီးပါ ဆရာ'

'အေး....ဟုတ်ပါတယ်၊ ဆရာ အနင်းခံရတာက မင်း ယူဆသလို ဟုတ်မယ်မထင်ဘူး၊ အညောင်းသမား အထိုင် များတဲ့လူ ဆိုတော့ အနင်းခံရတာပဲ မောင်ပိုက်''

မောင်ပိုက်ကပြုံးသည်။

'ရုံးမှာ တစ်နေကုန် တစ်နေခန်း တကုပ်ကုပ် ထိုင် လာတဲ့ စာရေးကြီးများတောင် ဆရာ့လောက် အနင်းခံ ရမယ် မထင်ဘူး ဆရာ၊ အမှန်ကတော့....'

မောင်ပိုက် စကားပြတ်သွားသည်။ ဆက်ပြောနိုးဖြင့် ကိုဘကောင်းက နားထောင်နေ၏။ မောင်ပိုက်ထံမှအသံ မလာ။ အသံမလာရုံတင်မက နင်းနေသောခြေထောက် ပင် ရပ်သွား၏။

'ဟေ့ ကောင် မောင်ပိုက်၊ အမှန်ကတော့ ဘာဖြစ် သလဲ'

ကိုဘကောင်းက ပြန်မေး၏။



'အမှန်ကတော့ အာရ်အိုင်ဂျီအိပ်ချိတ်ရိုက်ပေါ့ဆရာရဲ၊ ဟီး....ဟီး'

စကားရှောချကာ ဟီး....ဟီးဟု ရယ်သွမ်းသေးလိုက် လေသည်။ အဘယ့်ကြောင့်ဆိုသော် စာစ်ဖက်အိမ်ပြတင်း ပေါက်တွင် မယ်သော့ ခေါင်းကလေး ပေါ်လာသော ကြောင့်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

ခင်မြင့်မြတ် မကြာခဏ ဇက်ကြော တက်တတ်၏။ ကျောင်းတွင် စာသင်ရင်း ဇက်ကြော တက်နေသော ခင်မြင့်မြတ်ကို....

'ဇက်ကြောတက်တာတို့ ခေါင်းအုံတာတို့ဟာ အမျိုးကြီး ရောဂါပဲ၊ ဆေးထိုး ဆေးစားလို့ မပျောက်ဘူး၊ သက်သာ ခဏပဲ၊ ရောဂါငုတ်သွားတာ ရှင်းရှင်း ပျောက်ချင်ရင် အိမ်ထောင်ပြုရတယ်'

ဟု ဆရာမ အချင်းချင်း စနောက်လေ့ရှိသည်။

'အို....ဘာဆိုင်တာမှတ်လို့'

ခင်မြင့်မြတ်က အတွန့်တက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆိုင်တယ် အမိ....သိပ်ဆိုင်တယ်၊ ကိုယ့်ကြည့်စမ်း အမိထက် အသက်ကြီးတယ်၊ ကိုယ်ဇင်ကြောစာက်သလား၊ အမိလို အနိုပ်အနယ် ခံရသလား ပြောစမ်း၊ ဒီမှာ ခင်မြင့်မြတ်ရဲ့ သိတဲ့လူက ပြောရင်လဲ ဟုတ်တယ်လို့ ခေါင်းညိတ်လိုက်စမ်းပါ၊ ဇက်ကြောတက်ခြင်းဟာ ခမဲလိုခြင်းရဲ့ အရိပ်လက္ခဏာပဲ'

အသက်ကြီးကြီး ဆရာမက ဝင်သောသည်။ အမှန်တော့ အမျိုးကြီး ဆိုသည်မှာလည်း မိန်းမ ပရိသတ် အလယ်တွင် လှောင်စရာ ဝတ္ထုဇာတ်ညွှန်းတစ်မျိုးပင် ဖြစ်လေသည်။ ခင်မြင့်မြတ်သည် ထိုနေ့ ကျောင်းအပြန်တွင် ခေါင်းအုံနေ၏။ ပရုတ်ဆီ ပွတ်ထားသော်လည်း မသက်သာ။ ခြံထဲ ဆင်းလမ်းလျှောက်စဉ် တစ်ဖက် အိမ်မြ တင်း ပေါက် တွင် ဆေးတံခဲ ရပ်နေသော ကိုဘကောင်းကို တွေ့ရသည်။ ကိုဘကောင်းက သူမကို မကြည့်ပေ။ အဝေးသို့ ငေးကာ အတွေးကြွယ်နေသည်။

'ကြည့်စမ်းပါဦး....မုံကိုက ဘယ်လိုဟာကြီးမှန်း မသိဘူး၊ ဆေးတံခဲလို့ ဦးရှု စားလား၊ ဦးနှံပြားလား ကြည့်ရတာ အချိုးမတဲ့ဘူး ချဉ်စရာ''

ကိုဘကောင်း၏ အလုပ်အကိုင်ကို ခင်မြင့်မြတ် မသိသေးပေ။ ဦးထိအောင်မှာ သူ့အလုပ်နှင့် သူ ရှုပ်နေသည်။ ကို ဘ ကောင်း စာရေးဆရာ တစ်ယောက်ဖြစ်ကြောင်း ခင်မြင့်မြတ်ကို မပြောဖြစ်ပေ။ သမီးနှင့် အဖေ



ဆိုပေမင့်လည်း ပြောစရာ အကြောင်းရှိမှ ပြောကြ ဆိုကြ၏။ အကြောင်းမရှိလျှင် အပိုစကား ပြောလေ့မရှိပေ။ ဘာခသိဘာသာသာ နေကြလေသည်။

ခေါင်းအုံသည်မှာ မသက်သာ။ ပရုတ်ဆီပွတ်ပါသော်လည်း အချည်းနှီးဖြစ်နေ၍ ဆရာမများ ပြောင်နောက်သည်မှာ ဟုတ်များ ဟုတ်လေမလားဟု ခင်မြင့်မြတ်သည် တောင်တောင်အီအီ တွေးတောမိလေသည်။ ညဘက်တွင်တော့ ဇက်ကြောတွေပါ တက်လာ၍ မယ်သော့ကို ခေါ်နှိပ်ခိုင်းရတော့သည်။

ခင်မြင့်မြတ်က ခုတင်ခေါင်းတွင် ခြေတွဲလောင်းချထိုင်၍ မယ်သော့က ခုတင်ခပေါ်မှ မတ်တတ်ရပ်ကာ ဇက်ကြောဖျစ်ပေး၏။ တစ်ချက် နှစ်ချက်ဖျစ်ပြီး တစ်ဖက်အိမ်သို့ လှမ်းကြည့်လိုက်သည်။ မယ်သော့၏ လက်များသည် ဒက်ခနဲတော့ ဖမ်းကာ ရပ်တန့်သွားလေသည်။

'ဟဲ့....မယ်သော့ ဖျစ်လေ၊ နာနာလေး ဖျစ်စမ်းပါ'

အကြောင်းမှန် မသိသော ခင်မြင့်မြတ်က ပြော၏။

'ဟုတ်....ဟုတ်ကဲ့....မမ'

မယ်သော့ လက်များမှာ စန္ဒရားခ လုတ် နှိပ် သ လို ခင်မြင့်မြတ် ဇက်ပိုးတဝိုက်ကို လိုက်နှိပ်နေသည်။ မယ်သော့၏ မျက်လုံးများကား မောင်ပိုက်ထံမှာပင်။ မောင်ပိုက်က မျက်လုံးတစ်ဖက် မှိတ်ပြ၏။ မယ်သော့ နှုတ်မှ 'အို....'ဟု လွှတ်ခနဲ ယောင်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ....မယ်သော့ ဘာအိုလဲ"

ခင်မြင့်မြတ်က မေးသဖြင့်....

'ဟို....ဟို မအိုသေးတဲ့သူ အပျိုလေးနဲ့တူ ဆိုတဲ့ တေဆေးကြော်ငြာ သတိရလို့ပါ'

စကား လီးလွဲ ပြောပါမှ ခင်မြင့်မြတ်ထံမှ မေးခွန်းတွေ ထပ်ထွက်လာသည်။

'မမကော....အိုပြီလားကွယ့်၊ သေသေချာချာ ကြည့်စမ်းပါဦး၊ အပျိုကလေးနဲ့ တူပါတယ်နော်'

ခင်မြင့်မြတ်က သူ့မျက်နှာကို နောက်ဘက် လှည့်ပြသည်။

'တူပါတယ်....မမ၊ ကျွန်မ မမလောက်သာရင် သေပျော်ပါပြီ၊ မမတော့ ယောကျ်ားတွေ ဝိုင်းဝိုင်းလည်ဖန်မှာပဲနော်'

မယ်သော့က သို့ပြောရင်း မောင်ပိုက်ထံ လှမ်းကြည့်သည်။ မောင်ပိုက်က လျှာတန်းလန်း ထုတ်ပြ၏။

'မလည်ပါဘူး မယ်သော့၊ မမက တစ် ယောက် မှ မျက်နှာသာမပေးဘူး၊ ခပ်တင်းတင်း ခပ်တည်တည် ဆက်ဆံလိုက်လို့ အကုန်လုံး လန့်ပြေးကြတယ်၊ နာ နာ ဖျစ်၊ အဲဒီနား ဖိထားစမ်း'

ခင်မြင့်မြတ် ညွှန်ကြားသလို မယ်သော့က လုပ်ပေးသည်။ မောင်ပိုက်ထံ လှမ်းကြည့်လိုက်ပြန်၏။



မောင်ပိုက်က နားရွက်နှစ်ဖက်ထဲ လက်မများသွင်း၍ လက်ယပ်ခေါ်လိုက်သလို လက်များကို၊ လက်ဝါးများကို လှုပ်ရှားပြသည်။ မယ်သော့က ခိနဲခ ရယ်လိုက်သည်။

'ဘာရယ်တာလဲဟဲ့၊ ယောကျ်ားတွေလန့်ပြေးကြတာကို သဘောကျလို့လား'

မယ်သော့မှာ ဘာပြန်ဖြေရမှန်း မသိ၍ 'ဟုတ်....ဟုတ်'ဟု စကားထစ်နေ၏။ ထိုအချိန်တွင် ကိုဘကောင်းမှာ မျက်လုံးမှိတ်ထားကာ စဉ်းစားနေ၍ စကားမပြောဖြစ်ပေ။

မောင်ပိုက်မှာ နှင်းနေရသည်ကို တစ်ခါတစ်ခါ ဒေါ်ပု မေ့မေ့သွားကာ မယ်သော့နှင့် နှစ်ကိုယ်ချင်းချိန်းတွေ့နေရသလို မှတ်ထင်မိသည်။ ထို့ကြောင့် တတ် သည့် ပ ညာမနေသာ။ မျက်လုံးများကို စွေစောင်းပြသည်။ ပါးရွဲ့ပြသည်။ လျှာတန်းလန်းထုတ်ပြသည်။

နားရွက်ပေါက်ထဲ လက်မသွင်း၍ လက်ဝါး နှစ်ဖက်ကို လက်ယပ်ခေါ်သလိုလုပ်ပြသည်။ မယ်သော့ ရယ်သည်ကိုမြင်ရ၏။ မောင်ပိုက်မှာ များစွာအားတက်လာသည်။

'နှိပ်စမ်းပါ မယ်သော့ရဲ့၊ ဘာဖြစ်လို့ ရပ်ရပ် သွားနေတာလဲ'

ခင်မြင့်မြတ်က ဆူသည်။ မယ်သော့မှာ လက်ကသာ နှိပ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကမူ မောင်ပိုက်ထံရောက်နေ၏။ မောင်ပိုက်လည်း မနှင်းတစ်ချက် နှင်းတစ်ချက်။ ကိုဘကောင်းမှာအတွေး ဖြင့်မှိန်းရင်း သိမေ့ သိမေ့ဖြင့် အိပ်ပျော်စ ပြုနေသည်။

မောင်ပိုက်သည် လက်ညှိုးနှစ်ချောင်းကို မယ်သော့ရှိ ရာသို့တစ်ချောင်း၊ သူ့ကိုယ်သူ တစ်ချောင်း ထိုးပြသည်။ ထို့နောက် လက်ညှိုးချင်း ပူးပြသည်။

ဘယ်လိုလဲ မေးသော အမူအရာဖြင့် မေးထိုးပြသည်။ ကိုဘကောင်း တစ်ကျော့နိုးလာ၏။ ရပ်နေသော မောင် ပိုက်ကိုမော့ကြည့်ပြန်သည်။ လက်ညှိုးနှစ်ချောင်းပူး၍ မေး ၅်ဆတ်ဆတ်ထိုးနေသည်ကို မြင်ရသဖြင့်....

သည်

'ဟေ့ကောင် မောင်ပိုက်၊ နှင်းတာ မနှင်းဘဲ ဘာ လုပ်နေတာလဲ'

မောင်ပိုက်က အူမြူးရွှင်လန်းစွာ ရယ်သည်။

'ဩော်....ဩော်....ဩော်၊ ကျွန်တော်တို့မြို့မှာ ဆွမ်း ကြီးလောင်းတုန်းက ဗျောတီးခဲ့တာကို သတိ ရလို့ပါ၊ တုတ်မာမာနှစ်ချောင်းနဲ့ ဟောသလို—ဟောသလို၊ ဗျော ကိုနှက်ရတယ်'

လက်ညှိုးချင်းပြန်ခွဲကာ ဗျောနှက်ဟန်လုပ်ပြသည်။

'ပလုတ်တုတ်ဗြုန်း အရှေ့ကိုလေလျှောက်ပါ လို့ အနောက်ကိုတဲ့ မျော်လိုက်ရင်....တံခွန်တိုင် ရွှေ ကုက္ကား.... ဘုရားလေးတွေ.... ဘုရားလေးတွေ မြင်....ပလုံပွတ်....ပလုံတုံဗြုန်း....



ဗျောသီချင်းဆို၍ ပါးစပ် ဗျောတီးပြသည်။ ကိုဘ ကောင်း မျက်လုံး ပြန်မှိတ်သွားသည်။ မောင်ပိုက်မှာ လက်ညှိုးချင်းပူးပြကာ ဘယ်လိုလဲဟု မေးငေါ့ မေးပြန် လေ၏။ မယ်သော့မျက်နှာမှာ ပြုံးတုံ့တုံ့ ဖြစ်နေသည်။ သို့သော် ခေါင်းခါပြလေသည်။

'မယ်သော့ ခေါင်းတယာမ်းယမ်းနဲ့ ဘယ်လို ဖြစ်နေ တာလဲ'

ခင်မြင့်မြတ် နောက်လှည့်ကြည့်စဉ် မြင်သွားသည်။

'မြင်တွေလာလို့ မမရဲ့၊ နွား,နွားမှာ တဝဲဝဲလာအောင် နှလို့ ခေါင်းယမ်းပစ်တာ'

မောင်ပိုက်မှာ ကြိတ်မနိုင်ခဲမရ ဖြစ်သွားသည်။ ခေါပ္ပ တာဖြင့် ခြေကို ဆောင့်လိုက်၏။ အောက်က ကိုဘကောင်း မှာ အင့်ခနဲ မြည်ကာ မျက်လုံးဖွင့်ကြည့်သည်။

'ဖြည်းဖြည်းကွ....ဖြည်းဖြည်း၊ ချေး ထွက် ကုန် လိမ့် မယ်'

ပြောကာ မျက်လုံး ပြန်မှိတ်သွားသည်။ မောင်ပိုက် သည် မှိုင်သောအသွင် လုပ်ပြပြန်သည်။

မျက်နှာကို နက်ဖြန်သန်ဘက်ခါ သေတော့မည့်လူမမှာ အလား၊ အစွမ်းကုန် ညှိုးငယ်လိုက်သည်။ ဆံပင်တွေကို ဘုတ်သိုက်ဖြစ်အောင် ဆွဲဖွ၏။ မျက်လုံးနှစ်ဖက်ကိုအိခတွေး ဘို့သည်....

www.burmeseclassic.com

'ခင်မချစ်ရင် မောင်သေရပါတော့မယ်'

ဤအဓိပ္ပာယ်ဖြင့် အသည်းနေရာကို လက်ညှိုး ထိုးပြသည်။

'မင်းအတွက် ငိုရပေါင်းများပါပြီ'

ဤအဓိပ္ပာယ်ဖြင့် မျက်လုံး တံတွေးတို့၍ မျက်နှာ ရှုံ့ပြသည်။

'မင်းနဲ့ကိုယ် နှစ်ကိုယ်တွေ့ရရင် ဟောသလို ဟောသလို အစ်ကို ပွေ့မယ်'

ဤအဓိပ္ပာယ်ဖြင့် လက်နှစ်ဖက် ဘေးကားကာ ပွေ့မည့်ပုံ လုပ်ပြသည်။ မောင်ပိုက်မှာ အားတက်သရောရှိလှသဖြင့် ပြုလုပ်ပုံ မာန်ပါသွားသည်။ သူတစ်ကိုယ်လုံး ရှေ့သို့ အားလွန်သွား၍ ခြင်ထောင်စကို ကမန်းကတန်း လှမ်းဆွဲသည်၊ မိတော့မိပါ၏။

သို့သော် ခြင်ထောင်တန်းများ ပြုတ်၍ ခုတင်တိုင်များ ယိုင်ကာ ဝုန်းခနဲ ရှေ့သို့ ထိုးကျသွားလေ၏။

'ဟ....ဟ....ဘာလဲဟ၊ ဘာဖြစ်တာလဲ၊ င လျှင် လုပ်သလား'

ကိုဘကောင်းက အိပ်မှုန်စုံမွှားဖြင့် လူးလဲထသည်။ ခုတင်ကြီးမှာ ဟောင်းအိုလှပြီဖြစ်၍ မခိုင်ပေ။ တအိအိ ပြိုကျကာ ကိုဘကောင်းပါ ဝရုန်းသုန်းကား ပါသွားလေ၏။



ခင်မြင့်မြတ်မှာ ဝုန်းဝုန်းအသံများ ဆူညံ သွားသဖြင့် အလန့်တကြား ထကြည့်သည်။ တစ်ဖက် ပြတင်းပေါက်တွင် ရှင်းနေသည်။ ကြည့်နေစဉ်မှာပင် ဆံပင်စုတ်ဖွားဖြင့် ခေါင်းတစ်လုံး တရွေ့ရွေ့ပေါ်လာသည်။

ကိုယ်ပေါ်တွင် (ဝတ်ရုံကဲ့သို့ပင်)အိပ်ရာခင်း ပတ်ထားသည်။ ပခုံးပေါ်တွင် ခြေတင်ခွလုံးကြီးကို(ဇော်ဂျီ တောင်ဝှေးထမ်းသကဲ့သို့) ထမ်းထားသည်။ ကိုဘကောင်း ဖြစ်၍ အိပ်ရာပစ္စည်းများ ကြားမှ ကမန်းကတန်း ထလာရခြင်း ဖြစ်လေသည်။

'ရှင်....ရှင်....သူများဇက်ကြောတက်လို့ အနှိပ်ခံတာကို ချောင်းကြည့်တာပေါ့လေ'

ခင်မြင့်မြတ်က ဦးအောင်စွပ်စွဲသည်။ ကိုဘကောင်းမှာ တောင်ပြိုကျသဖြင့် စိတ်တိုနေသည်။ ယခုကဲ့သို့အစွပ်စွဲ ခံရသောအခါ ထောင်းခနဲ ဖြစ်သွားသည်။

'စကားပြောတာ ကြည့်ပြောနော်၊ ကျုပ် ခြေခွလုံး တောင့်လို့ အနှင်းခံနေတာကို ခင်ဗျား ခိုးကြည့်နေတယ် မဟုတ်လား၊ ကောက်ညှင်းက စီးရမှာကို ခွေးချေးက မနာချင်နဲ့'

ခင်မြင့်မြတ်မှာ သူမကို ခွေးချေးဆိုသဖြင့် ဆွေ့ဆွေ့ ခုန်သွားသည်။

'ဘာခွေးချေးလဲ၊ ပြေပြူးက မြဲရသေး'

www.burmeseclassic.com

www.burmeseclassic.com



ကိုဘကောင်းမှာ ပြုံး အခေါ်ခံရသဖြင့် အီစလံဝေသွား၏။

'ပြုံးဆိုတာ ဘိန်းစားဗျ၊ ကျုပ်ဘိန်းစား မဟုတ်ဘူး၊ ကျုပ်က ဘကောင်း၊ ကြီးမြတ်သော ဘကောင်း'

တမင်သက်သက် အမွှန်းတင် ပြောလိုက်သည်။

'ဟာ....ဟာ....ဟ ရယ်ချင်ပါရဲ့ ဖတ်ဖတ်မော၊ရင်ဘတ်နောက်က ကျော၊ ကြီးမြတ်သော ဘကောင်းတဲ့၊ ဘာကောင်းသလဲ၊ သူများ အနိုပ်ခံတာကို ချောင်းကြည့်တယ်'

ကိုဘကောင်း ခံလိုက်ရသည်။

'ဟီ....ဖွီ....ဟီ ကျုပ်ကလဲ ရယ်ချင်တယ်ဗျာ၊ငါးပြား ဆယ်ပြား၊ ဆယ့်ငါးပြား၊ ပြားနှစ်ဆယ်၊တမတ်၊ ခင်မြင့်မြတ်တဲ့၊ ဘာမြင့်မြတ်သလဲ၊ ကြီးမြတ်သော ဘကောင်း အနင်းခံတာကို ခိုးကြည့်တယ်'

ခင်မြင့်မြတ် ခံလိုက်ရပြန်၏။

'ရှင့်ကို ကျွန်မခိုးကြည့်တာ မဟုတ်ဘူး'

'ကျုပ်ကလဲ ခင်ဗျားကို ချောင်းမကြည့်ပေါင်ဗျာ'

'ဒါဖြင့်....'

'ဒါဖြင့်....'

နှစ်ယောက်စလုံး စကားထစ်သွားကြသည်။ ကိုဘကောင်းက မောင်ပိုက်ကို လှည့်ကြည့်သည်။ မောင်ပိုက်ခြင်ထောင်ကြားတွင် ခေါင်းပုနေ၏။



'ခိုးမကြည့်ဘူးဆိုတာ အမှန်နော်'

'ကျွန်မ မလိမ်တတ်ဘူး'

ခင်မြင့်မြတ် မယ်သော်ကိုရှာသည်။ မယ်သော် ဗီရိုထောင့်တွင် ကိုယ်ကိုကွယ်ထားသည်။

'ချောင်းမကြည့်ဘူးဆိုတာ တကယ်လား'

'မြန်မာပြည်မှာ ရှိသမျှ ဘုရားတွေ အကုန်လုံးစူး ကျုပ် ညာမပြောတတ်ဘူး'

ခင်မြင့်မြတ် ဇောင့်ဇောင့်ဖြင့် ပြတင်း ပေါက်နားသို့ လျှောက်လာသည်။

'ဒါဖြင့်ရင်လဲ ပြီးရောပေါ့'

ကိုဘကောင်း ခြေပြင်းပြင်းနင်း၍ ပြတင်းပေါက်နားလျှောက်လာသည်။

'ဟုတ်ကဲ့....မိန့်တော်မူတဲ့အတိုင်းပါခင်ဗျား'

ခြေတင်ခုံလုံးကြီးကို ဘုတ်ခနဲ ပစ်ချ၍ပြောသည်။

'ကိုယ်စိတ်နှစ်ဖြာ ကျွန်းမာ ချမ်းသာပါစေ'

ခင်မြင့်မြတ်က ခပ်ထေ့ထေ့ပြောကာ ပြတင်းပေါက်တံခါးရွက်ကို ဒိုင်းခနဲ ဆွဲပိတ်သွားသည်။

'သိန်းဆုကြီးများလဲ ပေါက်ပါစေ....တယ်လေ....ငါ'

ကိုဘကောင်းမှာ ဒေါမောဖြင့် ပြောပြီး ပြတင်းတံခါးတစ်ရွက်ကို ဝုန်းခနဲ ဆွဲပိတ်လိုက်သည်။ တံခါးရွက်သည် ပြုတ်ကျတော့မည့်ပမာ ခါယမ်းသွားသည်။ ကိုဘကောင်းက လက်ဖြင့်ထိန်းထား၍—

www.burmeseclassic.com

www.burmeseclassic.com



'မပြုတ်လိုက်ပါနဲ့ မောင်မင်းကြီးသား၊ ကွဲစရာ ရာဝင် ဆိုးမရှိတော့ပါဘူး....ကျွတ်....ကျွတ်....ကျွတ်....ကျွတ်'

စုတ်သတ်၍ပြောကာ ကျန်တံခါးတစ်ရွက်ကို ဖြည်းညင်းစွာ စေ့လိုက်သည်။

'ဟီး....ဟိ'

ရယ်သံပေါ်လာ၏။ ကိုဘကောင်း လှည့်ကြည့်သည်။ ရုတ်တရက် လူကိုမတွေ့ရ။

'ဘာ... ဟီဟိလဲ၊ ရယ်တာဘယ်သူလဲ၊ ဒါရယ်စရာလား'

ကိုဘကောင်းက ရမ်းဟောက်သည်။

'ရယ်သောသူကတော့ ကျွန်တော်မောင်ပိုက်ပါဆရာ'

ခြင်ထောင်ပုံကြီး လှုပ်ရှားလာကာ အထဲမှ မောင်ပိုက် ခေါင်းပေါ်လာသည်။

'နေပါဦး မင်းက ခြင်ထောင်နဲ့ ဝရှုန်းသုန်းကားကျတာ ဘာဖြစ်တာလဲ၊ အပြင်းပြေ စတန့်ဇာတ် ခင်းတာလား'

ကိုဘကောင်းက ဒေါပွသံဖြင့် မေးသည်။

'ဟဲ....ဟဲ....ဆရာကလဲ ကျွန်တော့်ဘဝရဲ့ ကေရီလေးကို အချက်ပြ ဆက်သွယ်ရေးနည်းနဲ့ ဆက်သွယ်ရင်း အရှိန်မသတ်နိုင်တဲ့ ဘရိတ် လွတ်သွားလို့ပါ ဆရာ'

မောင်ပိုက်က ရယ်ဖြဲဖြဲဖြင့်ဖြေသည်။



'အေး– မင်းဘရိတ်လွတ်တာက ကိစ္စမရှိဘူး၊ ဟိုဟာမနဲ့ငါ သတ်ရတော့မလို့ကွ၊ ဘာဖြစ်လို့မှန်းမသိဘူး သူ့ကိုမုန်းလိုက်တာကွာ....'

'မုန်းခြင်းဟာ ချစ်ခြင်းရဲ့အစတဲ့ဆရာ၊ မမုန်းပါနဲ့ဆရာ၊ ချစ်လိုက်ပါ၊ စကားပြော ထန်တာကလွဲလို့ ရုပ်မဆိုးပါဘူးဆရာ၊ ချစ်လိုက်ပါ ဆရာရယ်....နော်....နော်'

မောင်ပိုက်က ချွဲချွဲပြစ်ပြစ် တောင်းပန်သည်။

'တော်ကွာ မချစ်ချင်ဘူး'

ကိုဘကောင်းက ခြေတင်ခုံလုံးကြီးဖြင့် ကောက်ပေါက်လိုက်ရာ မောင်ပိုက်၏ ခေါင်းမှာ ခြင်ထောင်ပုံကြီးနှင့်အတူ ရင်နေအောင်းပျောက်ကွယ် သွားလေ၏။

'ဟဲ့....မယ်သော့ နင် ဘယ့်ရောက်နေသလဲ'

ခင်မြင့်မြတ်က လှည့်၍ ရှာသည်။

'ကျွန်မ ဗီဒိုမှာပါ မမ'

ဗီရိုဘေးမှ မယ်သော့ ထွက်လာသည်။

'ဟင်.... အရေးဟဲ့ အကြောင်းဟဲ့ဆို နင်မရှိဘူး၊ ဘာလုပ် ဗီရိုဘေး လာနေသလဲ၊ ခုနနင်ဘာဖြစ်လို့ ဝင်မပြောသလဲ'

ခင်မြင့်မြတ်ကဖိဟောက်သည်။ မယ်သော့မှာ မျက်လုံးလေး တလည်လည်ဖြင့်....

'ဟို ဟို....ကို ကို....မိုက်....ပိုက်က ပြောပြ'

အထစ်ထစ် အငေါ့ငေါ့ အယောင်ယောင် အမှားမှားတွေပြောနေသည်ကို ခင်မြင့်မြတ် နားကြားလို့ကာ....

www.burmeseclassic.com

www.burmeseclassic.com



မယ်သော့သည် နောက်ဖေးရေစင်တွင် ငါးခုတ်နေ၏။

အကြံသမား မောင်ပိုက် ခြံစည်းရိုးကို ကွယ်၍ ကုန်း ကုန်း ကုန်းကုန်းဖြင့် လာနေသည်။ တစ်နေရာတွင် ခွေး ချေး ပျော့ပျော့များကို လက်ထောက်မိသည်။ မောင်ပိုက် နှာခေါင်းရှုံ့သွား၏။

'တောက်...မိ,မဆုံးမ ဖ,မဆုံးမ ခွေးတွေ'

တီးတိုး ရေရွတ်ကာ လက်ကို မြက်ဖုတ်ဖြင့်သုတ်သည်။

ထို့နောက် ကုန်းကွသော အနေအထား ဖြင့်ပင် ဆက် လက် လာခဲ့ရာ မယ်သော့နားသို့ ရောက်လာသည်။

ထိုနေရာတွင် ခြံတန်းများပြုတ်ကာ ဖရိုဖရဲ ဖြစ်နေ၏။

မောင်ပိုက် လေးဘက် ထောက်၍ ငုံ့ဝင်လိုက်သည်။

'ဟင်....ခွေးချေးစော် နံလိုက်တာ၊ ဘယ်နေရာများ ယိုထားပါလိမ့်၊ လေသင့်တယ် ထင်တယ်'

မယ်သော့ နှာခေါင်း ရှုံ့ပွ ရှုံ့ပွ လုပ်၍ အနံ့ခံကြည့် သည်။ မကျေမချမ်း ပြောသည်။ မောင်ပိုက် ရေစင်ဘေး တွင် ကုန်းကွကွ ရောက်နေသည်။

'ဘယ် ခွေးများ ယိုထားပါလိမ့်....တွေ'

မယ်သော့ ပြောပြော ဆိုဆိုဖြင့် ငါးညှီရေ အင်တုံကို လှမ်းပက်လိုက်သည်။ ဘွမ်းခနဲ မြည်ကာ ငါးညှီရေများ မောင်ပိုက်ပေါ်သို့ ကျလာသည်။ မောင်ပိုက်သည် တခဏ အတွင်း သကြံနံကျ ခံလိုက်ရကာ တစ်ကိုယ်လုံး ရွှဲရွှဲစို



သွားသည်။ ငါး ခေါင်း များ ဆူး တောင် များသည် ၎င်း ခေါင်းပေါ်တွင် ပန်းပန်သည့်အလား ဖွေးဖွေးလှုပ် သွားသည်။

'သော့....'

မောင်ပိုက်က ကုန်းနေရာမှ မတ်တတ် ထ,၍ ညောင် နာနာအသံဖြင့် ခေါ်လိုက်သည်။

'ဘာတုန်း....'

မယ်သော့က ယောင်ထူးမိပြီး....

'အို....အို ရှင် ဘယ်ကလူလဲ....သွား....သွား'

မောင်ပိုက်ကို မမှတ်မိ၍ နှင်ထုတ်သည်။

'ပိုက်ပါ သော့ရဲ၊ အရင် လူပါ၊ လူ ဟောင်းပါ၊ ခေါင်းရင်း အိမ်က ပိုက်ပိုက်ပါ'

မောင်ပိုက်က သူ မောင်ပိုက် ဖြစ်ကြောင်း ပြောမှ သည်။ မယ်သော့သည် မမှတ်မသုန် ရှုစားပြီးမှ ပုံပျက် ပန်းပျက် မောင်ပိုက်ကို မှတ်မိသွား၏။ အဟိခနဲ တစ်ချက် ရယ်သည်။

'ရယ်ပေါ့ သော့ ရယ်.... မင်းက ရယ်လို့ ကိုယ့်မှာ တော့ ညှီလို့'

မောင်ပိုက်က နှာခေါင်းရှုံ့၍ပြောပြီး ခေါင်းပေါ်မှ ငါးကြေးခွံ တစ်ဖတ်ကို ခွာချလိုက်သည်။

'နေပါဦး....တော် ဘာလာလုပ်တာလဲ'

မယ်သော့က ပြုံးစိစိမေး၏။

www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး.... မေးနေစရာ လိုသေးသလား သော့ရယ်၊ ဒါနဲ့ ဓမ္မစရိယာ၊ လာမှင်းကနှမ အသိပါ'

မောင်ပိုက်က ပခုံးတွန့်၍ စာသံပေးသံဖြင့် ပြောသည်။

'မသိပါဘူးတော်၊ ညတကာနဲ့ သင်္ဂဟော၊ ကျုပ်ဘာမှ မသိပါဘူး'

မယ်သော့ကလည်း အားကျမခံ စာသံပေးသံဖြင့် ပြန်မှတ်၏။ သို့သော် နဘေမမိဘဲ တလွဲချော်သွားသည်။

'အော်.... သော့သော့နှယ် (ပုဇ္ဇစ ကတပုညတာ၊ ရှပ်ရေက မလုပ်ပုံပျက်စွာ) ကို ကြည့်ပြီး အထင်သေးတာပေါ့လေ ဟုတ်လား'

မောင်ပိုက်က စာသံပေးသံဖြင့် ရို့ညွှတ်စွာ မေးသည်။

'အို....တော်၊ ဘာလို့ အထင်သေးရမှာလဲ မာတာပိတု ဥပဋ္ဌာန်း ကျုပ် ဘယ်သူ့မှ အထင်မသေး တတ်ပါဘူး၊ ပုတ္တာ ဒါရသ သင်္ဂဟော တော်လဲ လူ၊ ကျုပ်လဲ လူပဲဟာ''

မယ်သော့က ဟုတ်မဟုတ်မသိ။ ထင်ရာတွေစွတ်တင်၏။

မောင်ပိုက်မှာ များစွာ အားတက်လာပြီးလျှင်....

'ဒါပေါ့....ဒါပေါ့၊ ဒီလို မြင့်မြတ်တဲ့ အသိ ရှိတာကို ကိုပိုက် သိပ် ဝမ်းသာတယ်၊ အမှန်တော့ ဘိက္ခုနိပဥ္စဝဂ္ဂိန်ဆိုသလို ရှေးရှေးက ရေစက်ကြောင့် သော့နဲ့ကိုယ် အိမ်နားနီးချင်းတွေ ဖြစ်ကြရတယ်၊ အပိ ယေဟိ သမ္မဒယာဂေါ ဒုက္ခာတဲ့၊ ကိုပိုက်တော့ သော့ကို မြင်မြင်ချင်း ခင်မင်မိတယ်ကွယ်'



ဓမ္မစကြာမှ ပါဠိအချို့ကို ကိုးကားကာ လိုရာဆွဲ ဘာသာ ပြန်၏။ မယ်သော့မှာ မျက်နှာ ပြုံးချိုလာသည်။

'ကျုပ်ကလဲ ဝမ်းသာတာ ပါပဲတော်၊ သံဗုဒ္ဓေ ဂူတိ ပိသော့ပါ၊ ကျုပ် ကြားဖူး တာက (မရှိလို့မလှူ-မလှူလို့မရှိ)တဲ့၊ အိမ်နားနီးချင်းကို ခင်မင်ရမှာပေါ့'

မောင်ပိုက်မှာ မသိမသာဖြင့် လူချင်း နီးကပ်အောင် တိုးလာသည်။

'သော့....ကြားဖူးမှာပေါ့ (ဃရာဝါသ - သမ္ဗာဓ) ဆိုတာ'

မယ်သော့မျက်နှာ တင်းခနဲ တည်သွားသည်။

'ဘာ....ဃရာဝါသလဲ'

ခပ်ငေါက်ငေါက် မေးလိုက်ရာ မောင်ပိုက် ဇက်ပုသွား၏။

'ဩော်....ဟော်...ဟော်....၊ ဃရာဝါသဆိုတာ တခြားမဟုတ်ပါဘူး၊ အိမ်နီးနားချင်းလို့ အဓိပ္ပာယ်ရှိပါတယ်'

မောင်ပိုက်က အထင်ဖြင့် ရမ်းစွယ်၏။

'တော်သေးတာပေါ့၊ ကျုပ်က ဆဲတာလားလို့'

မယ်သော့ကလည်း ရောယောင် လျှောချလိုက်သည်။ မောင်ပိုက်သည် မယ်သော့အနီးသို့ရောက်လာကာ လှမ်းတက်ရန် ဟန်ပြင်လိုက်လေသည်။

'ဟွင်း....နံလိုက်တာ'

www.burmeseclassic.com

www.burmeseclassic.com



မယ်သော့က နှာခေါင်းရှုံ့၍ နောက် ဆုတ် သွားသည်။

'ဘာစော်နံသလဲ သော့ရဲ့၊ ငါးညှီစော်လား'

မောင်ပိုက်က မေးမေး တိုးတိုးဖြင့် တိုးလိုက်သွားသည်။

'ငါးညှီစော်ရော... ချွေးချေးစော်ရောပဲ'

မောင်ပိုက် လက်ကို ကြည့်လိုက်ရာ လက်ဝါးပြင်တွင် ပေကျံနေသော ချွေးချေးများကို မြင်ရသည်။

'သွား....သွား....တော်ညစ်ပတ်တယ်၊ အနားမလာနဲ့'

မယ်သော့က မောင်း ထုတ် သည်။ မောင် ပိုက် က အတင်းကပ်သွားသည်။

'ချစ်လို့ပါ သော့ရယ်၊ ရှေး...ရှေး....ရေစက်၊ ချဉ်းသော မန္တက်'

ထပ်မံ လက်ပြင်လိုက်သောအခါ။

'ဟောဒီမှာ....'

မယ်သော့က အသံကုန် ဟစ်လိုက်၏။

'အော်ချင်အော်လေ၊ ကိုပိုက်တို့က ချစ်မိရင် မဆုတ်တမ်းပဲ၊ ကိုယ့်ကို မချစ်ဘူးလား'

'ချွေးချေးကို ရွံတယ်'

'ဒီလိုဆို လူကိုတော့ ချစ်တယ်ပေါ့နော် ဟုတ်လား'

'ဟုတ်တယ်'



မယ်သော့ ယောင်ပြောမိပြီးမှ...

'အို...မဟုတ်ဘူး....မဟုတ်ဘူး.... ကျုပ် နားမလည်ဘူး၊ တော်—စကားတတ်တိုင်း ဒီလိုမလုပ်နဲ့'

ရှက်ကိုးရှက်ကန်းဖြင့် ခါးခါး သီးသီး ပြန်ငြင်းသည်။

'သော့ရယ်...ချစ်တယ်ဆိုတာ ကမ္ဘာဦးအစ လူသားတွေရဲ့ အလုပ်ပါ၊ အစ်ကိုပိုက်ကို ချစ်ပါနော်'

လက်နှစ်ဖက် နောက်ပစ်၍ မျက်နှာကို ရှေ့တိုးပြီး ပြောသည်။ မယ်သော့မှာ ဘာပြန်ပြောရမှန်း မသိဘဲ နဝေတိမ်တောင်ဖြစ်၍ ရပ်နေ၏။ မောင်ပိုက်၏ မျက်နှာမှာ မယ်သော့၏ မျက်နှာနားသို့ တဖြည်းဖြည်း နီးလာစဉ်....

"အောင်ပြီ အောင်ပြီ....အောင်ပြီ"

ဝမ်းခေါင်းသံကြီးဖြင့် ကြွေးကြော်လိုက်သော အသံတစ်သံ အိမ်ရှေ့မှ ပေါ်လာ၏။ မောင်ပိုက်ရော မယ်သော့ပါ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။

'မြဒါးသေ...တစ်ခွေဝတဲ့ မြဒါးသေအောင် ဝါလုပ်နိုင်ပြီ၊ ထီအောင်တဲ့ကွနော်၊ ဇမ္ဗူမှာ တလူပဲရှိတယ်။ မိုးပေါ်မှာ သိကြား မြေကြီးမှာ တီကောင် လူ့ပြည်မှာ ထီအောင်ဟေ့၊ အောင်အတိတ် အောင်နိမိတ်....အောင်မိတ်တွေနဲ့ ထီအောင်ကွ'

ကြွေးကြော်သံသည် တဖြည်းဖြည်း နီးလာသည်။ မောင်ပိုက်မှာ အိမ်အောက်ထဲ ဝင်ပုန်းရမလို လှန်းထားသော ထဘီအောက် ခေါင်းဝင်ရမလို နယီးနယား ဖြစ်နေစဉ် ဦးထီအောင်၏ ခြေသံကို ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



'လာ....လာ ဒီအောက်ဝင်နေ'

မှောက်ထားသော ပုတ်အောက်သို့ မောင်ပိုက်အား ဝင်ခိုင်းလိုက်သည်။ လက်မတင်ကလေးတွင်ပင် ဦးထိအောင် ရောက်လာလေသည်။

'မယ်သော့....ခုန လူရိပ်လိုလို မြင်မိလိုက်တယ်'

ဦးထိအောင် ဟိုဟိုသည်သည် လှည့်ပြီး မေးသည်။ မယ်သော့မှာ ထစ်ငေါ့လျက်....

'မ....မ....မ မရှိပါဘူး၊ ဘ....ဘ....ဘဘကြီး ထင်လို့ပါ'

ဦးထိအောင်သည် ပုတ်ကြီးဘေးတွင် ရပ်ကာ ပုတ်ပေါ်သို့ တံတောင်တစ်ဖက် ထောက်လိုက်သည်။

'နဝ်ချမ်းသာဖို့ မြင်ပေတော့၊ ပြဒါးကို သေအောင် ငါသတ်နိုင်ပြီ၊ ဒီမှာတွေ့လား၊ ပြဒါးကို သတ်ပြီး ခဲထားတဲ့ (ပြဒါးခဲ)'

မည်းမည်း အတောင့်ကလေးတစ်တောင့်ကို လက်ဝါးပေါ် တင်ပြသည်။

ဒါကို ဘယ်မှာ တွေ့လာတယ် ထင်သလဲ၊ မြတ်ဘိုးတော် သိကြားမင်းက ငါ့ရဲ့လုပ်ရပ်ကို ကူညီစောင်မတဲ့ အနေနဲ့ မိုးပေါ်က ချပေးလိုက်တာ၊ မိုးသွန်းပုံပေါ်မှာ ဒီဟာ ရောက်နေတယ်၊ လုံထဲထည့် မီးသုံးမီးဆိုးပြီး ငါခဲအောင် လုပ်ထားတယ် တွေ့လား'



ဦးထိအောင် မယ်သော့ မျက်နှာနား တိုးပြသည်။ မယ်သော့က သေသေချာချာ ကြည့်ပြီး—''ဒီအခဲမျိုး မြင်ဖူးပါတယ်၊ ဘယ်မှာပါလိမ့်''ဟု စဉ်းစားနေသည်။

'ဟဲ့....မယ်သော့၊ နင် ဘာကို စဉ်းစားနေသလဲ'

ဦးထိအောင် စပ်ငေါက်ငေါက် မေးသည်။ ပုတ်ကြီးမှာ မသိမသာ ရွေ့သွားသဖြင့် ဦးထိအောင် တံတောင်ပြန်အထောက်လိုက်တွင် ပုတ်ပေါ်သို့ မရောက်ဘဲ လွဲချော်သွားသည်။

'ပြောစမ်း....ဘာစဉ်းစား'

စကားမဆုံးခင် ဦးဗာိအောင် နောက်ပြန် လဲကျသွားသည်။ သို့သော် ပြန်ထ၍ ပုတ်ကြီးရှိရာသို့လိုက်ကာ တံတောင်တစ်ဖက် တင်ပြန်သည်။

'ကျွန်မ ဒီအခဲမျိုး မြင်ဖူးတယ်ထင်လို့ စဉ်းစားနေတာ'

မယ်သော့က အပူတပြင်းစဉ်းစားပြီးနောက် မျက်လုံးများ ပြူးကျယ်လာသည်။

'ပြောစမ်း....ပြောစမ်း ဘယ်နေရာမှာလဲ'

ဦးထိအောင်က လက်မောင်း လက်ရိုး ဆန့်တန်းရှိ တက်ကြွစွာ မေးသည်။ ပုတ်ကြီးသည် နေရာ ရွေ့သွားပြန်၏။

'မီး....မီးဖိုထဲက ပြာတွေထဲမှာ'

www.burmeseclassic.com

www.burmeseclassic.com



မယ်သော့က ကြောက်လန့်တကြား ပြောသည်။

'အဂ္ဂိဆိုတာက မီး၊ အဂ္ဂိရတ်ဆိုတာ မီးပြင်းထိုးရတဲ့ လုပ်ရပ်၊ ပြဒါးခဲကို မီးဖိုထဲမှာ တွေ့ရတယ်ဆိုတာ သဘာဝကျတယ်'

ပြောပြောဆိုဆို တံတောင်ထောက်လိုက်ရာ ပုတ်ကြီး နေရာ ရွှေ့သွားသဖြင့် ပက်လက်လန် လဲပြန်လေ၏။ သို့သော် ဖုတ်ဖက်ခါကာ ပြန်ထ၍....

'ဒီပြဒါးအခဲကို ပြာဖြစ်အောင် ထိုးလိုက်ရင်၊ ပြဒါး ပြာဖြစ်သွားမယ်၊ ကြေးကို အရေကျို၊ ပြဒါးကို ကွမ်းရိုး တစ်တို့စာ တို့လိုက်ရင် ထိထိချင်း ရွှေဖြစ်မယ်၊ ပြဒါးပြာကို လျှာနဲ့ လျက်ရင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ခွန်အားဗလ တိုးခြင်းတို့နဲ့ ပြည့်စုံမယ်၊ ဟဲ့...မယ်သော့ ပြဒါးခဲကို လျှာနဲ့ တို့ကြည့်စမ်း'

မယ်သော့ မျက်နှာနာနာ တိုးမေးသည်။ မယ်သော့ နှာခေါင်းရှုံ့၍ ခေါင်းယမ်းလိုက်သည်။

'တို့လေ....တို့ကြည့်ပါလား'

'မတို့ပါရစေနဲ့ ဘဘကြီး'

မယ်သော့က ငြင်းသည်။ ဦးထိအောင်က အားတက်သရော လက်ပြင်လိုက်စဉ် ပုတ်ကြီး ရွှေ့သွားပြီ ဖြစ်လေသည်။

'တို့ပါဟဲ့၊ နင် အသက်ရှည်မယ်၊ အဆင်းလှမယ်။ နင် မလှချင်ဘူးလား'



မေးရင်း လက်ထောက်လိုက်ရာ မူလနေရာတွင် ပုတ်မရှိတော့သဖြင့် ပက်လက်လန်၍ လဲပြန်လေ၏။

'လှတော့လှချင်တာယ် ဘဘကြီး၊ ဒါပေမယ့် မတို့ပါရစေနဲ့'

ဦးထိအောင်သည် ဖုတ်ဖက်ခါကာ ပြန်ထလာသည်။

'တယ်ခက်ပါလား၊ နင်မတို့ရင် ငါတို့ပြမယ်၊ ကြည့်'

ဦးထိအောင် လက်ဝါးထဲမှ မည်းမည်းအခဲကို လျှာဖြင့် တို့ရန်လျှာထုတ်လိုက်သည်။ မယ်သော့က လက်ကို ဆွဲထား၏။ ထိုစဉ် ပုတ်ကြီးမှာ အတော်ဝေးဝေးသို့ရောက်အောင် ရွှေ့သွားလေသည်။

'ဘဘကြီး မတို့နဲ့....မတို့နဲ့၊ ပြဒါးခဲ မဟုတ်ဘူး၊ ကြောင်....ကြောင်'

ခင်မြင့်မြတ် ကြောင်မလေး၏ ချေးတောင့် ကလေးဖြစ်ကြောင်းပြောပြရန်ကြံစည်သော်လည်း အထမမြောက်ခဲ့ပေ။

'တန်စမ်း....ဒါပြဒါးခဲဟ၊ နင် ဘာသိသလဲ'

မယ်သော့ကို မာန်ကာ လျှာဖြင့်တို့လိုက်သည်။ မယ်သော့သည် ကျဉ်ကော်ဖြင့် အတို့ခံရသည့်အလား တစ်ကိုယ်လုံး တွန့်လိမ်သွား၏။

'ဘယ့်နှယ်နေသလဲ ဘဘကြီး'

ဦးထိအောင်က မျက်လုံး ပျာကလာပ်ပျာကလက်လုပ်၍ အရသာကို စဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အိမ့်း....တစ်မျိုးတော့ တစ်မျိုးပဲ မယ်သော့ရဲ့၊ စိမ်းရွှေရွှေလေးနဲ့ပြီး အရသာက ခါးသက်သက်နဲ့ ပြာချပြီးမှ သေသေချာချာ လျက်ကြည့်ရဦးမယ်'

မြေ့ာမြော့ဆိုဆို လက်ထောက်လိုက်ရာ ထိုင်လိုက်သည့်အလား တလိမ့်ခေါက်ကွေးကျသွားပြန်လေ၏။

'နေပါဦး၊ ငါ့ခဏ ခဏ လဲနေတယ်၊ ဝသုန္ဓရေ-မြေကို စောင့်ကြပ်နေတဲ့ မြေစောင့်နတ်တို့က ငါပြဒါးခဲရ တာကို မကျေနပ်ကြဘူး ထင်တယ်၊ အို....မြေစောင့်နတ်တို့ ကိုယ်နှင့် မဆိုင် ခွင့်မပိုင်၊ ဆွဲကိုင်မကြည့်ရတဲ့၊ ထိုက်သူရတမ်း ဖြစ်သည်။ ကျွန်ုပ်၏သီလ၊ သမာဓိကြောင့် ပြဒါးခဲကိုရရှိခြင်း ဖြစ်သည်။ အနှောင့်အယှက် မပေးကြနှင့်၊ ဖယ်လော့.... ဖယ်လော့'

ယင်းသို့ အမိန့်ပြန်ဖြိုးနေ့ာက် ပုတ်ကြီးကိုကြည့်လိုက်ရာ တစ်ဖက်ခြံစည်းရိုးဆီသို့ လျင်မြန်သောနှုန်းဖြင့် ရွေ့လျားနေသည်ကို တွေ့ရလေ၏။

'ဟဲ့....မယ်သော့ မြေကြော့ရှုံ့နေတယ်၊ ကြည့်လိုက်စမ်း၊ မြေကြီးရွေ့လျားနေတဲ့အတွက် ပုတ်ဟာ နေရာမှာ မနေဘဲ ရွေ့လျားသွားနေရတယ်၊ အချင်း ဝသုန္ဓရေ မနာလို တိုရှည်ဖြစ်ပြီး မြေကြော့ရှုံ့မနေနှင့် ယခုဆောလျှင် မကြာတင်မီ အသင်ရပ်ပါလော့၊ ဟဲ့ပုတ်ကြီး ရပ်လိုက်စမ်း'



ပုတ်ကြီးသည် တန့်ခနဲ ရပ်သွား၏။ ဦးထီအောင်က ပုတ်ကြီးနားသို့ ပြေးလိုက်သွားသည်။ မယ်သော့က ဦးထီအောင်နောက် ထပ်လိုက်သွားသည်။

'ဟား....ဟား ဟား....ဟား....သခင့်အာဏာ ကျွန်မှာ တည်စေ၊ ကျွန်တို့အာဏာ ကြိုးကြိမ်မှာ တည်စေ၊ ကြိုးကြိမ်တို့အာဏာ ရာဇဝတ်သားမှာ တည်စေတဲ့၊ အဲဒီလို စကားစဉ်ရှိတယ်။ ဟဲ့....မယ်သော့ သေ သေ ချာ ချာ ကြည့်ထား၊ ထီအောင့်အာဏာ ဝသုန္ဓရေမှာတည်၊ ဝသုန္ဓရေ့ အာဏာ ပုတ်ကြီးမှာ တည်စေ၊ ဟဲ့-ပုတ်ကြီး နည်းနည်းလောက် ရွေ့ပြစမ်း'

ပုတ်ကြီးမှာ ရွေ့သည်ဆိုရုံ နည်းနည်းရွေ့ပြသည်။ ဦးထီအောင်မှာ သဘောကျစွာဖြင့် ခွက်ထိုး ခွက်လန် ရယ်လိုက်သည်။ မယ်သော့မှာ အထိတ်တလန့် ဖြစ်နေ၏။

'အောင်ပြီကွယ့် မယ်သော့ရဲ့ ဟောဒီပုတ်ကြီးကို ဟောသလို လှန်ပြီး'

ဦးထီအောင် ပုတ်နှုတ်ခမ်းကို ဆွဲလှန်ရန် ပြင်ပါ။ ဒါ ဟောရ လိုက်ရာ မယ်သော့က ဆီးတားထားသည်။ သိပ်ဟော တစ်လုံးအကွာသို့ ရှုတ်ခနဲ ခုန်ရွှေ့သွား၏။

'မလှန်ပါနဲ့ ဘဘကြီး.... ဘဘကြီးပညာကို [illegible] ပါပြီ၊ ဘဘကြီး ဒီမှာရောက်နေတုန်း ဘဘကြီးခဲတ လုံးကို ဇော်ဂျီဝင်ယူသွားမှာ စိုးရတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဦးထီအောင်မှာ သူ့နှဖူးသူ လက်ဝါးဖြင့် ရိုက်လိုက်ပြီး....

'ဟုတ်တယ်ဟ၊ ဖိုခန်းတံခါး မပိတ်ခဲ့မိဘူး၊ ခွာတ်လုံးလဲ လုံထဲမှာ ကျန်ခဲ့တယ်၊ ခွေးမသားဇော်ဂျီ ခွာတ်လုံးများ ဝင်ခိုးနေပြီလားမသိဘူး'

ရေးကြီးသုတ်ပျာဖြင့် အိမ်ပေါ် မြန်တက်သွားသည်။

'ကိုင်း....ကိုယ်တော်မြတ်၊ မြန်မြန်ထွက်'

မယ်သော့ ပုတ်ကိုဆွဲလှန်၍ မောင်ပိုက်ကို ခေါ်ထုတ်သည်။ မောင်ပိုက် စပ်ဖြဲဖြဲလုပ်လျက်—

'ချစ်တယ်ပြောမှ ထွက်မယ်'

မယ်သော့ ခေါင်းကုတ်၍—

'အို ...ရှုပ်လိုက်တာ မသိဘူး'

မောင်ပိုက်ကို တွန်းလွှတ်လိုက်သည်။ မောင်ပိုက်သည် မခိုးတွန့် လက်ဝါးခါကာ 'စိတ် ကုန်ပါပြီဗျာ' ဟု ...ကိုက်၏။

နေသည်ကို

'ဟဲ ....မ

စမ်း၊ မြေကြီ

မနေဘဲ ...

မနွာကိ...

အခန်း (၁၂)

'ဟာ...မဖြစ်ဘူးထင်တယ်ဗျာ၊ မလိုက်မပါရစေနဲ့'

ကိုဘကောင်းက အတင်းငြင်းသည်၊ မိတ်ဆွေစာရေးဆရာက ဇွတ်ခေါ်သည်။

'ခင်ဗျားကြီးကလဲ ကြိုကျယ်နေပြန်ပါပြီ၊ ဟောဒီမှာက လူကြီးတွေမဟုတ်ပါဘူး၊ ကလေးတွေပါ။ ဒါလောက်လဲ ကြောက်လန့်မနေပါနဲ့၊ ကျုပ်လဲ သိပ်ဟောဖူးတာမဟုတ်ပါဘူး'

နောက်ဆုံးတွင် ကိုဘကောင်း ခေါင်းညိတ်လိုက်ရသည်။ မိတ်ဆွေမှာ ကဗျာလည်းရေး၊ ဝတ္ထုလည်းရေးသဖြင့် အသိအကျွမ်းများသည်။ သူ၏အသိတပည့်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



စာမေဟောပြောပွဲ လာလုပ်ပေးရန် ဖိတ်ခေါ်၍ သူက တစ်ဆင့် ကိုဘကောင်းကို အဖော်ညှိခြင်း ဖြစ်လေသည်။ ဟောရမည့် နေရာကို ပြောပြီးနောက် သတ်မှတ်သော အချိန်တွင် အရောက်လာရန် ကိုဘကောင်းကို မှာလိုက်သည်။ မလာမှာစိုးသဖြင့် 'ဆက်ဆက်နော်၊ ကိုဘကောင်း ခင်ဗျားမလာမချင်း ကျုပ်မဟောဘူး၊ စောင့်နေမယ်' ဟု ထပ်မှာသည်။

ကိုဘကောင်းသည် ပရိသတ်ရှေ့တွင် စကားပြောကျင့် မရှိပေ။ ထို့ကြောင့် မောင်ပိုက်နှင့် တိုင်ပင်ကာ အိမ်တွင် လေ့ကျင့်ခန်း ယူရလေ၏။

'သဘာပတိနှင့်တကွ၊ ကြွရောက်လာကြသော ပရိသတ်များခင်ဗျား....၊ ယခုလို ဟောပြောခွင့် ရတဲ့အတွက် ဝမ်းသာပါတယ်၊ ကျွန်တော် ပြောရမှာကတော့'

'ဖြောက်....ဖြောက်....ဖြောက်....ရှိ'

မောင်ပိုက်က လက်ခုပ်တီးပေး၏၊ လက်ခေါက် မှုတ်ပေး၏။ ကျောင်းပိတ်ရက်ဖြစ်သဖြင့် ခင်မြင့်မြတ် အိမ်မှာ ရှိနေသည်။ အခန်းထဲတွင် စာဖတ်လျက်ရှိသည်။ တစ်ဖက် အိမ်မှ အော်ကြီးဟစ်ကျယ် အသံများ၊ လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံများ ပေါ်လာ၍ ဘာပါလိမ့်ဟု ထကြည့်၏။



ကိုဘကောင်းမှာ တိုက်ပုံအင်္ကျီဝတ်၍ လက်တစ်ဖက်တွင် စာရွက်လိပ်ကိုင်ကာ ဟောပြောလျက် ရှိလေသည်။ မောင်ပိုက်က ရှေ့တည့်တည့်တွင် တင်ပျဉ်ခွေ ထိုင်နေ၏။ ကိုဘကောင်း၏ လှုပ်ရှားဟန်တို့ကို အသေးစိတ် မှတ်သား နေသည်။

'စာပေတိုးတက်ရေးအတွက် ဟောခဒီ အချက်အလက် တွေ လိုအပ်ပါတယ်၊ တစ်—စာရေးဆရာများ ကိုယ်တိုင် စာအုပ်ထုတ်နိုင်ရေး....

ကိုဘကောင်းက လက်ချိုး၍ရေတွက်ပြ၏။ မောင်ပိုက် က လက်ခုပ်တီး၍ 'ဝမ်းစမိုး' ဟု အော်ပေးသည်။ ကိုဘ ကောင်း အားတက်လာသည်။

'မတော်မမှန်တာတွေကို ဆော်လဘန် နှာနှာတေရ မယ်၊ အတ္တကြီးတဲ့သူတွေကို ချေမှုန်းရမယ်၊ ငါ—ငါမှာနဲ ထောင်လွှားနေတဲ့ မပြည့်အိုးတွေကို ဟောသလို ရိုက်ခွဲ ပစ်ရမယ်'

ကိုဘကောင်းက စာရွက်လိပ်ကို ကိုင်ပေါက်လိုက် သည်။ မောင်ပိုက်မှာ နှလုံးခွေ့သွား၍ 'ရှပ် ရှင် ထဲ သာ ဆိုရင် အကယ်ဒမီရှော့တ်ပေါ့' ဟု အော်ကာ လက်ခေါက် မှုတ်လေသည်။

ခင်မြင့်မြတ်သည် မျက်နှာရှုံ့မဲ့လျက်....

'မကြီးမငယ်နဲ့ အရူးထနေတယ်၊ ကလေး ဟုတ် သူငယ်မဟုတ်၊ ဘယ်လိုဟာတွေမှန်း မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



တီးတိုးပြောကာ မျက်နှာလွှဲသွားလေ၏။

ဖဟာပြောရမည့်နေ့တွင် ကိုဘကောင်း အဝတ်အစား လဲနေသည်ကို မောင်ပိုက်က အကူအညီပေးသည်။ ကိုဘကောင်းသည် အကျီကော်လန်ကို ဆွဲဆန့်၊ ပုဆိုးပြင်ဝတ်လိုက် အလုပ်ရှုပ်နေ၏။ မောင်ပိုက်က မှန်တစ်ချပ် ကိုင်၍ ရှေ့တည့်တည့်မှ ပြပေးသည်။

'ဘယ့်နှယ်လဲကွ…နိပ်ကဲ့လား၊ ဘာများ လိုနေသေးသလဲ'

အမြီးပြန်ခေါင်းပြန် မှန်ကြည့်ရင်း ကိုဘကောင်းက မေးလေသည်။

'အိုတော့ ကောနေပြီဆရာ၊ လိုတာ တစ်ခုပဲ ရှိတယ်၊ အမျိုးသမီး၊ ခုလို အခမ်းအနားမျိုးမှာ စုံတွဲ ခုတ်လိုက်ရရင် အချားဟဲ့ပဲ ဆရာ'

ထိုအချိန်တွင် တစ်ဖက်အိမ်အပေါ်ထပ်၌လည်းခင်မြင့်မြတ် အဝတ်အစား လဲနေသည်။ မယ်သော့သည် အကူအညီပေးရန် အနားမှာ အသင့်ရှိနေ၏။

'မယ်သော့…မမပဝါ ဘယ့်နှယ်နေသေးလဲ၊ ထဘီဆင်နဲ့ လိုက်ပါတယ်နော်'

ကိုယ်လုံးပေါ် မှန်ရှေ့တွင် ရပ်ရင်း ခင်မြင့်မြတ်က မေးသည်။

'လိုက်ပါတယ် မမ၊ တစ်ယောက်တည်းသွားရမှာ မမ မပျင်းဘူးလား၊ နှစ်ယောက်ဆို ကောင်းမယ်နော်'



မယ်သော့က လွှတ်ခနဲ ပြောလိုက်သည်။ ခင်မြင့်မြတ် စိတ်ထဲတွင် ဘာလိုလိုဖြစ်သွားလေ၏။

'ဆရာ…ဟိုဘက်အိမ်က အပျိုကြီးမမ အလှတွေပြင်နေတယ်၊ ဘယ်မင်္ဂလာဆောင်များ သွားမလို့လဲမသိဘူး'

မောင်ပိုက်က ကိုဘကောင်းကို တီးတိုး ပြောသည်။

'အိုကွာ…သူဟာသူ မင်္ဂလာဆောင်သွားသွား၊ အသုဘသွားသွား ကိုယ့်အလုပ်မဟုတ်ပါဘူး'

ကိုဘကောင်းက ပြောရင်း အမှတ်မထင် လှမ်းကြည့်လိုက်သည်။ ခင်မြင့်မြတ်မှာ အလှပြင်ထားသဖြင့် နုပျိုလှပနေ၏။ ကိုဘကောင်းမှာ မျက်လုံး မခွာနိုင်ဘဲ ငူးစိုက်ကြည့်နေမိသည်။

'ဆရာ…ခုလို ပြင်လိုက်တော့လဲ မဆိုးပါဘူးနော်၊ ချစ်စရာမကောင်းဘူးလား'

မောင်ပိုက်က လှော်ပေးသည်။

'မမ…ဟိုဘက်က လူကြီးကို ကြည့်စမ်းပါ၊ ဘယ်သွားမလို့လဲ မသိဘူး၊ ပုဆိုးအသစ်၊ အကျီအသစ်နဲ့'

မယ်သော့က ခင်မြင့်မြတ်ကို တီးတိုးပြောသည်။

'အလကား ပေါ်တောတောတွေပါ၊ ဝါးလုံးခေါင်းထဲ လသာနေတာ'

ခင်မြင့်မြတ်က ပြန်ပြောရင်း အမှတ်မထင် လှမ်းကြည့်လိုက်သည်။ ကိုဘကောင်းမှာ သားနားခန့်ညားနေ၏။ ခင်မြင့်မြတ်မှာ အတန်ကြာအောင် စိုက်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'မမ....အဲဒီလူကြီးဟာ ဝတ်လိုက် စားလိုက်တော့ ရုပ်အထွက်သား၊ ကြည့်လို့ကောင်းတယ်နော်'

မယ်သော့က ပို့ပြန်လေည်း။

လေးဘီးတက္ကစီတစ်စီး မောင်းလာ၏။ ကိုဘကောင်းနှင့် ခင်မြင့်မြတ် အပြိုင်အဆိုင် ခေါ်ကြသည်။ တက္ကစီက ခင်မြင့်မြတ်တို့ ခြံဝတွင် ရပ်သွား၏။

'ကိုင်း....မမသွားမယ်....မယ်သော့'

ခင်မြင့်မြတ်က ခပ်တင်းတင်းဖြင့် ကားပေါ်တက်သွားသည်။

'မိန်းမများ အဲဒါသာကြည့်တော့မော၊ အခွင့်အရေးတစ်ခုရရင် သူတို့ အချင်းချင်းယှဉ်ချင်တာပဲ၊ သံပရာသီးထက် ချဉ်စရာ ကောင်းတယ်'

ကိုဘကောင်းက မကျေမနပ် ပြော၏။

'မဟုတ်ပါဘူး ဆရာ၊ ကားက သူနဲ့ နီးနေလို့ရသွားတာပါ၊ ဟော....ဟော.... ဟိုမှာ တစ်စီးလာပါပြီ'

မောင်ပိုက်က ဖျဉ်ဖြေပြောပြီး လာနေသော တက္ကစီတစ်စီးကို လှမ်းလက်ပြလိုက်သည်။

'ငါသွားပြီဟေ့....စာအုပ်တိုက်ကလာယူရင် ကော်ပီစာပွဲပေါ်မှာ ထားခဲ့တယ်၊ ဒီနေ့ ဒါလောက်ပဲ ရေးဖြစ်တယ် ပြောပြီး ပေးလိုက်ပါကွာ'



ကားသည် ဂူးခနဲ ဆောင့်ထွက်လာခဲ့သည်။ ကိုဘကောင်းက သွားရမည့် နေရာကို ပြောပြလိုက်လေသည်။ ရှေ့မလှမ်းမကမ်းတွင် ခင်မြင့်မြတ် လိုက်ပါသွားသော တက္ကစီကို တွေ့ရ၏။

'အဲဒီ ရှေ့ကားကို ကျော်တက်လို့ မရဘူးလား'

ကိုဘကောင်းက ဒရိုင်ဘာကို ကျော်တက်ခိုင်းသည်။ အသံကျယ်စွာ မြည်ကာ ရှေ့ကားကို အမီလိုက်သည်။ မကြာမီ မီလာသည်။ ခင်မြင့်မြတ်က ခပ်တင်းဆင်း လှမ်းကြည့်သည်။ ကိုဘကောင်းကလည်း ခပ်တည်တည် ပြန်ကြည့်သည်။ ကားချင်းကျော်တက်သည်တွင် ကိုဘကောင်းက လက်မထောင်ပြခဲ့သည်။

'အေးဗျာ.... ဝမ်းသာလိုက်တာ'

ပြောလို့ မဆုံးသေးခင်၊ ခင်မြင့်မြတ် တက္ကစီက အမီလိုက်လာပြီး ဂူးခနဲ ကျော်တက်သွားသည်။ ကားချင်းအကျော်တွင် ခင်မြင့်မြတ်က မျက်နှာ မဲ့ပြသွားသည်။

'ဒီမှာ နေခင်ကြီး ဟိုကားကို ထပ်ကျော်ဦးဗျာ၊ ကျွန်တော် ပိုက်ဆံ ပိုပေးမယ်'

တက္ကစီ ဒရိုင်ဘာက အပြုံး နှင့်ပြန်လေသည်။

'ဒီမှာ ရှင့် နောက်ကားကို အပြတ်ချန် မောင်းပေးပါ၊ ကျွန်မ ပိုက်ဆံ ပိုပေးမယ်'

တက္ကစီ နှစ်စီးသည် ဘေးချင်းယှဉ်လျက် ရှိ၏။ ကိုဘကောင်းက လက်မထောင်၍....

www.burmeseclassic.com

www.burmeseclassic.com



'မောင်းလိုက်ကွ ယောကျ်ား ဘသား'

သူ့ ဒရိုင်ဘာကို အားပေးသည်။

'ကြိတ်ပေးရှင့် ဟိုဘက်က ကား ကျန်ခဲ့ပြီ'

ခင်မြင့်မြတ်က သူ့ ဒရိုင်ဘာကို အားပေးသည်။ ဒရိုင်ဘာ နှစ်ယောက်မှာ မျက်နှာထား တင်းတင်းဖြင့် ဒုန်းမောင်းနေကြလေသည်။ ကားနှစ်စီးမှာ တစ်စီးနှင့်တစ်စီး အထူးသာလှသည်မရှိဘဲ၊ တစ်စီးက နည်းနည်းသာလိုက်၊ ကျန်တစ်စီးက နည်းနည်းသာလိုက် ပိန်မသာလိန်မသာ၊ ဘတပြန်၊ ကျားတပြန် ရှိနေကြလေ၏။

မော်တော် ပီကယ် ရဲသားသည် အမြန်ပြိုင်နေသော ကားနှစ်စီးကို မြင်သွား၏။ သစ်ပင်တွင် ထောင်ထားသော ဆိုင်ကယ်ကို စက်နှိုးကာ ဒုန်းလိုက်လေတော့သည်။ လမ်းပေါ်တွင် ကားနှစ်စီးနှင့် မော်တော်ဆိုင်ကယ်တို့ စိမ်ပြေးတမ်း ကစားနေကြသည်။ ရဲလိုက်မှန်း သိသောအခါ လမ်းခွဲတစ်ခုတွင် တစ်လမ်းတစ်စီးစီ ခွဲဝင်ဝင်သွားကြလေ၏။ ရဲလည်း ဘယ်ကားနောက်လိုက်ရမှန်း မသိဘဲ၊ လမ်းဆုံတွင် တွေဝေကျန်ခဲ့လေ၏။

'တောက်....မော်တော်ပီကယ် ရှုပ်တာနဲ့ သရေပွဲ ဖြစ်သွားတယ်'

ကိုဘကောင်းက ကားခ ရှင်းပေးရင်း ကားပေါ်မှဆင်းလိုက်သည်။ ဒရိုင်ဘာ ပြန်အမ်းသော ငွေများကို မယူပေ။ ကျောင်းသားများရုတ်ရုတ်သဲသဲကြားသို့ တိုးဝင်ကာ မိတ်ဆွေ စာရေးဆရာကို လိုက်ရှာသည်။



မဒမျှော်လင့်ဘဲ ခင်မြင့်မြတ်နှင့် ပက်ပင်းတိုးလေသည်။

''ဩော် .. ခင်ဗျားကိုး၊ ခင်ဗျားက ဒီမှာ ဘာလာလုပ်တာလဲ'

ကိုဘကောင်းက စတင် နှုတ်ဆက်၏။

'ဟင်....လက်စသတ်တော့ ရှင်ကိုး၊ ကျွန်းမက မေးရမယ့် မေးခွန်းရှင့်၊ ဒီဟာ ကျွန်မ စာပြတဲ့ကျောင်း၊ ရှင် ဘာလာလုပ်တာလဲ'

ခင်မြင့်မြတ်က ပြန်ပက်သည်။

'ကျုပ်လား၊ မိတ်ဆွေ တစ်ယောက်က ဖိတ်လို့ လာတာလေ'

'ဘယ်မလဲ ရှင့် မိတ်ဆွေ'

'ဒါသိချင်တာပဲ ဖိတ်ထားပြီး လာမကြိုဘူး၊ ကျုပ်တစ်ယောက်တည်း ယောင်လည် လည်နဲ့ ကျီးငှက်တို့အကြား ရောက်နေတဲ့ ရွှေဟင်္သာလို ဖြစ်နေတယ်'

ကိုဘကောင်းက တမင်ပြောလိုက်သည်။ ခင်မြင့်မြတ်ကို မျက်စောင်းထိုး၏။

'တယ်ကောင်းတဲ့ ပုံခိုင်းပဲ၊ ရှင်က ရွှေဟင်္သာ၊ ကျွန်မတို့က ကျီးငှက်ပေါ့လေ၊ ရွှေဟင်္သာဆိုတာ ဘာကောက်လို့ချည်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ခင်မြင့်မြတ်က ပြန်ထုပြီး။

'နေပါဦး၊ ရှင့်မိတ်ဆွေဆိုတာက ဆရာလား၊ ဆရာမလား'

ကိုဘကောင်းက ကမန်းကတန်း ဖြေသည်။

'ကျုပ်မိတ်ဆွေက ဆရာတော့ ဆရာပဲ၊ ဒါပေမယ့် ကျောင်းဆရာမဟုတ်ဘူး'

ခင်မြင့်မြတ် နဖူးတိမ်တောင် ဖြစ်သွားသည်။

'ရှင်းရှင်း ပြောပါရှင့်၊ ဘာ ဆရာလဲ၊ ဆိုက်ကားဆရာလား'

ကိုဘကောင်း အောင့်သွားသည်။

'ဆိုက်ကားဆရာထက်တော့ အဆင့်အတန်း မြင့်ပါတယ်၊ သူဟာ....'

မိတ်ဆွေစာရေးဆရာနှင့် ကျောင်းဆရာ တစ်ယောက် အနားရောက်လာသည်။

'သူဟာ ဟောဟိုလူပဲ၊ ဘာဆရာလဲဆိုတာ သူ့ကို မေးကြည့်''

ကိုဘကောင်းက လက်ညှိုးထိုးပြပြီးပြောလိုက်သည်။ ကျောင်းဆရာမှာ ပျော်တတ်ရှင်တတ်၏။ ခင်မြင့်မြတ်နှင့် ကိုဘကောင်းကို ဘာလိုလို အကြည့်မျိုးဖြင့်ကြည့်၍–

'ဆရာမတို့ သိကြတာ တော်တော်ကြာပလား'

ခင်မြင့်မြတ်က 'မကြာသေးပါဘူး'ဟု ပြော၍ ကိုဘကောင်းက 'ကြာပြီ'ဟု ပြော၏။



မိတ်ဆွေစာရေးဆရာက ပြုံးသည်။ ပျော်တတ်သော ကျောင်းဆရာမှာ အကွက်ဒဲပါသွားဟန်ဖြင့်–

'အဖြေချင်း ညှိထားကြတယ်နဲ့တူတယ်၊ မကြာသေးဘူး၊ ကြာပြီနဲ့'

ခင်မြင့်မြတ်က....

'မကြာသေးဘူးဆိုတာ ခုမှ လူချင်း သိတာကို ဆိုတာ....'

ကိုဘကောင်းက....

'ကြာပြီ ဆိုတာ ကုလားလို (သော့)လို့ ပြော တာ မဟုတ်ဘူး၊ သူမသိပေမယ့် ကျုပ်သိနေတာ ကြာပြီလို့ ပြောတာ'

ကျောင်းဆရာက မိတ်ဆက်ပေး၏။

'ဒါက ကျွန်တော်တို့ကျောင်းက ဆရာမလေး ခင်မြင့်မြတ် ဒါကတော့ (မိတ်ဆွေ စာရေးဆရာဘက် လှည့်၍) ခင်ဗျားနဲ့တူတူ ဟောပြောမယ့် စာရေးဆရာ ဦးကောင်းဇမ္ဗူဆိုတာပေါ့၊ ဟုတ်ပါတယ်နော်'

ခင်မြင့်မြတ်မှာ ကိုဘကောင်းကို ကောင်းဇမ္ဗူမှန်းသိသွားသဖြင့် မျက်နှာအိုအားဆင့်သွားသည်။ မိတ်ဆွေစာရေးဆရာက 'ဟုတ်ပခင်ဗျ၊ သူဟာ နိုင်ငံကျော် ကောင်းဇမ္ဗူပါပဲ'

ဟု ဝင်မှန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



'စာလဲ ရေး တစ်ဖက် ကလဲ ဆိုက္ကား နင်း၊ ဝင်ငွေ မဆိုးပါဘူး ခင်ဗျာ'

စာရေးဆရာကို ဆိုက္ကားဆရာဟု အဆိုခံထားရသည်ကို အခဲမကျေသေးသော ကိုဘကောင်းက ခပ်ရှမ်းရှမ်းပြော လိုက်သည်။ ခင်မြင့်မြတ်မှာ များစွာ အားနာ ဟန်ဖြင့်။

'ပြီးတာ ပြီးပါစေတော့ရှင်....မသိလို့ ပြောမိတာပါ'

လေးလေး စားစား တောင်ပန်သည်။ ဟောပြောပွဲ အပြီးတွင် မိတ်ဆွေ စာရေးဆရာက သိခြားပြန်သွား၏။

ကိုဘကောင်းမှာ တက္ကစီ တစ်စီး ခေါ်ရသည်။ ခင်မြင့် မြတ်မှာ ကား မရသေးပါ။ ကိုဘကောင်းက သူခေါ် ထားသော တက္ကစီကို ခင်မြင့်မြတ် အား စီးခိုင်းသည်။

သူက ဘတ်(စ်)ကားဖြင့် လိုက်ခဲ့မည့် ပြောသည်။

ခင်မြင့်မြတ်လည်း ကားပေါ် တက်ထိုင်ပြီးမှ တစ်ခါ တည်းလိုက်ခဲ့ရန်ခေါ်သည်။ ကိုဘကောင်းမှာတအောင့်မျှ တွေပြီး ကားပေါ် တက်လိုက်လေ၏။

'ဦးဟာ....အဂ္ဂိရတ်ကို တော်တော် စွဲလမ်းတယ် နော်'

ကားမှာ တရိပ်ရိပ် မောင်းနေသည်။

'ဟုတ်တယ်....ဘယ်လို ပြောလို့မှ မရဘူး၊ စိတ်ချမ်း သာသလို နေပါစေ လေလို့ ထားရတာပဲ၊ သူ့ မီးသွေး ဖိုးက တစ်လ တစ်လ မနည်းဘူး ရှင့်၊ ရသမျှ ပင်စင်ဟာ မီးသွေး ဖိုးနဲ့ ကုန်တာပဲ၊ ဒီအစွဲ ကျွတ်အောင် ကျွန်မ ကြိုးစားနေတယ်'



'ဟုတ်ကဲ့...ဦး အသက် အရွယ်နဲ့က ဘုရားတရားဘက် လိုက်ရမယ့် အရွယ်ပဲ၊ အဂ္ဂိရတ်မှာ အချိန်ကုန် နေတာ မမှန်ဘူး၊ကျွန်တော်လဲ တတ်နိုင်သလောက် ကြိုးစားပေး ပါ့မယ်'

ကိုဘကောင်းနှင့် ခင်မြင့်မြတ် စကား လက်ဆုံ ကျလာ ကြသည်။ ကားသည် ခြံနှစ်ခြံ အလယ်တွင် ရပ်၏။ ခင်မြင့် မြတ်က ကားခ အတင်း ထုတ်ပေးသည်။ ကိုဘကောင်း ကလည်း ဇွတ်ပေးသည်။ ဒရိုင်ဘာက ဘယ်ဟာကိုယူရမှန်း မသိဘဲ ကြောင်နေသည်။ ခင်မြင့်မြတ် လက်ကို ဟန့်တား ရင်း ကိုဘကောင်းက သွားကိုင်မိသည်။ နှစ်ယောက်စလုံး မှာတ်လိုက် ခံရသည့်အလား ထုံကျဉ်သွားကြ လေ၏။

ကိုဘကောင်းကလည်း မလွှတ်။ ခင်မြင့်မြတ် ကလည်း မရှုန်းဖယ်၊ အချိန်အတန် ကြာသွားသည်။

'ကားခ လေး မ စပါဦး ခင်ဗျား'

သည်တော့မှ ယောင်ယမ်း လွှတ်လိုက်ကြသည်။

ကိုဘကောင်းက လက်ဦးအောင် ထုတ်ပေး လိုက်၏။

ဒရိုင်ဘာမှာ ပြုံးစိစိ မျက်နှာထားဖြင့် ကားမောင်း ထွက်သွားလေ၏။

"သွား....သွားတော့မယ်နော်"

ခင်မြင့်မြတ်က အထစ်ထစ် အငေါ့ငေါ့ နှုတ်ဆက် သည်။

"ကောင်း....ကောင်းပါပြီ"

ကိုဘကောင်းက အဆွံ့ဆွံ့၊ အ အအအ တုံ့ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤအဖြစ်အပျက်ကို မောင်ပိုက်နှင့်မယ်သော့တို့ အစအဆုံး မြင်လိုက်ကြသည်။ မောင်ပိုက်က ပခုံးတွန့်၍ လက်မတစ်ချောင်း ထောင်ပြ၏။ မယ်သော့က ပြုံး၍ ခေါင်းညိတ် ပြလေသည်။

မမေ ကိုဘကောင်းနှင့် ခင်မြင့်မြတ်တို့မှာ အသီးသီး အသက ရင်ခုန်တုန်လှုပ်စွာဖြင့် အိမ်ပေါ်သို့ တက်သွားကြလေ၏။

## အခန်း ( ၁၃ )

"မောင်ပိုက်....ရေ....ရေ"

ကိုဘကောင်းက မောသံဖြင့် ရေ တောင်း သည်။ မောင်ပိုက်သည် ရေတစ်ခွက်နှင့်အတူ အမြန်ရောက်လာ၏။

'ဟောဒီမှာ အတော်မောသလားဆရာ'

ကိုဘကောင်းက ရေခွက်မော့သောက်နေရင်း ခေါင်း ခါပြသည်။

'မောတာကို ကျွန်တော်သိပါတယ်ဆရာ'

ကိုဘကောင်း ရေခွက် ပါးစပ်မှ ခွာလိုက်သည်။

'မင်း....မင်း ဘာကိုဆိုလိုထာလဲ'

www.burmeseclassic.com

www.burmeseclassic.com



မလိုမ်လဲလေသံဖြင့် မေးသည်။

'ဆရာနဲ့ အပျိုကြီးမမ အိုကေနေပြီ မဟုတ်လား၊ သွားတော့တခြား၊ မြန်တော့တူတူ၊ သက်ချင်းဆက်ပြီး၊ လက်ချင်းယှက်လို့ ကျွန်တော် မြင်လိုက်တယ်ဆရာ'

ကိုဘကောင်းမျက်နှာ ပြုံးဖြီးဖြီးဖြစ်သွားသည်။

'မတော်တဆ ကိုင်မိတာပါကွာ'

'ဆရာတို့မတော်တဆမျိုးတော့ ကျွန်တော်လဲ မတော်တဆချင်ပါတယ်ဆရာ၊ ဆရာကလဲ မလွှတ်ဘူး၊ ဟိုကလဲ မရုန်းဘူး၊ ငါးမိနစ်လောက်ကြာမယ် ထင်တယ်၊ ဆရာတို့ချင်း ချစ်နေကြပြီမဟုတ်လား'

'တောက်တီးတောက်တဲ့....မောင်ပိုက်ရယ်၊ ရိုးရိုး ခင်တာပါကွာ'

မောင်ပိုက်က–

'အစကရိုးရိုး၊ နောက်တော့ တစ်မျိုးတိုးလို့၊ ချစ်ပြန့်ဆိုသေး၊ ဒီလူ ခက်ပါတယ် ရေ့ကြီး တတ်တယ် ရှင့်၊ မတော်ဘူးမောင်ရေ့'

သံနေသံထားဖြင့်ဆိုပြီး ရေခွက်သိမ်းရန် နောက်ဖေးဖက်သို့ ထွက်သွားသည်။

'မယ်သော့ သွေးဆေးပုလင်း ပေးစမ်း၊ မြန်မြန်....မြန်မြန်'

မယ်သော့ သွေးဆေးပုလင်းနှင့် အတူ ရောက်လာသည်။



'မမ....အတော် ပင်ပန်းသွားသလား'

ခင်မြင့်မြတ် သွေးဆေးရှုရင်း ခေါင်းခါပြသည်။

'ပင်ပန်းပါတယ်.... မမရယ်၊ ရင်တွေ တုန်နေတယ်၊ ကျွန်မသိပါတယ်'

ခင်မြင့်မြတ် သွေးဆေးပုလင်းကို ပစ်ချလိုက်သည်။

'ညည်း....ညည်း....ဘာသိတာလဲ'

မယ်သော့က ခိခနဲ ရယ်လိုက်ပြီး–

'မမနဲ့ဟိုလူကြီး ကားတူတူ စီးလာတာ ကျွန်မ မြင်တယ်'

ခေါင်းရင်းအိမ်ဘက် လက်ညှိုးထိုးပြသည်။

'ဟဲ – အဲဒါလမ်းကြုံလို့ဟဲ့၊ နင်ဘာသိသလဲ'

ခင်မြင့်မြတ်က ရှက်ကိုးရှက်ကန်းဖြင့် ပြောသည်။

'ခီ....ခီ မမနဲ့ ဟိုလူကြီး လက်ဆွဲနှုတ်ဆက်ဘာ အကြာကြီးနော်၊ ပြတင်းပေါက်က ကျွန်မကြည့်နေတာတောင် မမြင်ကြဘူး'

ခင်မြင့်မြတ် မယ်သော့ကို တွန်းလွှတ်လိုက်သည်။

'သွားစမ်း အရှုးမ၊ ရိုးရိုးနှုတ်ဆက်တာပါ'

မယ်သော့ ထွက်သွားရင်း–

'ရိုးရိုးသားသား ရွှေမိကို ချစ်ပါ'သနားပါနော်'

သီချင်း တိုးတိုး ဆိုသွား၏။ ခင်မြင့်မြတ် ပြုံးကာ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ မရွေးမနှောင်းပင် တစ်ဖက်အိမ် ပြတင်းလည်း ပွင့်လာ၏။ ကိုဘကောင်း၏ မျက်နှာပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'နေကောင်းတယ်နော်'

ကိုဘကောင်းက ပြုံး၍ နှုတ်ဆက်သည်။

'ဟုတ်ကဲ့ ကောင်းပါတယ်'

ခင်မြင့်မြတ်က ပြုံး၍ ပြန်ပြောသည်။

'ထမင်းစားပြီးပလား'

'ဟင့်အင်း....မစားရသေးဘူး၊ ကိုဘကောင်းကော–'

'ကျွန်တော်လဲ မစားရသေးဘူး၊ ခင်ဖျားတို့အိမ် ဘာဟင်းချက်ထားလဲ'

'နေဦး၊ မယ်သော့ မေးကြည့်ဦးမယ်'

စကားမရှိ စကားရှာကာ ထွေရာ လေး ပါး တွေ လျှောက်ပြောနေကြသည်။ မောင်ပိုက်သည် နံရံအကွယ်တွင်ရှိနေသည်။

ကိုဘကောင်းကိုပြုံးပြရန် မောင်ပိုက်က တီးတိုးတိုက်တွန်းသည်။ ကိုဘကောင်း ပြုံးပြပြန်၏။

'မမ....ပြုံး....ပြုံး'

မယ်သော့က တီးတိုး အကြံပေးသည်။ ခင်မြင့်မြတ်လည်း အခိုပွာယ်မရှိဘဲ ပြုံးပြပြန်လေ၏။

'ကောင်းကင်မှာ တိမ်တွေ ရွေ့နေတယ်၊ လှတယ်နော်'

ကိုဘကောင်းက ကောင်းကင်ကို လက်ညှိုးထိုးပြပြောသည်။ ခင်မြင့်မြတ်က မော့ကြည့်၍....



'ဟုတ်တယ်၊ လှတယ်၊ ဟိုမှာ ရွှန်တစ်ကောင် ဝဲနေတယ်'

ကိုဘကောင်းက ဘာမျှမမြင်ရသော်လည်း ခေါင်းညိတ်ပြ၏။

'ဆရာ–ဆရာ၊ မျက်စိမှိတ်ပြပါ'

မောင်ပိုက်က တီးတိုး မြှောက်ပေးသည်။ ကိုဘကောင်း အယောင်ယောင် အမှားမှားဖြင့် မျက်စိမှိတ်ပြ၏။ ထိုအချိန်တွင် ဦးထီအောင် ခြံထဲရောက်လာသည်။ အပေါ်ထပ်မှ စကားပြောသံ ကြားရ၍ မော့ကြည့်၏။ ကိုဘကောင်း မျက်စိမှိတ်ပြသည်ကို မြင်သောအခါ ဘာမှန်းမသိတဲ့ ဦးထီအောင်ကလည်း လိုက်မှိတ်၏။

'မမ နှုတ်ခမ်းစူ–နှုတ်ခမ်းစူ'

မယ်သော့က တိုးတိုးပြောသည်။ ခင်မြင့်မြတ်က နှုတ်ခမ်းစူပြ၍ ဦးထီအောင်ကလည်း လိုက်နှုတ်ခမ်းစူသည်။

မောင်ပိုက်ကလျှာထုတ်ပြ၏။ ကိုဘကောင်းကလည်း လျှာထုတ်ပြသည်။ ဦးထီအောင်မှာ လျှာထုတ်ပြန်လေသည်။

မယ်သော့က ခေါင်းခါပြ၏။ ခင်မြင့်မြတ်ကလည်း ခေါင်းခါပြသည်။ ဦးထီအောင်မှာ ခေါင်းခါပြပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ပိုက်ကလည်း လက်သုံး နှစ်ချောင်းကို တစ်ချောင်းရင်ဘတ်ထိုး၊ တစ်ချောင်း ဟိုဘက်ထိုးပြီး နောက်နှစ်ချောင်းပြန်ပူးပြသော အိုက်တင်ကို သင်ပေး၏။

ကိုဘကောင်းက ထိုအတိုင်းလုပ်ပြသည်။ ဦးထီအောင်မှာ လက်ညှိုးနှစ်ချောင်းကို အထိုးမှားနေသည်။ တစ်ချောင်း သူ့ရင်ဘတ်ထိုး၊ တစ်ချောင်းကို မြေကြီး ထိုး အမျိုးမျိုး မှားယွင်းနေပြီး လက်ညှိုးချင်းချိတ်လုပ်ကာ ချိတ်ဆွဲပြလိုက်လေသည်။

မက်သောက နှုတ်ခမ်းစူ၊ ခေါင်းခါ၊ ခြေဆောင့်သောအိုက်တင်ကို သင်ပေးသည်။ ခင်မြင့်မြတ်က ထိုအတိုင်းလုပ်ပြသည်။ ဦးထီအောင်ကလည်း နှုတ်ခမ်းစူ၏။ ခေါင်းခါ၏။ ခြေကို တအား ဆောင့်လိုက်သည်တွင် ခဲချွန်ချွန်တစ်လုံးပေါ် ကျသွားသဖြင့်—

'အောင်မယ်လေးလေး နာလိုက်တာ'

ခုနှစ်သံ တက်ကာ ဟစ်လိုက်လေ၏။ ခင်မြင့်မြတ်နှင့် ကိုဘကောင်းတို့ အထိတ်တလန့်ဖြင့် ပြတင်းများ ပိတ်လိုက်ကြလေသည်။

'သူ့မေကလွှားတဲ့ ဝဘုန်ရေ'

ဦးထီအောင်က မြေစောင့်နတ်ကိုဆဲရေး၏။ သူ့ကျိုက်သို့ ခြေထောက်နာရသည်မှာ မြေစောင့်နတ်က ပြုလုပ်သောကြောင့်ဟု ယုံကြည်သွားသည်။



'ထမင်းဝအောင် စားထား၊ မင်းနဲ့ငါ တစ်နေ့တွေ့မယ်၊ မိုးပေါ်မှာသိကြား၊ မြေကြီးမှာ တီကောင်၊ လူ့ပြည်မှာထီအောင်၊ ဝိဇ္ဇာကို ဇက်ကြောဆွဲခိုင်းပြီး ဇော်ဂျီကိုခြေသလုံး အနှိပ်ခိုင်းမယ့် ထီအောင်'

ခြေထောက် ထောက်ကြွ ထောက်ကြွဖြင့် အိမ်ထဲသို့ ဝင်သွားလေ၏။ ခင်မြင့်မြတ်မှာ ပြတင်းကြားမှ ချောင်းကြည့်နေရာမှ မောင်ပိုက်ကိုလှည့်ကြည့်၏။

'ကံကောင်းလို့ပေ့ါ၊ အဘိုးကြီးများ ဘွေ့များတွေ့သွားသေးသလား မသိဘူး'

မောင်ပိုက်က ပခုံးတွန့် လက်ဝါးခါပြ၍...

'စိတ်ကုန်ပါပြီဗျာ'

ဟု ညည်းလိုက်၏။

'ဘာစိတ်ကုန်တာလဲကွ၊ ငါ့ကိုလား၊ အဘိုးကြီးကိုလား၊ ခင်မြင့်မြတ်ကိုလား'

ကိုဘကောင်း မေးသည်။

'သုံးယောက်စလုံးကိုပဲ ဆရာ၊ အားလုံး အတူတူပဲ အလကား ကြောင်နေတယ်'

စိတ်ပျက်သံဖြင့် ပြောသည်။

ကိုဘကောင်းသည် ရေးလက်စ ကော်ပီကို ညဘက်တွင် ဆက်ရေး၏။ တစ်မျက်နှာ၊ နှစ်မျက်နှာရအောင် အတော် ကြိုးစားရေးရသည်။ ရေးပြီး စာရွက်ကို ကြိုက်သဖြင့် ပြန်ထုတ်ပစ်၏။ သူသည် ညာဘက်လက်ကို မမိုတ်

www.burmeseclassic.com

www.burmeseclassic.com



မသုန် ကြည့်နေမိသည်။ ဤလက် ဟောသည့်လက်၊ ဤလက်ဖြင့် ခင်မြင့်မြတ်လက်ကိုအုပ်ပြီးကိုင်ခဲ့ရသည်။ နူးညံ့သော ဖဿဝေဒနာကို ပြန်စဉ်းစားသည်။ ခင်မြင့်မြတ် မျက်နှာကို တရေးရေး မြင်လာသည်။ ကိုဘကောင်း၏ မျက်နှာသည် ပြုံးဖြီးဖြီး ဖြစ်လာလေ၏။

'ဆရာ ...ဇာတ်လမ်းသဘောကျလို့လား ဆရာ'

မောင်ပိုက်က မေးသည်။

'အေးကွ...လက်ကလေးက နူးညံ့လိုက်တာ မောင်ပိုက်ရယ်၊ ဟာ...ဘာတွေ လျှောက်ပြောနေမိပါလိမ့်'

ကိုဘကောင်းက စကားကို ရပ်လိုက်သည်။

'အဲဒါပေါ့ ဆရာ၊ လူပျိုကြီးများ မချစ်ဘူး—မချစ်ဘူးနဲ့ ခြစ်မယ့် ခြစ်မှတော့လဲ အစင်းတွေချည့်ပဲဆိုတာ'

မောင်ပိုက်က လှောင်သည်။

'စဉ်းစားမိတာပါကွာ၊ တကယ်တော့ ငါ မချစ်ချင်ပါဘူး၊ ချစ်ရမှာ ကြောက်တယ်'

ကိုဘကောင်း ဝတ္ထု ဆက်ရေးသည်။ ရေးလို့ မရတော့ပေ။ ဖောင်တိန်သည် ထစ်ဆိုင်း ထစ်ဆိုင်း ဖြစ်နေ၏။ ကိုဘကောင်းက ခေါင်းကုတ်သည်။ ကိုယ်ကို ဟိုဘက် သည်ဘက် လှည့်သည်။ အကြောတက်ချင်သလိုလို ဖြစ်လာသည်။

'မောင်ပိုက်ရေ၊ ကြိတ်ဦးချေဦးမှ ထင်တယ်၊ အကြောတွေ တက်ပြန်ပြီ'



စာရေး စားပွဲမှ ထလိုက်သည်။

'ရပါတယ် ဆရာ....ကမ္ဘာ့ အနင်းကြီး မောင်ပိုက်ပါ'

ခင်မြင့်မြတ်သည် လေ့ကျင့်ခန်း စာအုပ်များကို စစ်ဆေးလျက် ရှိ၏။ သူမသည် အလုပ်ထဲတွင် စိတ်မဝင်စားပေ။ စာအုပ်ကို ဖွင့်ကာ ငိုင်နေသည်။ စာမျက်နှာပေါ်တွင် ကိုဘကောင်း၏ ပြုံးဖြီးဖြီး မျက်နှာကြီး ပေါ်လာသည်။

'အို....ဒုက္ခပါပဲ'

စာအုပ်ကို ပိတ်ပစ်လိုက်သည်။ ကိုဘကောင်း ကိုင်သွားသော သူမ၏ ညာဘက်လက်ကို မမှိတ်မသုန် ကြည့်မိသည်။ ရင်ထဲက ခုန်၍ ကတုန်ကယင် ဖြစ်လာ၏။ ရင်ဘတ်ကို လက်တစ်ဖက်ဖြင့် ဖိထားရသည်။ ယောကျ်ား ဆိုပေမင့် ကိုဘကောင်း လက်မှာ မကြမ်းပေ။ ကလောင်ကိုင်သော အနုပညာလက်ဖြစ်၍ နူးညံ့၏။

'မမ .. စာအုပ်တွေ အမှတ်ပေးနေသလား'

မယ်သော ဝင်လာပြီး လှတ်ခနဲ မေးသည်။ ခင်မြင့်မြတ်မှာ အတွေး မပြတ်—တပြတ်ဖြင့်။

'ဟုတ်တယ်....ကိုဘကောင်း လက်က ဆယ်မှတ်၊ အို....မှားလို့ မှားလို့'

ယောင်မှား ပြောမိ၏။

'အဟိ ..မမတော့ ခက်နေပါပြီ၊ အစတုန်းက အဲဒီ လူကြီးကို သောက်မြင်ကတ်တယ်ဆိုပြီး'

www.burmeseclassic.com

www.burmeseclassic.com



'အို…ခုဒကာ ငါက ချစ်လို့လား၊ ချစ်ချင်ပါဘူး'

ခင်မြင့်မြတ်က ကမန်းကသီဖြေကာ စာအုပ်ကို ပြန်ဖွင့်သည်။ ကျောင်းသား ရေးထားသော လေ့ကျင့်ခန်းကို ဖတ်၏။ အမှတ်များကို ပေးလိုက်–ပြန်ဖျက်လိုက် မရေမရာ လုပ်မိသည်။ အလုပ်လုပ်ရင်း ဇက်ကြောဆီမှ ဖြိုးဖြိုးဖျင်းဖျင်း ဖြစ်လာသည်။ ဇက်ကို ဟိုလှည့် သည်လှည့် လှုပ်ရာက။

'မယ်သော့ရေ…ဖျစ်စမ်းပါဦး၊ မမ ဇက်လေးလာ ပြန်ပြီ၊ မောင်ပိုက်နှင့် မယ်သော့ တစ်ဖန် ပြန်တွေ့ကြရပြန်ပါပြီ၊ သည်တစ်ခါတော့ လွှတ်လပ်ခြင်း အပြည့်အဝဖြင့် ဖြစ်သည်။ မောင်ပိုက်က မျက်စိ မှိတ်ပြ၊ – လျှာထုတ်ပြသည်။ မယ်သော့က "ဟင်းနော် ဒါပဲ" အမူအရာဖြင့် လက်သီးဆုပ်ပြသည်။ ခင်မြင့်မြတ် မော့အကြည့်ဖြင့် မိသွား၏။

'မယ်သော့ လက်သီးဆုပ်ပြပြီး ဘာလုပ်နေတာလဲ'

မယ်သော့ ပြုံး၍….

'မလုပ်ပါဘူး'

ဖုံးဖုံးဖိဖိ ပြောသည်။

'မောင်ပိုက် ကောင်းကောင်း နှင်းကွာ…. နားရွက်ကြားထဲ လက်မသွင်းပြီး ဘာကိုလက်ယပ်ခေါ်နေတာလဲ'

ကိုဘကောင်းကလည်း ပက်ပင်း မိသွား၏။



'ဟဲ…ဟဲ… ဘဝရဲ့ကေဇီလေးကို အချက်ပြနေတာပါ ဆရာ….'

မောင်ပိုက် ပြောရင်း ဆက်သက် ပြောင်နောက်နေသည်။ မယ်သော့က နှုတ်ခမ်းစူပြ၏။ မောင်ပိုက်မှာ ကြိတ်မနိုင် ခဲမရ ဖြစ်လာ၍ တစ်အားအား ဆောင့်နင်းလိုက်ရာ–

'ဖြည်းဖြည်းဟ မောင်ပိုက်ရဲ့ အရိုးကျိုးတော့မယ်'

ကိုဘကောင်းက တောင်းပန်ယူရသည်။

ခင်မြင့်မြတ် မယ်သော့ကို အလစ်ချောင်းပြန်၏။ မယ်သော့မှာမသိဘဲ အိုက်တင်ထုတ်ပြလျက်ရှိသည်။ မောင်ပိုက် အားမလိုအားမရဖြစ်ဟန် အစွမ်းကုန် ဖျစ်ညှစ်ရာ–

'အရမ်း အချမ်း မဖျစ်နဲ့ဟဲ့၊ လည်ပင်းပြတ်သွားမယ်'

ခင်မြင့်မြတ်က တောင်းပန်ယူရသည်။

'မယ်သော့ ခဏရပ်လိုက်ဦး'

အနှိပ်ရပ်ခိုင်းပြီး အညောင်းဆန့်လို၍ မတ်တတ်ရပ်လိုက်ရာ ပြောင်လှောင်ပြနေသော မောင်ပိုက်နှင့် တည့်တည့် တိုးသွား၏။

'ဟိုက် ချောက်ပဲ'

မောင်ပိုက် ကိုဘကောင်းပေါ်မှ ခုန်းဆင်းလိုက်လေသည်။

'ဘာလဲကွ… ဘာဖြစ်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ကိုဘကောင်းကမေးရင်း လှူးလဲထ၏။ မောင်ပိုက်က နှုတ်ဖြင့်မပြောဘဲ တစ်ဖက်အိမ်သို့ လက်ညှိုး ထိုးပြသည်။ ကိုဘကောင်း ပြတင်းဝသို့ ရောက်လာ၏။ တစ်ဖက်ပြတင်းဝတွင် ခင်မြင့်မြတ် အသင့်ရပ်နေသည်။

'အနင်းခံနေသလား....ကိုဘကောင်း'

ခင်မြင့်မြတ်က စတင် နှုတ်ဆက်သည်။ သူမမျက်နှာ ပြုံးနေသည်။

'ဟုတ်ကဲ့— မခင်မြင့်မြတ်လဲ ဇက်ကြောဆွဲခံမှတ်တယ်'

ကိုဘကောင်းက ပြန်နှုတ်ဆက်သည်။

'ဟုတ်တယ်ရှင့်'

ထိုနောက် စကားပြောစရာ မရှိ၍ နှစ်ယောက်စလုံး ရပ်သွားကြ၏။

'မြော....ပြောဆရာ ဘာမှမရှိရင် ကြံဖန်ပြော'

မောင်ပိုက်က မြှောက်ပေးသည်။

'မမ....ဆက်ပြောပါ'

မယ်သော့က ပင့်ပေးသည်။

ကိုဘကောင်းသည် အစီပွာယ်မရှိဘဲ ပြုံး လိုက်၏။ ခင်မြင့်မြတ်ကလည်း အကြောင်းမခိုင်လုံဘဲ ပြန်ပြုံးပြသည်။

'ဦး... အိပ်ပြီလား'

'ဟုတ်ကဲ့- အိပ်သွားပြီ၊ ကိုဘကောင်း ထမင်းစားလို့ ကောင်းရဲလား'



'ကောင်းပါတယ် မခင်မြင့်မြတ်၊ နောက်ငဖးမှုန်မှုန် သွားတယ်နော်'

ထို့နောက် တိတ်ဆိတ် သွားကြပြန်လေသည်။ မောင်ပိုက်က—

'ဆက်ပြော... ဆက်ပြော၊ ရပ်မထားနဲ့'

ဟု တိုးတိုးတွန်း၏။ မယ်သော့ကလည်း—

'မမရပ်မနေနဲ့ တစ်ခုခုဆက်ပြောပါ'

ဟု တိုးတိုး အကြံပေးသည်။

'ကျွန်တော် ကုလားကြီး တစ်ယောက် တွေ့တယ် သတ္တုနွဲ့ပဲလှော်နဲ့ လဲတယ်လို့ အော်တယ်ဗျ'

ရယ်စရာ မဟုတ်ခပေမယ့် ခင်မြင့်မြတ်က တဟင်းဟင်း ရယ်သည်။

'ဟင်း....ဟင်း ကိုဘကောင်းက ရယ်စရာ သိပ်ခပြောတတ်တာပဲ၊ ကျွန်မလဲ ကုလားမကြီးတစ်ယောက် တွေ့တယ်၊ သရက်သီးသနပ်၊ ခရမ်းသီးသနပ်တဲ့'

ဟားဖို့မကောင်းပေမယ့် ကိုဘကောင်းက တဟားဟား ရယ်သည်။

'မခင်မြင့်မြတ်လဲ ရယ်စရာ ပြောတတ်သားပဲ'

ကိုဘကောင်းမှာ ပြောစရာ စကား ကုန်သွားသဖြင့် မျက်စိမှိတ်ပြခြင်း၊ လျှာထုတ်ပြခြင်း၊ နားရွက်ကြားထဲ လက်သွင်းကာ လက်ယပ် ခေါ်ပြခြင်း၊ လက်ညှိုးချင်း

www.burmeseclassic.com

www.burmeseclassic.com



ပူးပြခြင်း၊ မောင်ပိုက်သင်သားသမျှ လုပ်ပြသည်။ ခင်မြင့် မြတ်မှာ နှုတ်ခမ်းစူခြင်း၊ ခေါင်းခါခြင်း၊ မျက်စောင်း ထိုးခြင်း၊ ခြေဆောင့်ခြင်း၊ မယ်သော့ သင်ထားသမျှ ပြန်လုပ်ပြလေသည်။ လုပ်စရာကုန်သွားသောအခါ 'အိပ် တော့မယ်' ဟု နှုတ်ဆက်၍ တံခါးပိတ်လိုက်ကြလေ၏။

အခန်း ( ၁၄ )

အိမ်ပြင်ထွက်ခဲ့လေသော ဦးထိအောင်သည် ခြေထောက် ခဲ့စူးပြီးနောက် ရွှေတိဂုံဘုရားသို့ မကြာ ခဏ သွားနေ သည်။ တစ်နေ့အပြန်တွင် သူနှင့် အကူ ဘိုးတိုးအောင် ပုံစံအတိုင်း ဝတ်ဆင်ထားသော ပုဂ္ဂိုလ်တစ်ဦး ပါလာ လေသည်။

'အဲဒါ တခြား မဟုတ်ဘူး... ဆရာကြီး မဟာသိဒ္ဓိ ဦးစက်တိုးတဲ့၊ ပူဇာဝ ပူဇာနေယာနဲ့ ပူဇော်ထိုက်တဲ့သူကို ပူဇော်ရမယ် ဟဲ့....မယ်သော့ မင်းချော်ရှည် မြန်မြန် လုပ်စမ်း'

www.burmeseclassic.com

www.burmeseclassic.com



မဟာမြိုင် ဦးစက်ဘိုးသည် စားပွဲပေါ်မှ ငွေစီးကရက်ဘူးကလေးကို ကိုင်ကြည့်နေ၏။ ဦးထီအောင် ထွက်လာသောအခါ အသာပြန်ထားပြီး လက်ကို ပေါင်ပေါ်တွင် ယှက်ထားလိုက်သည်။

'မောင်ထီအောင် ဖိုခန်းကို ဆရာကြီး ကြည့်ချင်တယ်'

ဦးစက်တိုးသည် ဆန့်ညားသော ဣန္ဒြေဖြင့် ဖိုခန်းသို့ ကြွသွားသည်။ ဦးထီအောင်က ရှေ့မှ ရို့ရို့လေး ခေါ်သွားသည်။ မယ်သော့သည် ဘာမှန်းမသိသော ဦးစက်တိုးကိုနောက်မှ လိုက်ကြည့်သည်။ ဦးထီအောင်က ခွာတ်လုံးကို ထုတ်ပြပြီး....

'ကျွန်တော် ကြိုးစားခဲ့တာ ကြာပါပြီ ဆရာကြီး၊ ဝိဇ္ဇာက နှောင့်ယှက် ဇော်ဂျီက ညစ်ပတ်မို့ အခုမှပဲ ခရီးတွင်တော့တယ်၊ ဆရာကြီးကို ပြရဦးမယ်၊ ပြဒါးကို ပြာချလို့ အောင်မြင်ပြီ'

ဦးထီအောင်က ပုလင်းတစ်လုံး ထုတ်ပြသည်။

'ရှေ့နိုတ်လိုက်လေ၊ဆရာကြီးလဲ ပြဒါးပြာရှာနေတာပဲ'

ပုလင်းဖွင့်ကာ လက်ဝါးထဲသွန်ထည့်သည်။မယ်သော့မှာ ဖိုခန်းအပြင်ဘက်မှ ချောင်းကြည့်ကာ နှလုံးတုန်ရင်ခုန်နေလေ၏။



"ဘူမပြဒါး၊ အာကာသပြဒါး၊ ဝိဇယပြဒါး၊ ပုရိသပြဒါး၊ ဂုဏ္ဍိပြဒါး၊ နပုံသကပြဒါး၊ မြေအောင်းပြဒါး၊ အပုပ်စားပြဒါး၊ အပွင့်စားပြဒါးလို့ ပြဒါးကိုးပါးရှိတဲ့ အနက် ဒီပြဒါးဟာ တစ်မျိုးမျိုး ဖြစ်ရမယ်"

ဦးစက်တိုးသည် ပြာများကို လက်ခလယ်ဖြင့် တို့လျက်ပြီးနောက် မျက်လုံး ပျာကလပ်–ပျာကလပ်ဖြင့် စဉ်းစားနေသည်။

'အိမ်း... စိမ်းရွှေရွှေ ပုပ်အဲ့အဲ့နံ့ဘယ်၊ အရသာက ခါးသက်သက် ရှိတယ်၊ ဒါ အပုပ်စား ပြဒါးပဲ မောင်ထီအောင်'

မယ်သော့မှာ နောက်ဖေးဘက်သို့ ပြေးထွက်လာကာ တဝေါ့ဝေါ့ အန်လေသည်။

'အမယ်လေးတော်....သူမို့ မရွံ့ မရှာ....ကြောင်ချေးပြာချထားတာကို အပုပ်စား ပြဒါးတဲ့'

မယ်သော့မှာ တိုးတိုး ပြောကာ အန်ပြန် လေသည်။

ဦးစက်တိုးမှာ ဖိုခန်းကို လှည့်ပတ် ကြည့်ရှု၍ အပြင်ပြန်ထွက်ခဲ့သည်။ ဦးထီအောင်က နောက်ပါးမှ ခပ်ရို့ရို့ လိုက်လာ၏။

'မောင်ထီအောင့်ခွာတ်လုံး တဆိတ်သွားယူလိုက်ပါဦး ဆရာကြီး ထပ် ရှုစားချင်သေးတယ်'

'ရပါတယ် ခင်ဗျာ.... အခု မကြာ ချက်ချင်းပဲ ကျွန်တော် သွားယူလိုက်ပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဦးထိအောင်က ပေါ့ပါးစွာ ပြေးထွက် သွားသည်။

မဟာမြိုင်ဦးစက်တိုးသည် ဘိုးဘိုးအောင် အုပ်ပေါင်းကို လျင်မြန်စွာ ဖြေချလိုက်၏။ အိမ်တွင်း ဟိုဟို သည်သည်ကို ကျိုးကန်း တောင်းမှောက် အကဲခတ်သည်။

ငွေ စီးကရက် ဘူး ကလေးကို ခေါင်း ပေါ် တင်၍ ဘိုးဘိုးအောင် အုပ်ပေါင်းကို ပြန်ပတ်လိုက်သည်။

ဦးထိအောင် ပြန်ရောက်လာ၏....။

'ကြည့်ရှုတော်မူပါ ဆရာကြီး'

ဓာတ်လုံးကို လက်နှစ်ဖက်ဖြင့် ရိုသေစွာ ကမ်းပေးသည်။ ဦးစက်တိုးက မဂိုလမ်း စိန်ဘာဘူ ဂိန်ကျောက်ကြည့်သလို ဓာတ်လုံးကို လှည့်ပတ် ကြည့်ရှုပြီး ပြန်ပေးသည်။

'အင်း....ထွက်ရပ် ပေါက်ဖို့ နီးပြီ၊ မောင်ထိအောင် ထွက်ရပ်ပေါက်မှာကို မနာလိုသူတွေ ရှိနေတယ်'

ဦးစက်တိုးက တစ်လုံးချင်း ခန့်ညားစွာ ပြောသည်။

'ကျွန်တော့်ကို မနာလိုသူ ထဲမှာ ဝသုန္ဓရေဟာ ထိပ်ဆုံးက ပါတယ်'

ခဲချွန်စူးသည်ကို မခံမနိုင် သေးသော ဦးထိအောင်က ပြော၏။

'အိမ်း ဝသုန္ဓရေတင် မကဘူး၊ ဇော်ဂျီ ကိုလဲ သတိထားရမယ်၊ မောင်ထိအောင် ထွက်ရပ်ပေါက်မယ့် လမ်းခရီးမှာ ဇော်ဂျီ နှောင့်ယှက်လိမ့်မယ်'



'ကျွန်တော်....ဘယ်လို လုပ်ရမလဲ ဆရာကြီး၊ ဇော်ဂျီ မလာနိုင်အောင် ဖိုခန်းတံခါး သော့ခတ် ထားရမလား'

ဦးထိအောင်က ခပ်အူအူ ပြန်မေးသည်။

'မရဘူး မောင်ထိအောင်၊ ဇော်ဂျီဟာ မောင်ထိအောင့်ဓာတ်လုံးကို ရအောင်ခိုးလိမ့်မယ်'

'ဒါပေမယ့် မကြောက်ပါနဲ့ ဇော်ဂျီကို ဆရာကြီး ကောင်းကောင်း နိုင်ပါတယ်'

'ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်၊ ကျွန်တော် ဇော်ဂျီအန္တရာယ်အတွက် ကင်းငှားစောင့်ခိုင်းရ ကောင်းမလား စဉ်းစားနေတာ'

'မောင်ထိအောင် လမ်းစဉ်ပြီးစီးတဲ့အထိ ဆရာကြီး လာစောင့်ရှောက်ပေးမယ်၊ ပူပင် စိုးရိမ်နေ၊ ခြင်း မရှိနဲ့....ဟုတ်လား'

မဟာမြိုင် ဦးစက်တိုးသည် ယင်းသို့ အားပေးကာ ပြန်ကြွသွားလေ၏။

ဦးထိအောင်သည် အိမ်အောက်ထပ် တစ်ခန်းကို မဟာမြိုင် ဦးစက်တိုးအတွက် ရှင်းလင်းထားလေသည်။ ညဘက်တွင် ခင်မြင့်မြတ်ကို တိုင်ပင်၏။

'သမီး၊ ထားမြတ်တဲ့ပုဂ္ဂိုလ်တစ်ပါးဟာ တစ်နှစ်ရက်အတွင်း ကြွမြန်းလာလိမ့်မယ်၊ ဖေဖေ ထွက်ရပ်ပေါက် ရေးမှာ ကူညီမယ့် ဆရာကြီးပဲ'

www.burmeseclassic.com

www.burmeseclassic.com



ခင်မြင့်မြတ်က သက်ပြင်းချသည်။

'ဖေဖေရယ်.... စဉ်းစားပါဦး၊ သမီးက တိုင်းပြည်အနာဂတ်အတွက် လူ့ရည်ချွန်တွေပေါ်ဖို့ ကြိုးစားနေတယ်၊ အဖေက အဓိပ္ပာယ်မရှိတဲ့ ခေတ်နောက်ပြန်ဆွဲအလုပ်ကိုလုပ်နေတယ်၊ ဖေဖေနဲ့သမီးဟာ မြေဒါးတစ်လမ်း သံတစ်လမ်းပဲ'

ဦးထီအောင်က ပေါင်ကိုပုတ်လိုက်သည်။

'အေး....အဲဒီ မြေဒါးတစ်လမ်း သံတစ်လမ်းဆိုတာ ဂိုရတ်စကားကွယ့်၊ သံသေတစ်ပြည်ဝတဲ့၊ သံသေအောင်ဘယ်လိုလုပ်ရတယ်မှတ်သလဲ'

'ဗာရာဇင်း သံချဆေး ဝယ်သောက်ပေါ့၊ သံတွေအထွေးလိုက်ကျမယ်'

ခင်မြင့်မြတ်က ဒေါပွပွဖြင့် ဘုမှတ်ပြီး—

'တစ်ခွန်းဆို တစ်ခွန်းပဲဖေဖေ၊ ဖေဖေ့ဆရာကြီးကို လက်မခံနိုင်ဘူး၊ ဖေဖေခေါ်ချင်ခေါ် သမီးတခြားသွားနေမယ်၊ အဲဒီဆရာကြီးနဲ့ဖေဖေနဲ့ နှစ်ယောက်တည်းနေ၊ဖို ထိုးထိုး မီးလှုံလှုံ လုပ်ချင်တာလုပ်ကြ၊ အိမ်ကြီးပါ မီးလောင်သွားရင် အေးတာပဲ'

ခင်မြင့်မြတ် ခြေဆောင့်၍ ပြောသည်။ ဦးထီအောင်က 'တယ်ခက်ပါလား'ဟု ညည်းနေစဉ် ကိုဘကောင်းရောက်လာလေသည်။



'လာ.... လာ....မောင်ဘကောင်း မင်းရောက်လာတာအတော်ပဲ၊ ဦးနဲ့အငြင်းပွားနေကြတယ်။ ဦးက မဟာမြိုင်ဆရာကြီးကို ပင့်ချင်တယ်၊ သမီးက မပင့်ရဘူးတဲ့'

ကိုဘကောင်းက ကုလားထိုင်တွင် ဝင်ထိုင်သည်။ ခင်မြင့်မြတ်လည်း မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ပြန်ဝင်ထိုင်၏။

'မဟာမြိုင်ဆိုတာ ဘာလဲဦး၊ တေဆေးလား'

ကိုဘကောင်းက ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းလိုက်သည်။

'ကြကြီးစည်ရာကွယ်၊ မဟာမြိုင်ဆိုတာ ထွက်ရပ်ဂိုဏ်းတစ်ဂိုဏ်းရဲ့ အမည်ကွယ့်၊ မဟာမြိုင်ဆရာကြီးဆိုတာ အဲဒီဂိုဏ်းရဲ့ ဂိုဏ်းအုပ်ကြီး၊ ဆရာကြီးနာမည်က ဦးစက်တိုးတဲ့ ဦး ရွှေတိဂုံဘုရား သွားဖူးရင်း ဘုရားပေါ်က သိကျွမ်းခဲ့တာ'

ကိုဘကောင်း ခင်မြင့်မြတ်ကို လှမ်းကြည့်လိုက်သည်။

'ဆရာကြီးဆိုတာ ဆေးခြောက်ကိုခေါ်တာဦး၊ ဆရာကြီး ပင့်တယ်ဆိုတာ ဆေးခြောက်ရှူတယ်လို့ အဓိပ္ပာယ်ရတယ်၊ ဆရာကြီး ဦးစက်တိုးဆိုတော့ ဆေးခြောက်ဦးစက်တိုးပေါ့၊ ဦးမိတ်ဆွေဟာ ဂန်ဂျာဝါလားကြီးထင်ပါတယ်ခင်ဗျာ'

ဦးထီအောင် မျက်နှာရှုံ့သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ခက်လိုက်လေကွယ်၊ မြို့အုပ်မင်း စောင်မမှ ထောင်ကျရတယ် ဆိုသလို မောင်ဘကောင်းကို အကူအညီတောင်းကာမှ ဦးဆရာကြီးခမျာ ဆေးခြောက်ဖြစ်ရရှာပြီ၊ ထားမှာက အိမ်အောက်ခန်းတင်ကွယ့်၊ သမီးက အပေါ်ထပ်မှာနေတာ တသီးတခြားမို့ပဲ၊ ပင့်ခွင့်ပြုပါသမီးရယ်'

'ဟုတ်သားပဲ၊ မခင်မြင့်မြတ် ပင့်ပါစေဗျာ'

ခင်မြင့်မြတ် မျက်လုံးများ ဝင်းဝင်း တောက်လာသည်။

'ရှင်ကပါ အလိုဘူအငိုပါပေါ့ ဟုတ်သား၊ ရှင်တာ လူဦးရေ နှစ်ဆယ့်ခုနစ်သန်းကို ဒရှု့ဆောင်လမ်းပြု ပြုနေတဲ့ စာရေးဆရာတစ်ယောက် ဆိုတာ ပေ့သွားပြီလား၊ ခေတ်နောက်ဆွဲ အယူအဆကို ရှင်ကိုယ်တိုင်က လက်ခံသလား'

'ခက်လိုက်တာဗျာ...ဦးစိတ်တိုင်းကျ လုပ်ပါစေ'

ကိုဘကောင်းက မျက်စိတစ်ဖက် မှိတ်ပြသည်။

'ရှင် မျက်စိမှိတ်မပြပါနဲ့၊ ရှင့်ကို လေးစားလိုက်တဲ့ စာရေးဆရာ တစ်ယောက်အနေနဲ့ လူချင်းမသိခင်ကတည်းက အထင်ကြီးခဲ့တယ်'

'ကြီးပါဗျာ...ကြီးပါ၊ ခုကိစ္စမှာတော့ ဦးအလိုကို လိုက်....လိုက်စမ်းပါ'

ကိုဘကောင်းက ခုံအောက်လက်သွင်းပြီး ခင်မြင့်မြတ် လက်ဖမိုးကို ဆိတ်လိုက်သည်။



'ဘာ ဆိတ်တာလဲ၊ ဒီမှာ ကိုဘကောင်း၊ ကျွန်မက ဆရာမ၊ ရှင်က စာရေးဆရာ၊ ကျွန်မတို့မှာတာဝန်ကိုယ်စီ ရှိကြတယ်၊ ကျွန်မက ကျောင်းသား တွေကို လမ်းညွှန်ရမယ်၊ ရှင်က စာဖတ်ပရိသတ်ကို လမ်းညွှန်ရမယ်၊ ကျွန်မ ကျောင်းသားက နည်းနည်းလေး၊ ရှင့်ပရိသတ်ကအများကြီး၊ ရှင့်တာဝန်က ပိုကြီး၊ ရှင်...ရှင့် စာဖတ် ပရိသတ်တွေ အယူမှား အယုံမှား ချောက်ထဲကို ကသလောင်နဲ့တွန်းချမလား၊ ကျွန်မ တာဝန် ကျွန်မထိန်းမယ်'

'ထိန်းပါဗျာ...ထိန်းပါ၊ဒါပေမယ့် ဒီတစ်ခါတော့ ဦးဆန္ဒကို လိုက်လျောလိုက်ပါ'

ကိုဘကောင်းက ခင်မြင့်မြတ် ခြေဖမိုးကို အသာလှမ်းနင်းသည်။ ခင်မြင့်မြတ် ခြေထောက် ရုပ် ထား သဖြင့် ဦးထိအောင် ခြေထောက်ကို နင်းမိလေသည်။

'ဟာ...ဟ...ခြေထောက် နင်းတယ်ဟ၊ ငါ့ခြေထောက် ဘယ်သူ နင်း သလဲ'

ဦးထိအောင်က အလန့်တကြား ထ အော်သည်။

ခင်မြင့်မြတ်သည် မျက်နှာ သုန်မှုန်စွာဖြင့် အပေါ်ထပ် တက်သွားး၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

'ကျွန်တော့် အပေါ်မှာ အထင်လွဲနေပြီ ဆိုတာ မနေ့ကတည်းက ကျွန်တော် သိခဲ့ပါတယ်၊ ဒီလို ရှိပါတယ် မခင်မြင့်မြတ်'

ကိုဘကောင်းက ဆေးတံဖွာရင်း စကားစသည်။

'ဒီလိုတွေ ဟိုလိုတွေ ရှည်မနေပါနဲ့ ရှင်၊ တိုတိုနဲ့ လိုရင်း ပြောပါ၊ တိုင်းပြည်နဲ့ လူမျိုးကို ဖိုထိုးတဲ့အလုပ်နဲ့ အဆင့်အတန်း မြှင့်ပေးမယ်ဆိုတဲ့ အယူအဆကို ရှင် လက်ခံသလား'

'ဝေးစွ...ဆယ်နှစ်ပါးပဲ မခင်မြင့်မြတ်'

ကိုဘကောင်းက ပြုံးပြုံးလေး ပြောင်းမယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ခုတစ်မျိုး၊ တော်တော်ကြာ တစ်မျိုး၊ လက်စေါး လို မှောက်လိုက် လှန်လိုက် မလုပ်ပါနဲ့၊ မနေ့ကပြောတော့ မဟာမြိုင်ဆရာကြီးကို ခေါ်သာ ခေါ်ပါဆို'

ခင်မြင့်မြတ်က ခပ်ဆတ်ဆတ်ပြောသည်။

'ဟုတ်တယ်...ခေါ်ဖို့ ဘက်က ထောက်ခံ တယ် လေ၊ ကျွန်တော်က စိတ်ကူးတစ်ခုနဲ့ ထောက်ခံခဲ့ တာပါ၊ ကျွန် တော် စိတ်ကူးက ဒီလို လုပ်ချင်တာကို လွှတ်လပ်စွာ လုပ် ပေစေ...လွှတ်ပေး လိုက်မယ်၊ သူ့ အလုပ်တွေက အမှား အယွင်းတွေ တွေ့တော့မှ ကျွန်တော်တို့ ဆွေးနွေးယူမယ်၊ ဒီအခါမှာ သူငြင်းလို့ မရတော့ဘူး'

ကိုဘကောင်းက တစ်လုံးချင်း ရှင်းပြသည်။ ခင်မြင့်မြတ် မျက်နှာလေးမှာ ဒေါသမှုတိမ်များ၊ ကင်းစင်လွင့်မျောက် သွား၍ ကြည်လင်လာ၏။

'အစကတည်းက ဒီလို ပြောပါတော့လား'

ခင်မြင့်မြတ်၏ ခပ်နွဲ့နွဲ့အသံ....

'ကျွန်တော် မျက်စိ မှိတ်ပြခဲ့တာ၊ လက်ဖမိုးကိုလဲဆိတ် လိုက်သေးတယ်လေ'

ကိုဘကောင်း အသံကလည်း နူးညံ့လာသည်။

မယ်သော်မှာ ခန်းဆီး အကွယ်မှာ ပုန်းကွယ် နေရာမှ သဘောကျသလို ခေါင်းညိတ်နေသည်။

'ပြစ်မ်းပါ...ကျွန်တော်ဆိတ်တာ လက်ကလေး တော် တော် နာသွားသလား'



ကိုဘကောင်းက တုန်တုန် ယင် ယင် ဖြင့် လက်လှမ်း သည်။

'သိမ်... သိပ် မနာပါဘူး'

ခင်မြင့်မြတ်ကလည်း တုန်တုန် ယင်ယင် ဖြင့်ပင် လက် ပြန်ကမ်းသည်။ လက်နှစ်ဖက်တို့တည် တော်တော်နှင့်မထိ နိုင်ကြဘဲ နှတ်ပူးနေကြ၏။ ကိုဘကောင်းမှာ ဇလုပ်ကြီး အထက်အောက် ဆန်အောင် ထိတွေး မျိုချနေသည်။

ခင်မြင့်မြတ်မှာ အောက် နှုတ်ခမ်းကို တင်းတင်းကိုက် ထား၏။ မယ်သော်က အသည်း ယား သလို ခြေဖျား ထောက်ကြည့်နေသည်။

'ဟောတော့....'

မယ်သော် နောက်သို့ ခုန်ဆုတ်လိုက်ရာတွင် ကွမ်းအစ် တင်ထားသော စားပွဲရှည်ကလေးကို တိုက်မိ၏။

ကိုဘကောင်း နှင့် ခင်မြင့်မြတ် လက်ချင်း ဖြုတ်လိုက် ကြလေ၏။

'ဟို ဟို စာရေးတယ် ဆိုတာ အကြောင်းအရာ ရှိဖို့ လိုတယ်ဗျ၊ ဟန်နဲ့အကြောင်းအရာမှာ အကြောင်းအရာကို ဦးစားပေးရမယ်'

ကိုဘကောင်းက ပါးစပ်ထဲပေါ်ရာ စွတ်ပြော၏။

'ဒါပေမဲ့ရှင် ကလေးတွေ လိမ္မာဖို့ရာ ကြိမ်လုံးချည့် အားကိုးလို့မရဘူး၊ ကလေးဆိုတာ ချော့မော့ပြောမှ နားထောင် တတ်တယ်...ကိုဘကောင်းရဲ့၊ လိုရာပုံ သွင်းလို့ရတယ်'

www.burmeseclassic.com

www.burmeseclassic.com



ခင်မြင့်မြတ်ကလည်း စိတ်ကူး တည့်ရာ လျှောက်မှတ်သည်။

'ဟုတ်တာပေါ့ ခင်ဗျာ....စာအုပ်လုပ်ငန်းဟာ ခုထက်ပိုမိုကျယ်ပြန့်ဖို့လိုပါတယ်၊ စာရေးဆရာကြီး ဦးဗဂျိုင်က ပြောဖူးတယ်၊ စာအုပ် စာတမ်း မရှိတဲ့ အိမ်ဟာ ပြတင်းပေါက် မရှိတဲ့ အိမ်နဲ့ အတူတူပဲတဲ့'

'ဒါပေါ့ရှင်၊ သင်ရိုးညွှန်းတမ်းထက် အလေးသူငယ်ဟာ ပိုအရေးကြီးပါတယ်၊ တိုင်းနှစ်ခု ထပ်တူ ညီမျှဖို့ အနားသုံးဘက်ညီရမယ်၊ ဒါမှ မဟုတ် အနားနှစ်ဖက်နဲ့ကြားထောင့်ညီရမယ်၊ ဒါမှမဟုတ်လဲ ထောင့်နဲ့အနားတစ်နားညီရမယ်'

'ဟုတ်လိုက်လေခင်ဗျာ၊ ကောင်းခြောက်ဆယ်လေးရပ်နဲ့ သွေးထပ်ထပ်ရုပ်ညီတဲ့၊ ဘယ်လောက်ကောင်းတဲ့တေးလပ်လဲ၊ ရွှေးနိုပါတ်ထွတ်မှီသည်၊ ဖုဿတီထွန်းထားတဲ့ ဖုဿတီဆိုတာ သိဂ္ဂြည်းမင်းကြီးရဲ့ မိဖုရားပေါ့'

'အမှန်မလွဲပါဘဲရှင်၊ သုံးဆယ့်နှစ်လက်မရှည်တဲ့ တစ်ဖက်ပိတ်ဖန်ပြွန်တစ်ခုကိုအသုံးပြုခြင်းအားဖြင့်ဘာရီမီတာလုပ်လို့ရတယ်၊ ရေကို အိတ် (ချ်)-တူး-အိုလို့ သိပ္ပံလို့ခေါ်တယ်'

ယင်းတို့ လျှောက် ကြွောင်နေကြစဉ် မယ်သော့က ဖရဲသီး၊ ထိုးဘူး၊ ကွမ်းညှပ်တို့ကို မြန် ကော်က် ထည့်သည်။



'ပြန်ဦးမယ် ခင်မြင့်မြတ်၊ ကျွန်တော်တို့ ညီနိုင်းမြို့ဦးအစုံကို ချွတ်ကြတာပေါ့၊ မဟာမြိုင်ဆရာကြီးကို ပင့်ပါစေ'

ကိုဘကောင်းက မယ်သော့ကိုမကြည့်ရဲ။ ခင်မြင့်မြတ်မျက်နှာတစ်ခုတည်းကိုကွက်ကြည့်ကာ ရှက်ကိုးရှက်ကန်းဖြင့် ထွက်သွားလေ၏။

မဟာမြိုင်ဦးစက်တိုးနှင့် ဦးထီအောင်တို့မှာ တုန်းကြီးရှူးနှင့်လှေလုံးလိုပလဲနိမ့်မသင့်နေကြလေ၏၊ ရောက်သည့်နေ့နေ့လယ်ခင်းတွင် ဖိုလုပ်ငန်းကို စတင်ကြသည်။

'ဆရာကြီးတိုင်ပေးတာကို လိုက်ဆိုနေ့သါ တစ်ခွန်းဆိုပြီး ဖိုနှစ်ချက်ဆွဲရမယ်'

ဦးစက်တိုးက ထန်းခေါက်ဖာထဲမှ ပုရပိုက် တစ်ချပ်ကိုထုတ်လိုက်သည်။

'ပဲခူးမြို့တောင်၊ ခွေးတဟောင်၊ ညောင်မြစ်အတွင်း ငွေကိုးတင်း'

ဦးထီအောင်မှာ ဖားဖိုကြီးကို အားကြီးမာန်တက်ဆွဲရာက 'ငွေကိုးတင်း' ဟု ပဲ့တင်သံပေးလိုက်သည်။

'ပဲခူးမြို့တောင်၊ ခွေးတဟောင်၊ ညောင်မြစ်အတွင်း ငွေကိုးတင်း'

'ငွေကိုးတင်း၊ ရှူးရှဲ...ရှူးရှဲ'

'စလေမြို့နောက်၊ ဝါးတစ်တောက်၊ ခွေးတောက်ချင်နား၊ ရွှေနှစ်ပြား'

www.burmeseclassic.com

www.burmeseclassic.com



'အိမ်း... ဒါကတော့ လောကဓံတရားကိုမကျေမချမ်းနဲ့ ကြိမ်းဝါး လိုက်ခြင်းပါပဲကွယ်၊ အနက် အဓိပ္ပာယ်သီးခြားမရှိပါဘူး၊ ဆရာကြီး ပြောတာရှင်းရဲ့လား'

'ရှင်းပါတယ်ဆရာကြီး၊ ဗဟုသုတ တိုးပွားရပါတယ် သာဓု သာဓု'

ဦးထံအောင်က မြိန်ယှက်စွာ သာဓုခေါ်၏။ မယ်သော့မှာ တစ်စုံတခု လုပ်ရန် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး အံကြိတ်၍ စိတ်ချုပ်လိုက်လေ၏။

O

အခန်း (၁၆)

**သင်လူသားများ....**

သင်တို့ကြံသော အကြံသည် အောင်မြင်မည်မဟုတ်၊ ကျွန်ုပ်တို့လောကတွင် ဝိဇ္ဇာချစ်သောင်းဇော်ဂျီငါးသောင်းရှိပြီးဖြစ်သည်။ နောက်တိုးလာခဲ့သော ဝိဇ္ဇာ၊ ဇော်ဂျီများအတွက် ထည့်သွင်းမစဉ်းစားနိုင်။ သူယောင်မယ်အားလုံးကို ခွဲတမ်းချပြီးဖြစ်သည်။ သင်တို့လုပ်ငန်းကို ရပ်တန်းကရပ်လိုက်ပါ၊ မရပ်လျှင် တပေါင်းလဆန်း ဆယ်ရက်နေ့ညမြန်မာစံတော်ချိန် ဆယ်နာရီ၊ ဆယ်မိနစ်အချိန်တွင် ကျွန်ုပ်ကိုယ်တိုင် လာဆုံးမမည် ။

အမိန့်အရ

(ပုံ) မူလလက်ယောင်း

ဇော်ဂျီနံပါတ်တစ်

ဂိဇ္ဇကုဋ္ဌ်တောင်

www.burmeseclassic.com

www.burmeseclassic.com



'တောက်...ရိုင်းလိုက်လေ မောင်ထိအောင်၊ ဒီဟာ ဘယ်တုန်းက တွေ့တာလဲ'

မဟာမြိုင် ဦးစက်တိုးသည်(ဇော်ဂျီ၏စာ)ကို ဖတ်ပြီး တောက်တစ်ချက်ခေါက်လိုက်၏။

'စောစောကလေးကတင်ပါခင်ဗျာ၊ ဖားပိုပေါ်မှာ လုံနဲ့ ဖိထားတယ်၊ စာအိတ်ပေါ်မှာ မဟာမြိုင် စက်တိုးနှင့် ထိအောင်တို့ သိစေရန်)လို့ ခမ်းတင်းတင်းရေးထားတဲ့ အတွက် ဆရာကြီးလက်ကို အမြန် ဆက်ကပ် ရတာပါ၊ ဒီစာအိတ်မှာ ဆယ့်ငါးမြားတန် တံဆိပ်ခေါင်း တစ်လုံး ကပ်ထားပြီးအင်္ဂလိပ်လို(စတင့်ပက်)နဲ့မြန်မာလို(ငှက်ခါး နှာပြီး)လို့ ရေးထားပါတယ် ဆရာကြီး'

ဦးထိအောင်က (ဇော်ဂျီ၏စာ) အကြောင်း အပြည့်အစုံ တင်ပြ၏။

'အစက ကျုပ်မပြောလား မောင်ထိအောင်၊ဇော်ဂျီဟာ သူ့ဘဝဖက်သား သူ့နေရာရောက်လာမှာ မလိုလားဘူး။ တတ်နိုင်သမျှ နည်းအမျိုးမျိုးနဲ့ နှောင့်ယှက်မယ် ဆိုတာ မောင်ထိအောင် မှတ်မိဦးမှာပေါ့'

ဦးစက်တိုးက ခပ်မာမာ ပြောသည်။

'မှတ်မိပါတယ် ဆရာကြီး၊ ဆရာ့စကား နားဝယ်ထား၊ ဆရာပြောတာ နားစိုက်ပါ ဆိုတဲ့ အတိုင်း ဆရာကြီး ပြောတာတွေ အားလုံး မှတ်မိပါတယ်'



ဦးထိအောင်က ပျပ်ဝပ်စွာ ပြောသည်။

'အိမ်း...အခု ကိစ္စကို ကြည့်၊ ဆရာတို့ လုပ်ငန်းကို ရပ်တန်းက ရပ်လိုက်ပါတဲ့'

'ဇော်ဂျီ နံပါတ်တစ်က စာပစ်ပြီး ခြိမ်းခြောက်တယ်။ ဆရာကြီးတို့ ကြောက်သင့်သလား'

'ကြောက် မွေးပါရင် ဇာဂနာ နဲ့ ဆွဲ နုတ် မယ် ဆရာကြီး'

'အိမ်း ငုတ်စိကလေးတွေ ကျန်ရင်လဲ မွေးညှပ်နဲ့ရှင်းပစ်ရမယ်။ အရေးမစိုက် ဂရုမထားတဲ့ အနေနဲ့ ဇော်ဂျီရဲ့စာကို ဟောသလို ဆုပ်ပြီး ဟောသလို ဖိုထဲထည့်လိုက်တယ် ဆွဲပေတော့ မောင်ထိအောင်'

ဦးထိအောင်က ဖိုကြီးကို မာန်ပါပါ ဆွဲလိုက်သည်။ တခဏအတွင်း၌ပင် ဇော်ဂျီ၏ စာပြာအာဝ ရောက်လေ၏။

'ဟား...ဟား ဟား ဟား၊ ဖားတုလို့ ခရုခုန်၊ အိုင်ပျက်ရှိရုံသာ ရှိတော့မပေါ့၊ ရာမရာ (အဲလေ) ဇော်ဂျီရာ'

ဦးစက်တိုး ဗိုက်အောင်ဒင်ကြိမ် ကြိမ်းလိုက်၏။

'ဇော်ဂျီ အသားကို ကင်စားမယ်ကွ၊ သူ့ဘဏ္ဍာတွေကို ဗျတ်ဝိဗျတ္တတို့လို ရှိန်းဆာယာပိုမောက်ပြီး ကိုယ်ပိုင်ချက်စေရမယ် ထိအောင်ကိုဘာထင်သလဲ၊ထိအောင်ကို ဘာထင်သလဲ၊ ငှဲ....ငှဲ....ငှဲ....ငှဲ....ငှဲ'

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးအောင် ကြောရိုးဦးထိအောင်က သာဒင်ကြူး ဝါးခြင်းမျိုး ကြုံးဝါးလေသည်။

'မောင်ထီအောင်'

'အမိန့်ရှိပါ ဆရာကြီး'

'နေ့စကြဝဠာ အောက်မှာ မဟာမြိုင်ဆရာကြီး ဦးစက်တိုး၊ ဦးစက်တိုးနဲ့ ဟိုးဟိုးကျော်ခဲ့တာ၊ ပါချီ ပါချက် မဟုတ်ဘူးနော်၊ ဝိဇ္ဇာဇော်ဂျီ တပသီတွေကို တပည့်သားမြေးလို နှိပ်ခိုင်း၊ နင်းခိုင်း လာခဲ့တဲ့ ဆရာကြီးကွယ့်၊ မူလလက်ဟောင်း ဇော်ဂျီမကလို ဆေးခိုင်အာမခံ ဇော်ဂျီပဲဖြစ်စေ၊ ရှမ်းနဲ့ဆင် လယ်မြင်မှာ တွေ့သလို မဟာမြိုင်နဲ့ ဇော်ဂျီလဆန်းဆယ်ရက်ညမှာ တွေ့ကြမှာမို့'

မောင်ထီအောင်ရေ။

'ခင်ဗျာ....'

'ရက်အချိန်ညှိပြီး ပြက္ခဒိန်သာ ကြည့်ထားပေရော့ကွယ်'

မယ်သော့မှာ ခေါင်းတဆတ်ဆတ် ညိတ်ရင်း ခန်းဆီးနောက်မှ ပျောက်ကွယ်သွားလေ၏။

တပေါင်းလဆန်း ဆယ်ရက်နေ့ည ကိုးနာရီခွဲအချိန်တွင် မဟာမြိုင် ဦးစက်တိုးနှင့် ဦးထီအောင်တို့မှာ အိမ်ရှေ့တွင် စည်းချလျက် ရှိ၏။

'ဇော်ဂျီ လာရင် ဘယ်က လာမလဲ ဆရာကြီး'



'နေရာ အမျိုးမျိုးက လာနိုင်တယ်ကွယ့်၊ ခြံတံခါးကို သေသေ ချာချာ ပိတ်ပြီးပြီလား'

'ပိတ်ပြီးပါပြီ ဆရာကြီး'

'ပြခန်းတံခါးကော'

'သော့နှစ်လုံး ခတ်ထားပါတယ် ဆရာကြီး'

မဟာမြိုင် ဦးစက်တိုးမှာ အရပ်လေးမျက်နှာကို လက်ညှိုးထိုးလျက် တတွတ်တွတ် ရွတ်နေ၏။

'ဥုံ...ရွတ်ကပါစိ နန့်ကပါစိ၊ ဝေရာမဏိ ဝေးဝေး ရှောင် ညအမှောင်မှာ လရောင်က လင်းသည်။ မခင်နှင်းဆီ၊ ဥုံ ယလွတ် ပလွတ် ပလာတာဆီဆွတ်–ဗွတ်၊ ချစ်ရသည့်က သက်ထက်ဆုံး'

ဦးထီအောင်က ခေါက်လုံး ငုံထားသဖြင့် ပါးတစ်ဖက်ဖောင်းနေ၏။ ဦးစက်တိုး စည်းချရာ နောက်မှ တကောက်ကောက် လိုက်နေသည်။

'ဆရာကြီး ရွတ်တာ ဘာတွေလဲ ခင်ဗျာ'

'မသိရင် အသာနေရတယ်ကွယ့်၊ အဲဒါ ဂါထောင့် ဂါထာခေါ်တယ်'

'ပလာတာ ဆိုတာ ကြားလိုက်မိသလိုလိုရှိလို့ မေးချင်လို့ မေးကြည့်တာပါ ဆရာကြီး'

'အိမ်း....ပလာတာဖြစ်ဖြစ် ဆိတ်သားခါးဘတ်ဖြစ်ဖြစ် ဇော်ဂျီရဲ့ရန် မာန်အန္တရာယ်ကို ကာကွယ်ဖို့ ရွတ်နေတာ'

www.burmeseclassic.com

www.burmeseclassic.com



ဦးစက်တိုးက ဟောက်လိုက်ရာ ဦးထီအောင် ဝပ်သွား၏။

ထိုအချိန်တွင် တစ်ဖက်အိမ် အပေါ်ထပ်၌ ကိုဘကောင်းနှင့် မောင်ပိုက်တို့ အလုပ်ရှုပ်နေကြ၏။ မောင်ပိုက်မှာ ဇော်ဂျီ အဝတ်အစားများ ဝတ်ဆင်ထားပြီး ပွဲထဲက ဇော်ဂျီအိုင်တင်ဖြင့် ယင်းတိုက်နှစ် တောင်ဝှေးကို ထောက်ထား၏။

'တူရဲ့လား ဆရာ၊ ဇာတ်ထဲက သူငယ်ချင်း တစ်ယောက်ဆီက ငှားလာခဲ့ရတာ'

ကိုဘကောင်းက တွန့်ခေါက်နေသော အင်္ကျီ နောက်ကျောကို ဆွဲဆန့်ပေးရင်း။

'တူမတူ ဆိုတာထက် အလုပ်အောင်မြင်ဖို့က အဓိကဖြစ်တယ်၊ ကြိုးစား မမ်းစား အမှုတော် ထမ်းပေတော့ ထာဗျာ့ရေ'

'စိတ်ချပါ ဆရာ မလစ်လပ်စေရပါဘူး'

ဆယ်နာရီထိုးချိန်တွင် တစ်ဖက်အိမ် ပြတင်းဖွင့်ကာ ခင်မြင့်မြတ် ပေါ်လာသည်။ မယ်မသော်က နောက်ပါးမှာ ရပ်နေ၏။ ကိုဘကောင်းသည် လက်မှ နာရီကို ကြည့်ကာ ပြတင်းပေါက် ဖွင့်လိုက်သည်။ မယ်သော့သည် မောင်ပိုက် ဇော်ဂျီလို ဝတ်ထားသည်ကို ကြည့်ပြီး ပါးစပ် ပိတ်ထား၏။ မောင်ပိုက်က တောင်ဝှေးနဲ့ ထိုးလိုက်ရမလားဟု လှမ်းရွယ်သည်။ ခင်မြင့်မြတ် ပြုံးနေ၏။



'ဇော်ယောင်၊ ရှိယောင်ဆောင့်မိလို့ယောင်'

မောင်ပိုက်သည် အူမြူးလှစွာ ဇော်ဂျီက က,၏။ ကိုဘကောင်းက လှမ်းဆွဲထားသည်။

'ပြီးမှ က,ပါကွာ၊ တစ်ညလုံး က,ဖို့ အချိန်တွေရှိပါသေးတယ်'

ခင်မြင့်မြတ်က အချက်ပြလိုက်သောအခါ ကိုဘကောင်းနှင့် မောင်ပိုက်တို့ ခြံထဲသို့ ဆင်းခဲ့ကြသည်။ တွဲလောင်းကျနေသော ကြိုးကိုဆွဲကာ မောင်ပိုက် သစ်ပင်တက်၏။ ကိုဘကောင်းက ဖင်တွန်းပေးသည်။ တောင်ဝှေးကို တစ်ခေါက်သတ်သတ် ကြိုးချည်၍ တင်ရသည်။ မောင်ပိုက် သစ်ပင်ခွကြားတွင်ရပ်ကာ အသင့်ရှိနေသည်။

'မောင်ထီအောင် ဇော်ဂျီ မလာဝံ့တော့ဘူးကွယ့်၊ ဂါထောင့်ဂါထာကို ကြောက်သွားပြီ'

ဦးစက်တိုးက ပြောသောအခါ....

'တို့ကိုကြောက်လို့ နောက်ဆုတ်ပြေး ဂိဇ္ဈကုဋ်တောင်က ချွေးစားခွေး'

ဦးထီအောင်က လက်ခုပ်လက်ဝါး တီး၍လှောင်သည်။

'အောင်မယ်လေးဗျ'

မောင်ပိုက်သည် တောင်ဝှေးကို ပါးစပ်ဖြင့် ကိုက်၍ ကြိုးဖြင့်လွဲကာ ခုန်ချလိုက်သည်။

'ဟောဗျ'

'ဟောဗျ'

www.burmeseclassic.com

www.burmeseclassic.com



ဒုတ်ခနဲ ကျလာသလာ ဖော်ဂျီမောင်ပိုက်ကို ဦးစက်တိုးရော ဦးထိအောင်ပါ လန့်ဖျပ်သွားကြ၏။

'ရုး....ရုး'

မောင်ပိုက် ကရာတေးသံဖြင့် အော်ကာ တောင်ဝှေးဖြင့် လိုက်ရိုက်သည်။

ဒူးသယ်စပ်ကို လာထိသဖြင့် ဦးစက်တိုးက ထအော်၏။ ထို့နောက် ခြံထဲတွင် လှည့်ပတ်ပြေးသည်။

'ရုး ရုး'

မောင်ပိုက် နောက်မှ အတင်းလိုက်၏။ စတုတ္ထ တုတ်ချက်တွင် ဦးစက်တိုး၏ ဘိုးဘိုးအောင် အုပ်ပေါင်းကြီး ဖွားခနဲ ပြုတ်ထွက်သွားသည်။ ဦးထိအောင်သည် မြေပေါ်တွင် ဖင်ထိုးတောင်း ထောင်ကာ 'ဘုရား... ဘုရား.... ကယ်တော်မူပါ'ဟု ဘုရားတနေသည်။

'သယ်....ခုမှ ဘုရားတရသလား....ရုး....ရုး'

မောင်ပိုက်က ခါးဆစ်ကို တောင်ဝှေးဖြင့် ပြေးထိုးလိုက်ရာ ဦးထိအောင် သုံးလေးပတ် လိမ့်သွား၏။

'ကြောက်ပလား'

မြေပေါ်တွင် ဖရိုဖရဲဖြင့် ဖား ပေါင် စင်း နေ သော ဦးစက်တိုးကို ဆင့်ကဲ ဆင့်ကဲ မေးမေးရိုက်သည်။

'ကြောက်ပလား...ဖုန်း....'

'ကြောက်ပါပြီခင်ဗျ'



'မခန့်လေးစားသား လုပ်ဦးမလား....ဖုန်း....'

'မလုပ်တော့ပါဘူးခင်ဗျ'

မောင်ပိုက်မှာ မဟာမြိုင်ဦးစက်တိုးကို အားပါးတရ တွယ်ပြီးနောက် ကြိုးစကို ခိုဆွဲကာ သစ်ပင်ပေါ်သို့ ပြန်တက်ခဲ့သည်။ အတက်တွင် မြေပေါ်မှ ကုန်းထနေသော ဦးစက်တိုးကို နောက်ပြန် ကန်သည့်ခဲ့ရာ သုံးလေးပတ် လိမ့်ကာ ကျန်ခဲ့လေသည်။

'ဆရာကြီး....ဆရာကြီး'

ဦးထိအောင်က ပြေးပွေ့ထူပေးသည်။ ဦးစက်တိုးမှာ 'တကျွတ်ကျွတ်'စုတ်သပ်ကာ ပြန်ထသည်။

'ဒီမှာ ဆရာကြီးရဲ့ အုပ်ပေါင်းတော်'

ဖုတ်တွေနှင့် လုံးထွေး ပေကျံ နေသော အုပ်ပေါင်းတော်ကို ကောက်ဆက်သည်။ ဦးစက်တိုးသည် အုပ်ပေါင်းကို ကရော်ကမည် ဖယ်လိုက်၏။ ဘိုးဘိုးအောင်နှင့်မတူဘဲ ပေါင်းချောင်ကို လက်နှီးစုတ် ပတ်ထားသည်နှင့် တူသွား၏။

'မောင်ထိအောင်'

'အမိန့်ရှိပါ ဆရာကြီး'

'ဖော်ဂျီကို ဆရာကြီး တီးထည့်လိုက်တာ ဖော်ဂျီဦးထုပ်တော့ဘာဒတွ ပြုတ်ထွက်သွားတာပဲကွယ့်၊ မင်းကောင် နောက်လာရဲမှာ မဟုတ်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



‘ဟုတ်လား ဆရာကြီး၊ ကျွန်တော်က မှောက်ရက်လဲနေလို့ ဘာမှ မမြင်လိုက်ဘူး’

‘ဟုတ်သမှ မောင်ထီအောင်ရယ် ဟုတ် ဟုတ် ဟုတ် ဟုတ်နဲ့တောင် မြည်နေသေးတယ်။ ဆရာကြီးက ကြောက်ပြီလားမေးတော့ ကြောက်ပါပြီတဲ့၊ နောက်မခန့်လေးစားလုပ်ဦးမလားမေးတော့ မလုပ်တော့ပါဘူးတဲ့၊ ဒီကောင် ဆရာကြီးကို လန့်သွားပြီ’

‘ကြားတော့ကြားလိုက်ပါတယ် ဆရာကြီး၊ ဆရာကြီးအော်သံမှတ်လို့ လက်စသတ်တော့ ဇော်ဂျီက အော်တာကိုး။ အိုး....ဆရာကြီးနဖူးမှာ ဖူးသီးနေပါလား၊ ဘာဖြစ်တာလဲ’

ဦးထီအောင်မှာ အလန့်တကြား ပြောသည်။ ဦးစက်တိုးမှာ အရေးမထားသလို ပြန်စမ်းကြည့်ပြီး—

‘အသေးအဖွဲ့ပါ မောင်ထီအောင်၊ အရေးစိုက်စရာမဟုတ်ပါဘူး၊ ဒါထက် တေဇောဘမ်း ကလေးများ အသင့်ရှိရဲ့လား’

‘ရှိပါတယ်ဆရာကြီး၊ ပတ်တီးလိပ်တွေပါ ရှိပါတယ်’

ဦးထီအောင်သည် ဦးစက်တိုးကို အိမ်ထဲသို့ တွဲခေါ်လာခဲ့လေသည်။

‘ဆရာလေကြီးတဲ့ကောင် တစ်ချီတစ်မောင်း ဆော်လိုက်ပါရစေဦး’



မောင်ပိုက်က စိတ်မကျေဟန်ဖြင့် သစ်ပင်ပေါ် ပြန်တက်ရန် ပြင်သည်။

‘တော်လောက်ပါပြီကွာ၊ သူလဲ သူ့သိက္ခာမကျအောင် ကာကွယ်ရတာပဲ၊ ဒါမှလဲ အဘိုးကြီးက အထင်ကြီးမှာ၊ အဘိုးကြီး အထင်ကြီးမှ ဒီအိမ်မှာ သူဆက်နေနိုင်မှာ’

ကိုဘကောင်းက မောင်ပိုက်ကို ချော့ခေါ်လာခဲ့သည်။

မဟာမြိုင် ဦးစက်တိုးကို ဦးထီအောင်က တေဇောဘမ်း လိမ်းပေးနေသည်။

‘မောင်ထီအောင်’

‘အမိန့်ရှိပါ ဆရာကြီး’

‘မင်းကောင် ဇော်ဂျီ ခုလောက်ရှိ ဂိဇ္ဈကုဋ်တောင်မှာ ရေနွေးကြပ်လုပ်ထိုးနေရပြီ ဘင်တယ်ကိုယ့်လာရန်စလို့သာ လက်တုံ့ ပြန်လိုက်ရတယ်၊ ရန်ကိုရန်ချင်း မတုံ့နှင်းသင့်ဘူး’

‘ဇော်ဂျီတော့ မှတ်လောက်အောင် ခံသွားရတာပဲ၊ လုပ်သာလုပ်လိုက်ရ စိတ်မကောင်းပါဘူးကွယ်....ကျွတ်....ကျွတ်....ဖြည်းဖြည်းလိမ်း မောင်ထီအောင် နာတယ်’

ဦးစက်တိုးက ကျွတ် ကျွတ် စုတ်သပ်၍ပြော၏။

‘ဘယ်တတ်နိုင်မလဲ ဆရာကြီး၊ လုပ်သင့်လို့ လုပ်လိုက်ရတာပဲ၊ သနားမနေပါနဲ့၊ တောက် ... ကျွန်တော်လဲ မှောက်ရက်လဲနေလို့သာ၊ နို့မို့ရင်တော့လား မိုးပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကိုဘကောင်းက ပျင်းတိပျင်းတွဲဖြေပြီး ဆေးတံကို မီးညှိလိုက်သည်။

'တစ်ဖက်က ဒါလောက်ပြောနေမှပဲ ဖွင့်ဟပြီး ပြော လိုက်ပါဆရာ၊ ကျွန်တော့်ကြည့်၊ ဝမ်း— တူး— သရီး လုပ်လိုက်တာ၊ ဘတ်....ဘတ်....ဘတ် ဖြစ်သွားတာပဲ'

မောင်ပိုက်ကဲ နံပြားရိုက်ဟန် လုပ်ပြသည်။

'ဘာလဲကွ၊ ဘတ်....ဘတ်....ဘတ်၊ ပါးရိုက် ခံရဲတာ လား'

မောင်ပိုက်က ရှုံသွား၏။

'ဆရာကလဲ ပြောရော့ခယ်၊ လက်မြန်တဲ့ အထိမ်း အမှတ်ကိုပြတာပါဆရာ၊ ဘယ်က ပါးရိုက် ခံရမှာလဲ၊ ကျွန်တော်တို့ ငယ်ငယ် တုန်းက ဖတ်စာအုပ်ထဲပါတဲ့ ကဗျာလိုပေါ့၊ (လက်နှေးလျှင် ရေကုန်ဆုံးရတယ်၊ ပုန်း အကျင့်ဆိုး)ဆိုတာခလ၊ ဆရာ လက်နှေးရင် ရေတွေကုန် ပါပြီဖြစ်သွားမယ်ဆရာ'

ကိုဘခကောင်းကမောင်ပိုက်အပြောကိုသဘောကျသလို ပြုံးသည်။

'လက်မြန်ရင်ကောကွာ'

'လက်မြန်ရင် ဘစ်သက်စံပေါ်ဆရာ'

'ဘယ်မှာစံရမှာလဲ၊ ထောင်ထဲမှာလား'

မောင်ပိုက် ပခုံးတွန့်လိုက်သည်။



'စိတ်ကုန်ပါပြီဗျာ၊ ကျွန်တော့်လောက် တွန်းတာ ကျွန်တော်ပဲရှိတယ်၊ သစ်ငုတ် ဆိုရင်တောင် လှုပ်နေပြီ၊ ဆရာက ခုထက်ထိမလှုပ်သေးဘူး၊ ငုတ်တုတ်ပဲ'

'ဟာ....ငါမှမချစ်တာပဲကွာ၊ မိန်းမတွေကို ငါ ဘယ် လောက်မုန်းတယ်ဆိုတာ မင်းအသိသားပဲ'

'ဒေါ်ခင်မြင့်မြတ် မပါဘူးနော်'

'အို....သူ့ကို ရိုးရိုးခင်တာကွ၊ မင်းတလွဲမထင်နဲ့'

'လိမ်တယ်ညာတယ် ဆရာသမားရယ်၊ လူညာကြီးပေါ့ ကွယ်၊ ပျိုပျိုခင်ကို ချစ်လျက်သားနဲ့ ယုံအောင် ဖြီးတတ် တယ်'

မောင်ပိုက်က ကြက်မွေးကလေးမြှောက်ကာ မြှောက် ကာ ကလေ၏။

ခင်မြင့်မြတ်မှာ မှန်ခုံရှေ့တွင် ထိုင်နေ၏။ မှန်ထဲက ရုပ်သွင်ကို မမြင်ဖူးသလို ငေးကြည့်နေသည်။ အတွေး ရုပ်ပုံလွှာထဲတွင် ကိုဘကောင်း မျက်နှာကြီး ပေါ်လာ သည်။ ကိုဘခကောင်းသည် ဆေးဘံကို မီးခိုးထောင်း ထောင်းထွက်အောင် ဖွာနေ၏။

'မမ....ဘာတွေ ငိုင်နေတာလဲ၊ ကျောင်းချိန် နီးနေ ပြီလေ'

အကဲခတ်ကြည့်နေသောမယ်သော့က သတိပေးသည်။ ခင်မြင့်မြတ် ဆတ်ခနဲလန့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'အလိုလေး၊ ဇုဒ္ဒေါ်နဲ့ ဆွေးတဲ'
ပေါက်ပေါက်ရှာရှာ ယောင်လိုက်သည်။

'အဟိ...မမကလဲ ဇုဒ္ဒေါ်နဲ့ ဆွေးပါ့သို့၊ ကေန္ဒတော့ မမစိတ်ထဲမှာ'

'ဘာ....ကေန္ဒလဲ မယ်သော့ရဲ'
ခင်မြင့်မြတ်က မလုံမလဲပြောသည်။
'မမ ဒီလိုပဲနေသွားတော့မလား'

'ဒီလိုပဲမနေလို့ ဘယ်လိုနေရမှာလဲ၊ ငါ့ယောက်ျားတွေကိုအထင်ကြီးတာမဟုတ်ဘူး၊ ဘယ်ယောက်ျားမှ ဆေးဖော်ကြောဖက် လုပ်ခဲ့တာမဟုတ်ဘူး'

'ခေါင်းရင်းအိမ်က ကိုဘကောင်းကြီးလေ'

'အို....ဒါက ရှိုးရိုးခင်တာပဲဟဲ့၊ ပြီးတော့ မဟာမြိုင်ဆရာနဲ့ပတ်သက်ပြီး အလုပ်သဘောအရ ဆက်သွယ်နေရတာ'

မယ်သော့က ပြုံးနေ၏။ ခင်မြင့်မြတ် မလုံမလဲ ဖြစ်သွားသည်။

အောင်လံတောင်မင်္ဂလာငှင်းတိုက်တွင် စာရေးဆရာဂရိသတ်များစုံလင်နေကြ၏။ ကိုဘကောင်းကို ဝိုင်းနောက်နေကြသည်။

'ဘယ့်နှယ်လဲ ကိုဘကောင်း၊ ဇနောင်နှစ်ခါတန်ဆောင်မုန်း ပွဲကြည့်ပါဦးဆိုသလို ခင်ဗျား မင်္ဂလာပွဲကို ဘယ်တော့ကြည့်ရမှာလဲ'

ကိုဘကောင်းက 'ဟဲ့...ဟဲ...'ဟု အစိမ့်ဘာသာပြ၍ ရယ်လိုက်သည်။

'ခင်ဗျားသွားကြီးပြုပြီး ဟဲ့ဟဲ့ပဲလုပ်နေ၊ သူများတွေ အသီးသီး အသက စွ့ကုန်ပြီ'

'စွ့စွ့ပေါ့ဗျာ စွ့...ဘာဒွန်...ဒလတွေနှိပ်ပေါ့'
မျက်မှန်နှင့်ဆရာက ဝင်နှောက်ပြန်၏။

'ဘယ်ကိစ္စမဆို ဒွိယံ-ဒွိယံ အစုံအစုံရှိရတယ်၊ ခင်ဗျားစီးထားတဲ့ ဖိနပ်ကြည့်စမ်း၊ ဘယ်တစ်ဖက် ညာတစ်ဖက် တစ်စုံရှိတယ်၊ တစ်ဖက်တည်း ဘက်ပ်နေရင် စီးလို့ ဖြစ်မလား၊ လူပျိုကြီးဆိုတာ ဘက်ပဲ့နေတဲ့ ဖိနပ်တစ်ဖက်ပဲဗျ'

ဝုန်းခနဲ ဝိုင်းရယ်လိုက်ကြသည်။
'ပြောပေါ့ဗျာ...ပြောပေါ့'
ကိုဘကောင်း မချိသွားဖြဲ ခံနေရသည်။

'ဘာပြောပေါ့လဲ...တက်ပြည့်အောင် ကြိုးစားရတယ်ဗျ၊ စာဖတ်ပရိသတ်က ခင်ဗျားရေးတဲ့ အချစ်ဝတ္ထုတွေဖတ်ပြီး ထကယ်အတွေ့အကြုံလေးဟဲ့၊ ခံစားချက်လားဟဲ့နဲ့ ထင်ကြေးထင်ကြမယ်၊ ကျုပ်တို့ကတော့ ခင်ဗျားအကြောင်း အသိတုံး၊ အပြင်မှာမစွ့သမျှ ဝတ္ထုထဲမှာ အတိုးချချပြီး စွ့ထားလိုက်တာ၊ ကောလိပ်ကျောင်းသူဆို ခင်ဗျားပဲ၊ ဗိုလ်ချုပ်သမီးနဲ့ဆို ခင်ဗျားပဲ၊ တယ်စွ့တဲ့ စာတ်လိုက်ကြီး၊ အပြင်ဘက်ကျတော့ ဆေးလိပ်ဆယ်တောင် ကပ်နိုင်တဲ့လူ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကိုဘာဒကောင်းက ထိုးဆွဲထသည်။

'တယ်နိုပ်စက်တဲ့ လူတွေပဲ၊ ပြေးတာအေးတယ်'

နောက်ကွယ်တွင် စာရေးဆရာ တို့၏ တဟားဟား ရယ်သံများ ဆူညံကျန်ခဲ့လေသည်။

'အပျိုကြီးတွေ လင်မရလို့ လန်ဒန်မြေပဲ့ယို၊ ကလေးတွေ ဆိုဆိုနေတာ ကြားဖူးတယ် မဟုတ်လား'

ဆရာများ အာနိုးဖြေခန်းတွင် ဆရာမတစ်ယောက်က ခင်မြင့်မြတ်ကို စသည်။

'အို...ကလေးပဲ၊ ပေါက်ကရဆိုမှာပေါ့'

ခင်မြင့်မြတ် ငြင်းသည်တွင် ဆရာမတစ်ယောက်က ဝင်ပြောသည်။

'ဘယ်က ပေါက်ကရရှိမှာလဲ၊ သီချင်း တစ်ခုတောင် ရှိသေး၊ အပျိုကြီးတွေ လင်မရလို့ ညညထလို့ခုန်၊ ကြမ်းတွေကျိုးကုန်၊ ကောက်ညှင်းဆန် ခုနစ်စေ့နဲ့ အနောက်တောင် ထောင့်ကို ပစ်တဲ့၊ လင်ရအောင် ယတြာချေခိုင်းတာ'

ဝါးခနဲ ဝိုင်းရယ်ကြသည်။

'ရယ်ကြပါ....ရယ်ကြပေါ'

ခင်မြင့်မြတ်က ခပ်ထေ့ထေ့ပြောသည်။

'ရယ်ရမယ်လေ....တို့များအသီးသီးမှာ သားနဲ့သမီးနဲ့၊ အချိန်တန် ဆိုးနွဲ့ရောလင်နဲ့၊ ညည်းမှာ သားသမီး ဆိုလို့



ကြောင်ပဲရှိတယ် မဟုတ်လား၊ ဆိုးနွဲ့ရောလင်ကဘယ်မလဲ၊ အပျိုကြီးသေရင် ခေါင်းထဲကို ငှက်ပျောက်တုံး ထည့်ပေးရတယ်တဲ့၊ ဒါမှ နောက်ဘဝကျမှ စွံမှာ'

အသက်ကြီးကြီးဆရာမက ပြောသည်။ ထိုစဉ် ကျောင်းတက် ခေါင်းလောင်းထိုးသံ ပေါ်လာသည်။

'တော်ပါသေးရဲ့၊ ခေါင်းလောင်းကယ်ပေလို့၊ တစ်နေ့တစ်နေ့ ဒီအကြောင်းချည့်ပဲ နားပူတယ်'

ခင်မြင့်မြတ် ထိုင်ရာမှ ထသည်။

'နားပူမခံချင် မြန်မြန်စွံအောင်လုပ်ပေါ့'

'သူမစွံမချင်း ကိုယ်တို့ကတော့ နားပူတိုက်နေမှာပဲ'

'တော်တော်ကြာ လန်ဒန်မြေပဲယို ဖြစ်နေဦးမယ်'

တစ်ယောက်တစ်ပေါက် စနောက်ကာ လူစုကွဲသွားကြသည်။

မဟာမြိုင် ဦးစက်တိုးသည် ခြံထဲတွင် စကြံလျှောက်လျက်ရှိ၏။ နဖူးတွင် ပလာစတာများ ကပ်ထားသည်။

ဦးစက်တိုး၏မျက်နှာသည် ရှာတော့မည့် မိုးကောင်းကင်လား သုန်သုန်မှုန်မှုန်ဖြစ်နေ၏။ သူသည်လမ်းလျှောက်ရင်း တစ်စုံတစ်ရာကို အခဲမကြေဟန်ဖြင့် မြေကြီးကို ဖနောင့်ဖြင့် ပေါက်လေသည်။ အံကြိတ်ကာတက်ကိုခေါက်၏၊ လက်သီးကျစ်ကျစ်ဆုပ်၍ မာန်ပါပါလွှဲနေလေ၏။

မောင်ပိုက်မှာ ပြတင်းပေါက်အကွယ်မှ ချောင်းကြည့်နေသည်။ သူ့လက်ထဲတွင် လောက်လေးခွ တစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ဦးစက်တိုးတစ်ဖက်သို့ လှည့်အသွားတွင် ဖယ်ခနဲ ခုန်ဖြင့် လှမ်းပစ်၏။ ထို့နောက် ပြတင်းကွယ်တွင်ပုန်းနေသည်။

'သယ်...ဘယ်က ပစ်တာလဲဟဲ့'

ဘုတ်ခနဲလာမှန်သဖြင့် ဦးစက်တိုး လှည့်ကြည့်သည်။ ပစ်သူကိုမတွေ့ရပေ။ တစ်ဖက်သို့ ပြန်လှည့်အသွားတွင် မောင်ပိုက် ပစ်ပြန်၏။ ပစ်ပြီး ပုန်းနေသည်။

'သယ်...ပစ်ပြန်ပလား'

ခေါက်ခနဲ ကျောကုန်းမှန်သဖြင့် ဦးစက်တိုး လှည့်ကြည့်သည်။ ပစ်သူမရှိ။

သို့ဖြင့် တစ်ဖက်သို့ ပြန်လှည့်လျှောက်သည်။ ဘုတ်ခနဲ လာမှန်၏။

'သယ်...ငတိယမ်ို...သုံးကြိမ်ရှိပဟ၊ အဘယ်သို့သော ဝေနေယျက ကျွန်ုပ်ကို နာကျင်အောင် ပြုလုပ်ပါလိမ့်'

'မဟာမြိုင်ဆရာကြီးဆိုတာ လားလားမှမကြားဖူးဘူး မှတ်တယ်'

အော်ဟစ် ကြိမ်းမောင်းသည်။

'ရှီ...ရှီ...ရှီ...ရှီ'

မြူးကြွသော တေးအလိုက်... လေချွန်ကာ မောင်ပိုက် ပေါ်လာသည်။

'ပစ်သူ အသင်လော၊ တောက်မဲ့ ကြောင့်ပစ်သနည်း'

မဟာမြိုင် ဦးစက်တိုးက စသံပေသံဖြင့် လှမ်းမေးသည်။



'သောက်မြင်ကပ်လို့ဟေ့....ရှီ ရှီ ရှီ ရှီ'

မောင်ပိုက် အဖြေပေးရင်း လေဆက်ချွန်နေ၏။ အရေးမစိုက်ဟန် ဦးခေါင်းကို မော့ထားသည်။

'သူတော်ကောင်းကို မြင်မှားရာသလော' တဲ့

ဦးစက်တိုး အသံက တိုးတွက်လာ၏။ ခနဲ

'သူတော်ကောင်းဟာ ကတုံးပေါ့... ရှီ ရှီ ရှီ ရှီ'

မောင်ပိုက် ခေါင်းတဆတ်ဆတ် လှုပ်ပြသည်။

'သင် ဘယ်လို လူစားနည်း'

'ဘယ်လိုလူစားဖြစ်ဖြစ် မင်းညာပူ နှစ်ပြားသားမပါ ရှီ ရှီ ရှီ ရှီ'

ဦးစက်တိုး မျှားနှာ ဒေါပွလာ၍...

'ဟယ်...အန္ဓပုထုဇဉ်၊ အသင် ငါ့ကိုစော်ကားသည့် အတွက် မဟာ အဝီစိငရဲ၌ အနှစ်ခုနှစ်ရာပတ်လုံး ခံရ လိမ့်မယ်'

လက်သည်းထိုးကာကျိန်ဆဲသည်။ မောင်ပိုက်က လက်ညှိုးကို လေးခွဖြင့် ပစ်၏။ လက်ညှိုးထိပ်ကို တန်းတန်းမတ်မတ် လာမှန်သည်။

'အလယ်လယ်...နာလိုက်တာ၊ မဟာမြိုင် ဆရာကြီး အကြောင်း မသိသေးဘူးမှတ်တယ်'

မောင်ပိုက်က ဗိုက်ကိုနှိပ်၍ တဟားဟား အော်ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟား ဟား ဟား ဟား... ဘာမဟာမြိုင်လဲ၊ မဟာမြိုင်ဆိုတာ ပမ်းနှုတ်ဆေး'

သို့ပြောကာ ရှုံစား....ဒိန်ဒေါင် တေးအလိုက်ဖြင့်....

'မဟာမြိုင် ဝမ်းနှုတ်ဆေး အများသိကြတာ၊ မဟာမြိုင် ဝမ်းနှုတ်ဆေး အများသိကြတာ၊ ချာပီး ချီးပါ၊ ချာပီး ချီးပါ၊ ချာပီး ချီးပါ၊ ပြည်ဘောင်ကျော်ကြားတာ'

ဟု ဆိုပြလိုက်ရာ မဟာမြိုင် ဦးစက်တိုး အနာပေါ်တုတ်ကျသလို ဆွေ့ဆွေ့ခုန်သွားသည်။

'ဟော့ကောင်....မင်း လူပါးမဝနဲ့ သတ္တိရှိရင် အောက်ဆင်းခဲ့'

စာသံ ပေသံဖြင့်ပြောရမည်ကို မေ့လျော့ကာ အရပ်စကားဖြင့် စိန်ခေါ်လိုက်သည်။

'အသင် ဝမ်းနှုတ်ဆေး ဒေါသောအတ္တ နစာနာတိ၊ အနီ ပါဠိကို ဆင်ခြင်လေ၊ ဒေါသဟူသည် မီးကဲ့သို့ ပူလောင်၏'

မောင်ပိုက်က စာသံဖြင့် ပြောသည်။

'အောင်မယ်....မိကျောင်းမင်း၊ ရေကင်းပြ၊ ဘုန်းကြီးစာချ၊ မင်းထက် ငါတတ်တယ် ခွေးမသားရဲ့'

သူပြောသည့်လေသံမျိုး မောင်ပိုက်က ပြောနေသဖြင့် ဦးစက်တိုးမှာ မခံမရပ်နိုင် ဖြစ်လာသည်။



'ဝစီဒေါ်ဒ ထိတိုင်းရှ၏၊ ဆဲရေးခြင်းမပြုနှင့် အသင်ဝမ်းနှုတ်ဆေး၊ ကာလသုတ်ပရဲ့ အနှစ်ကိုးရာခံရလိမ့်မယ် နီ နီ နီ နီ'

မောင်ပိုက်လေချွန်၍ အခရေးမပိုက်ဟန် လုပ်ပြသည်။

'ငါပြောတာတွေ လိုက်ပြောတဲ့ကောင် သေပေတော့'

ဦးစက်တိုးက ခဲတစ်လုံးဖြင့် ကောက်ပစ်၏။ ဒိုင်းခနဲ အိမ်နံရံကို လာမှန်သည်။

'လာပြီ လွတ်အောင် ရှောင်လော့'

မောင်ပိုက်က လေးခွဖြင့်ပစ်ရာ ဦးစက်တိုး ခုန်၍ရှောင်လိုက်သည်။ သို့ဖြင့် ကလေးများ ခဲစစ် ထိုက်သကဲ့သို့ သူတစ်ချက် ကိုယ်တစ်ချက် ပစ်ကြ၏။ ဦးစက်တိုး၏ ခဲများမှာ လိုရာသို့ရောက်၏။ မောင်ပိုက်၏ လောက်စာလုံးများက ချက်ကောင်းကို သွားသွားမှန်သဖြင့် ဦးစက်တိုးမှာ ဝတ်ဖြူစင်ကြယ်ကြီး တဖားဖားဖြင့် ခုန်ဆွခုန်ဆွ ဖြစ်နေလေ၏။

'ဆရာကြီး....ဆရာကြီး သိုက်တွေလို ဆွေ့ဆွေ့ခုန်နေတာလား'

ဦးထိမ်အောင် ပြေးထွက်လာကာ မေးသည်။

'သိုက်မဟုတ်ဘူး မောင်ထိမ်အောင် ခေါင်းရင်းအိမ်က အနွံပုထုဇဉ်ကို ခဲကြာလွတ်ပြီး ဆုံးမနေတာ'

'ထိရဲ့လား ဆရာကြီး'

www.burmeseclassic.com

www.burmeseclassic.com



'ထိမ့်ထိပဲ၊ မောင်ထီအောင် ချက်တိုင်း မလွဲဘူး၊ ခုလောက်ရှိ ဒီအန္တပုထုဇဉ်ဟာ ဖူးယောင်သီးထရော့မယ်၊ ဒါထက် မောင်ထီအောင်ရေ'

'မှန်ပါ့ ဆရာကြီး'

'တောဘဝမ်းကလေးများ ကျန်သေးသကွယ့်နော်'

'ကျန်ပါတယ် ဆရာကြီး'

'အိမ်း....အိမ်ထဲဝင်ပြီး လိမ်းကြဦးစို့ရဲ့ကွယ်'

ဦးထီအောင်နှင့် ဦးစက်တိုးအိမ်ထဲ ဝင်သွားကြသည်။ အိမ်အဝင်တွင် ဦးစက်တိုးကဲ တစ်ချက် လှည့်ကြည့်၏။ မောင်ပိုက်က လေးခွဖြင့် လှမ်းပစ်ပြီး.... 'ဒါအဆစ်'ဟု အော်လိုက်၏။ ဦးစက်တိုးက ကျောကော့သွားကာ....

'ငါမှန်းသိသလားကွ၊ အန္တပုထုဇဉ်ရဲ့'ဟု အားကျမခံ ပြန်အော်လိုက်လေ၏။

## အခန်း ( ၁၈ )

မော်လမြိုင်တွင် နေထိုင်သော ကိုဘကောင်း၏အဒေါ် ရောက်လာလေသည်။ အဒေါ်မှာ စကားများ၏။ ပစ္စည်းများ ချပြီးကာရှိသေး။ ဖင်နွေးအောင်မှ မထိုင်ရသေးခင် ပါးစပ်စကြာ လွှတ်တော့သည်။

'ရထားကျပ်လိုက်တာကွယ်၊ ကျပ်မှကျပ် အသက်ရှူလို့တောင်မဝဘူး၊ လူတွေလူတွေ ဘယ်ကများ ဘယ်လိုများနေမှန်း မသိပါဘူး၊ ရန်ကုန်လာရမှာများ ကြောက်ပါရဲ့၊ တစ်ခေါက်တစ်ခေါက် လာလိုက်ပြီးရင် ခေါင်းချင်စော်ကို နံနံသွားတာပဲ၊ ဟဲ့- မောင်ပိုက် ရေတစ်ပေါက်လောက် ဘိုက်စမ်း'

www.burmeseclassic.com

www.burmeseclassic.com



မောင်ပိုက်က ရေတစ်ခွက် အပြေးခပ်ပေးသည်။ ကိုဘကောင်းမှာ အဒေါ်၏ ပစ္စည်းများကို နေရာချထားပေးနေသည်။

'နှင်တို့ဖို့ ဒူးရင်းသီး ဟိုခြင်းထဲမှာ၊ ငါ့လက်ဆွဲအိတ်ထဲမှာ ခေါင်းအုံးအိတ်နှစ်လုံးပါတယ်၊ လေမှုတ်လိုက်ရင် ခေါင်းအုံး၊ လေထုတ်ထားရင် အိတ်၊ နှစ်မျိုး သုံးလို့ရတယ်၊ မင်းတို့နှစ်ယောက် တစ်လုံးစီယူကြ၊ ဟိုဘက်က သေတ္တာ အသာထားလိုက်၊ ထအိုးတွေပါတယ်၊ ငါ့ဟာငါ ရွှေ့မယ်၊ ဟဲ့-မောင်ပိုက် ယပ်တောင်လေးများ ခပ်ပေးစမ်းပါဦး အိုက်လွန်းလို့'

မောင်ပိုက်မှာ ယပ်တောင်တစ်ချောင်း အပြေးယူပေးရလေသည်။ အဒေါ်က ယပ်ခတ်ရင်း အိမ်အနှံ့လှည့်ကြည့်သည်။

'အားပါးပါး၊ အိမ်ခေါင်မိုးမှာ ပင့်ကူမျှင်တွေများမှ များပဲ၊ ဘယ်နေနိုင်တဲ့ သူငယ်တွေ၊ မလှည်းကြမကျင်းကြဘူးထင်တယ်၊ နှင်တို့သိပ်ပျင်းတဲ့ ပျင်းမှပျင်းတွေပဲ၊ အလို အ..င်တစ်ခေါက်လာတုန်းက သောက်ရေအိုးဟာ ဟိုတိုင်နားမှာ မဟုတ်ပါဘူး၊ ဘယ့်နှယ် နေရာရွှေ့နေရတာလဲ၊ ပစ္စည်းတွေ ကိုရောက်ဒီရောက်သောက်သောက်၊ စည်းကမ်းမရှိ လုပ်နေကြတာပေါ့လေ၊ အားပါးပါး ကြည့်စမ်းပါဦး၊ အဝတ်အစား အဟောင်းတွေ လုံးထွေး ပစ်ထားလိုက်တာ'



အဒေါ်မှာ မြင်မြင်သမျှအရာရာကို စိတ်တိုင်းမကျတိုင်း စွတ်ဟောက်နေသည်။ အားပါးပါးသံချင်း မိုးမွှန် ထပ်နေ၏။ ကိုဘကောင်းက စိတ်ညစ်သလို ခေါင်းကုတ်သည်။ မောင်ပိုက်က ပခုံးတွန့် လက်ဝါးခါပြကာ စိတ်ကုန်ပါပြီဗျာ' ဟု ညည်းသည်။

'အားပါး....စိတ်ကုန်ရောပဲဟဲ့ ငပိုက်ရဲ့၊ နှင်တို့ နေတာထိုင်တာတွေက ပြီးကပြစ်ဒလဟ္ဘန်း ထွေးလုံး ရစ်ပတ်ချည့်ပဲ၊ ဘယ်မိန်းမက နှင်တို့ကို ကြိုက်ဦးမလဲ၊ ကာလသားဆိုတာ သပ်သပ်ရပ်ရပ်၊ ကြော့ကြော့မော့မော့ နေရတယ်၊ နှင်တို့လို မှိုစော်၊ သိုးစော်နံမနေရဘူး၊ အားပါးပါး ကြည့်စမ်းကြည့်စမ်း ဆေးပြာတွေ ချထားလိုက်တာ ဖွေးဖွေးလှုပ်နေတယ်၊ မောင်ဘကောင်း ဒါ မင်းလက်ချက်ပဲ'

ကိုဘကောင်းက စားပွဲပေါ်မှ ဆေးတံပြာများကို လက်ဝါးဖြင့် ယက်ချသည်။

'ဟဲ့-- စားပွဲပေါ်က ယက်ချ၊ ကြမ်းပေါ်ကျ ကြမ်းထပ်ပေရုံ ရှိတော့မပေါ့၊ စာရေးဆရာ တစ်ယောက်လုံး လုပ်နေပြီး ဒီလောက်မှ ဉာဏ်မရှိဘူးလား'

စာရေးဆရာကို ထိခိုက်လာသဖြင့် ကိုဘကောင်း မျက်နှာ ဖိုသွား၏။

www.burmeseclassic.com

www.burmeseclassic.com



'အဒေါ်ကလဲဗျာ ဆေးတံပြောကျတာနဲ့ စာရေးဆရာနဲ့ ဘာဆိုင်သလဲ၊ အကုန်လိုက်ဆူနေတာပဲ၊ နားပူလွယ်'

သူပြန်ပြောသဖြင့် အဒေါ် စိတ်ခုသွားသည်။

'ဆူရတယ်ဟဲ့၊ နင်တို့လူပျိုကြီးတွေ ဘယ်နေရာမှ မသိတတ်ဘူး၊ မိန်းမမြန်မြန်ယူပါ ဆိုတော့လဲ စကားနားမထောင်ဘူး၊ အရွေးများသလေး၊ ချီးခါးသလေး၊ မိန်းမဓမ္မရွေးနေတယ်၊ ခေါင်းပဲ ဆံပင်ဖြူ ပေါက်တော့မယ်၊ သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်ရတယ်'

မပြီးနိုင် မစီးနိုင်၊ မဆုံးနိုင် မကုန်နိုင် စကားကြော စကားတန် ရှည်နေသဖြင့် ကိုဘကောင်းက အိမ်ရှေ့ဘက်သို့ အသာထွက်သွား၏။ အဒေါ်မှာ ကိုဘကောင်း မရှိသဖြင့် မောင်ပိုက်ဘက်သို့ လှည့်သွားပြန်လေသည်။

'မောင်ပိုက် မင်းကလဲ ကိုယ့်ဆရာသမားကို ဒီလိုချည့် ပစ်မထားနဲ့ဦး၊ အရွယ်လွန်သွားရင် မကောင်းဘူး။ အိမ်ထောင်ရက်သားပြုဖို့ နားချ၊ ဒီအရွယ်ဟာ ကိုယ့်အိုးကိုယ့်အိမ်နဲ့ နေသင့်တဲ့အရွယ်၊ ငါက ခဏခဏ လာလာပြီး ကြည့်ပေးနိုင်တာ မဟုတ်ဘူး၊ ငါ့မှာလဲ ငါ့အိမ်ထောင်နဲ့ ငါ့အလုပ်နဲ့၊ ခုလာတာတောင် မင်းတို့ဦးလေးက တယ် စိတ်မချဘူး၊ သူက ကောင်းကောင်းမဲ့တာ မဟုတ်ဘူး'

တောင်စကားမြောက်ရောက် မြောက်စကား တောင်ရောက် ကမောက်ကမတွေ လျှောက်ပြောနေသဖြင့် မောင်



ပိုက်သည် 'ဟုတ်ကဲ့ ဟုတ်ကဲ့' ဟု စကားခံကာ နောက်ဖေးဆက်သို့လစ်လေ၏။ အဒေါ်ကား နားထောင်သူမရှိ၍ မော်လမြိုင်ဖက်ဖြူလိပ်ကို မီးညှိ၍ဖွာ၏။

တစ်ဖွာ နှစ်ဖွာ ဖွာပြီးနောက် ဆေးလိပ်ကို ပါးစပ်မှ ပြန်ချွတ်၍ ဆေးလိပ်ခေါင်းကို သေသေချာချာ ကြည့်ကာ—

'ဆေးလိပ်တွေလဲ အရင်လို သောက်မကောင်းဘူး၊ ဆေးစပ်တာတွေက ညှိမှညှိ၊ ဖျင်းမှဖျင်းပဲ၊ မီး ချည့်ပေါက်နေတယ်၊ အားပါးပါး မီးပွားတွေ ကြွေကျသွားပြန်ပြီ'

ဟု ပြောဖြစ်အောင် ပြောလိုက်ပြန်လေ၏။

ထိုနေ့မှာ ဥပုသ်နေ့ဖြစ်သဖြင့် မဟာမြိုင် ဦးစက်တိုး ဦးထီအောင်တို့ ရွှေတိဂုံ ဘုရားတက်ရန် စီစဉ်နေသည်။ မယ်သော့မှာ နောက်ဖေးဆောင်တွင် အလုပ်များနေ၏။

'လဆန်းကျွ၊ လဆုတ်ကျွ တို့မှာ နိစ္စပါတ် ဝတ်မပျက် သီတင်းသီလများ ဆောက်တည်ရတယ် မောင်ထီအောင်၊ သူတော်ကောင်းဆိုတာ အေးချမ်းစွာနေလို့ မပြီးသေးဘူး၊ သူတော်ကောင်း အလုပ်ဖြစ်တဲ့ ဥပုသ်သီလများကို စောင့်ရှေးသေးတယ်ကွယ်'

ဦးစက်တိုးက ဝတ်ဖြူစင်ကျယ် ဝတ်စုံတစ်စုံ လဲရင်း မြွက်ကြားနေသည်။ ဦးထီအောင်ကလည်း ယောဂီရောင် ဝတ်စုံလဲလှယ်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဩော်....မောင်ထီအောင်၊ ဆရာကြီးပုတီး ဖိုခန်းထဲ ကျန်ခဲ့မှာဘယ်၊ တဆိတ် ဝင်ယူလိုက်စမ်းပါကွယ်'

'ကောင်းလှပါပြီ ခင်ဗျာ'

ဦးထီအောင် ကုပ်ကုပ်ကုပ်ကုပ်ဖြင့် ဖိုခန်းထဲဝင်သွားသည်။ ဦးစက်တိုးသည် ဟိုဟိုသည်သည် ကြည့်သည်။

အထူးသဖြင့် မယ်သော့ရှိရာ မီးဖိုခန်းဘက်ယှမ်းမျှော်ကြည့်သည်။ လူရှင်း၍ စိတ်ချရသည်ကိုသိရလျှင် ဘိုးဘိုးအောင် အုပ်ပေါင်းကြီးကို ချွတ်လိုက်သည်။ ဖလားစုံကွမ်းအစ်ကြီးထဲမှ ငွေဖလားလေး နှစ်လုံးကို ဆတ်ခနဲ ကောက်ယူ၏။

တစ်လုံးပေါ်တစ်လုံးဆင့်၍ ခေါင်းပေါ် တင်သည်။ ထိုနောက် အုပ်ပေါင်းကြီးကို ပြန်ချွတ်လိုက်သောအခါ ဖလားလေးနှစ်လုံးမှာ မျက်လှည့် ပြလိုက်သည့်အလား ပျောက်ကွယ်သွားလေသည်။

'ဒီမှာပါ ခင်ဗျာ၊ ဆရာကြီး စိတ်ပုတီး'

ဦးထီအောင်က ပျာပျာပျာပျာဖြင့် လာပေးသည်။

'အိမ်း....သာဓုကွယ်၊ သာဓု–သာဓု'

နှစ်ယောက်သား တက္ကစီငှား၍ ထွက်သွားကြလေ၏။

'ဟဲ့....မောင်ဘကောင်း၊ ကိုဘက်အိမ်ကလူ ရောက်နေပါလား၊ ဘယ်ကတဲ့လဲ'



အဒေါ်က ပြဘင်းတံခါးမှ ဖွင့်ဟထားသော ခင်မြင့်မြတ်တို့အိမ်ကိုကြည့်၍ ပြောသည်။

'မြည်က ပြောင်းလာတာ အဒေါ်၊ သားအဖ နှစ်ယောက်နဲ့ အဒေဖော်အလှော် မိန်းကလေး တစ်ယောက်၊ အဖေက ပင်ဝင်စား စာရေးကြီး၊ သမီးက ကျောင်းဆရာမ'

'အပျိုလားဟဲ့ ရုပ်သင့်ရဲ့လား၊ အဘွင်းပစ္စည်းကော တောင့်တောင့်တင်းတင်းရှိပုံရဲ့လား'

အဒေါ်က မေးခွန်းတွေ ဆင့်ကဲထုတ်သည်။

'အပျိုပေါ့ အဒေါ်ရဲ့၊ အပျိုမှ အပျိုကလေးတောင် မဟုတ်ဘူး၊ ကျွန်တော်နဲ့ အသက်ချင်း မတိမ်းမယိမ်း အပျိုကြီး၊ ရုပ်ကလဲ သင့်ပါတယ်၊ အတွင်းပစ္စည်းတော့ ရှိမရှိ ကျွန်တော်မသိဘူး၊ သိပ် ဝတ်တာ စားတာမတွေ့ဖူးဘူး'

ကိုဘကောင်းက ပြေလည်အောင်ဖြေသည်။

'ရွှေ....နိတ်မှုနိတ်၊ ပစ္စည်းထက် သဘောသကာယက ပိုအရေးကြီးတယ်၊ မင်းနဲ့ သိသလား'

'သိတယ်ဆိုပါတော့ အဒေါ်'

ကိုဘကောင်းက မဖြေချင့်ဖြေချင် ဖြေသည်။

'သိတယ်ဆိုရင် တစ်ခုခုတော့ ပေးစားမှ ကောင်းမှာပေါ့၊ အိမ်နီးချင်းတွေမဟုတ်လား၊ ဒူးရင်းသီး အမျှားသားပဲ၊ လာ....လာ....သွားပို့ကြရအောင်'

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်က ထိုင်ရာမှ ထသည်။

'ရှိမယ်မထင်ဘူး အဒေါ်၊ ကျောင်းတက် နေလိမ့်မယ်၊ ညမှဖြစ်ဖြစ် သွားကြတာပေါ့'

ကိုဘကောင်းက ခပ်ရှောင်ရှောင် ဖြေသည်။

'အို...မင်း ဒါကြောင့်လူပျိုကြီးဖြစ်တာ၊ သွက်သွက်လက်လက်မရှိဘူး၊ နှေးတိနှေးတုံ့နဲ့ ပက်ကျိ လမ်းသွားသလိုလုပ်နေတယ်၊ မင်းလိုက်မပို့ချင်နေ၊ အဒေါ့်ဟာ အဒေါ်သွားမယ်၊ ပါးစပ်ရှိစကားပြောလို့ရတာပဲ၊ ကိုယ့်ကိုယ်ကိုမိတ်ဆက်ပြီးစကားပြောပေမယ့်၊ သူ့ယေမနာမည်သာပြောလိုက်'

ဒူးရင်းသီးနှင်လုံး ဆွဲ၍ ထွက်ခွာရန် ဟန်ပြင်သည်။

'အဒေါ်ကလဲ ခက်တာပဲ မခင်မြင့်မြတ်ဟဲ့၊ ကျွန်တော် လိုက်ခဲ့ပါ့မယ်'

ကိုဘကောင်းက ထ လိုက်သွားသည်။ မောင်ပိုက်မှာ တူအရီးနှစ်ယောက်၏ နောက်ကျောကို ကြည့်၍ 'လိုက်လဲ လိုက်တယ်' ဟု ပြောကျန်ခဲ့လေ၏။

ခင်မြင့်မြတ် လှေကားပေါ်မှ ဆင်းလာသည်။

'အလို...မခင်မြင့်မြတ် ဒီနေ့ ကျောင်းမသွားဘူးလား'

ကိုဘကောင်းမှာ အရှေ့ပြုဗ္ဗာကျွန်းမှ ငွေလဝန်းကြီး ထွက်လာသည်ကို တွေ့ရသော ကမ္ဘာဦး လူပမာ ဝမ်းသာ ကြည်နူးစွာ နှုတ်ဆက်လိုက်သည်။



'ဟုတ်ကဲ့ ကောင်းကောင်း နေမကောင်းတာနဲ့ မနေ့ကတည်းက ခွင့်ယူခဲ့ရတယ်၊ မနေ့ကလဲ နေ့တစ်ဝက်နဲ့ ပြန်လာရတယ်၊ ခေါင်းထဲက တအုံတုံ ဖြစ်လို့'

အဒေါ်က ကိုဘကောင်းကို လက်ကုတ်၍ သတိပေးသည်။

'အခု ဘယ့်နှယ် နေသေး သလဲ ဆေး မသောက်ဘူးလား'

ခင်မြင့်မြတ်က သိမ့်မွေ့စွာ ပြုံးလိုက်သည်။

'သက်သာပါပြီ ကိုဘကောင်း ဒါက...'

'ဒါကျွန်တော့်အဒေါ်ပါ၊ မော်လမြိုင်မှာ နေတယ်'

'အဒေါ် ဒါ ကျွန်တော် ပြောပြော နေတဲ့ ဆရာမ ဒေါ်ခင်မြင့်မြတ်'

အဒေါ် ကိုယ်ကို ညွှတ်လိုက်သည်။

'ဝမ်းသာ ပါတယ်... တူမကြီး၊ မောင်ဘကောင်းရဲ့ မိတ်ဆွေဟာ အဒေါ့်မိတ်ဆွေပါပဲ၊ မောင်ဘကောင်းက အဒေါ့်တူပါ၊ သူက ကလေးလိုပဲ တူမကြီးရဲ့၊ အသက်သာ ကြီးတယ် ကလေးစိတ် တယ်မကုန်ချင်ဘူး'

'အို...အဒေါ်ကလဲ ဘာတွေလျှောက်ပြောနေတာလဲ'

ကိုဘကောင်းက ရှက်သံဖြင့် ပြောသည်။

'ဟုတ်တာ ပြောတာပဲ ပြောပါစေလေ'

ခင်မြင့်မြတ်က ဝင်ထောက်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငယ်ငယ် ကတည်းက အဖေ အမေ ဆုံးသွားလို့၊ အဒေါ်ပဲ အမေ၊ အဒေါ်ပဲ အဖေ ပြုစုစောင့်ရှောက်လာရတာ၊ စာရေး ဆရာ လုပ်ချင်တယ် ဆိုလို့ ရန်ကုန်မြို့မှာ လွှတ်ထားသားရတယ်....စိတ်ကတော့ နည်းနည်းမှမချဘူး၊ တူကြီးကို မြန်မြန် နေရာ ကျစေချင်ပါပြီကွယ်၊ ဩော်.... ဒါထက် စကားမစပ် တူမကြီးကို ပေးစားပါရစေ'

'ရှင်....ဒေါ်ဒေါ် ဘာပြောလိုက်တယ်'

ခင်မြင့်မြတ် မျက်နှာ ရှက်သွေးဖြင့် ရဲသွားသည်။

'တူမကြီးကို ပေးစားပါရစေ'

'ဘယ်သူနဲ့ ပေးစားမှာလဲ ကျွန်မ မလိုချင်ဘူး'

အိုးတိုး အမ်းတမ်း ငြင်း သည်။ ကိုဘကောင်း က အဟမ်းဟု ချောင်းဟန့်လိုက်၏။

'အဟမ်း....ကျွန်တော် ရှင်းပြပါရစေ မခင်မြင့်မြတ်၊ တစ်ခုခုကို စားစေချင်ရင် မော်လမြိုင်စကားနဲ့ ပေးစားပါလို့ ပြောလေ့ရှိတယ်၊ ဒီဆေးလိပ်ကို ပေးသောက်ပါ၊ ဒီစာအုပ်ကို ပေးဖတ်ပါ၊ ဒီ အိမ်ခန်းကို ပေးငှားပါ၊ (ပေး) ထည့်ပြီး ပြောကြ ပါတယ်၊ အဒေါ် ပြောတဲ့ (ပေး စား) ဟာ အဲ အဲ...လက်ထပ် ထိမ်းမြား ခြင်း အဓိပ္ပာယ်ကို မဆောင်ပါဘူး၊ မခင်မြင့်မြတ်ကို ဒူးရင်းသီး ပေးစားပါရစေလို့ ဆိုလိုတာပါ၊ ဟုတ်ရဲ့ မဟုတ်လား အဒေါ်'



'ရှကော့ာ မတော လော့ဟံ မတန်ွှံ အာဒီသုံ ဘုံ။ ဘင်နာ၊ သံ၊ ကြွပ်၊ သွတ်၊ ဒန်၊ သုတ အစရှိသည်များ ကို ဆေးဝါးနှင့် သတ်လျှင် မှုချ သေတတ်သတဲ့၊ မောင် ထိအောင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မရဏာ နုဿတိ နိဒ္ဒေသ အဖွင့်မှာ ဆိုအတိုင်းဆိုထားတယ်၊ သံနှင့် ပြဒါးကို သေ အောင် သတ်နိုင်ပြီဆိုရင် လက်ခံမောင်းသာ ခတ်ပေတော့ မောင်ထိအောင်၊ ရွှေဖြစ် ငွေဖြစ် ကြိုက်သလား၊ထွက်ရပ် ပေါက် ကြိုက်သလား၊ လမ်းနှစ်သွယ်ကို ကြိုက်ရာရွေး'

ရွှေတိဂုံရင်ပြင်တော် လူရှင်းသော နေရာ တစ်နေရာမှ သစ်ပင်တစ်ပင် အောက်တွင် ဖြစ်သည်။ မဟာမြိုင် ဦးစက် တိုးကဲ တင်ပျဉ်ခွေထိုင်ကာ ဒူးနှစ်ဖက်ပေါ်တွင် လက်တင် ထားသည်။ ကိုယ်ကို ရှေ့တိုး နောက်ငင် လုပ်နေသည်။ ဦးထိအောင်မှာ ယောက္ခမရှေ့ ရောက်နေသော သမက် အသစ်ကျပ်ချွတ် ကလေးကဲ့သို့ ဂါရဝအပြည့်ဖြင့် ငြိမ် သက်နေ၏။

'လှေမျော လှေနဲ့လိုက်၊ ငွေမျော ငွေနဲ့လိုက်၊ လှေလို ချင် လှေခုတ်၊ ငွေလိုချင် ငွေလုပ်၊ ရွှေလိုချင် ရွှေထုတ်၊ မောင်ထိအောင် ရွှေမလိုချင်ဘူးလား၊ အပုံအယင် အနမ တက္က ရွှေဒုတ္တ အချွားကြီးလေ၊ ဟောသလောက်ကြီး မိသီးခြင်ထောင် ထောင်သလောက်ကြီး'

ဦးစက်တိုးက ကာယေးမျှား ကစားသောအခါတွင် လုပ်သလို လက်ဝိုင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'လိုချင်တာပေါ့ ဆရာကြီး အာ ရမှာလား'

ဦးထီအောင်က တက်ကြွစွာ မေးသည်။

'တစ်ရက် နှစ်ရက်အတွင်း ရရမယ် မောင်ထီအောင် ဆရာကြီး အာမခံတယ်၊ သို့သော် ရွှေလိုချင် ရွှေထုတ်ဆိုသလို ရွှေထည် ပစ္စည်း ရှိရှိသမျှကို ခက ထုတ်ရလိမ့်မယ်၊ ကိုးနဝင်း ချေရမှာမို့ ကန်တော့ပွဲ ကိုးပွဲပြင် အသည် ပစ္စည်းတွေကို ကန်တော့ပွဲထဲ ထည့်၊ တြင်းချေတဲ့ အခေနနဲ့ ကန့်လန့်ကာ သုံးထပ်ကာရမယ်၊ ဆရာကြီးရဲ့ဝတ်တန်ခိုးနဲ့ တစ်ပတ်မညှိုးအောင် လုပ်လိုက်ရင် မောင်ထီအောင်ရေ'

'အမိန့်ရှိပါ ဆရာကြီး'

'ပဒေသာဝတ်ဟာ အံ့သြအချာဖြစ်မှာ ဆိုသလို ရွှေမိုး ငွေမိုး ရွာရစေမပေါ့ကွယ်'

ဦးထီအောင်မှာ ဖြောင်းဖြောင်းမြည်အောင် လက်ခမောင်း ထခတ်၏။

'ယောက္ခမ သေတာတက် ဝမ်းသာပါတယ် ဆရာကြီး ရွှေဖြစ်ချည်သေး ရွှေဖြစ်ချည်သေး ထီအောင်ကြီးတို့ ရွှေဖြစ်ချည်သေး'

## အခန်း ( ၁၉ )

ကိုဘကောင်း အခေါ်သည် တစ်ဖက်ခြံထဲတွင် စကြံသွားနေသော မဟာမြိုင် ဦးစက်တိုးကို မမှိတ်မသုန်ကြည့်နေ၏။ ထိုသို့ ကြည့်နေသည်ကို ဦးစက်တိုး မသိပေ။

''လက်ကောက်လေးရံ၊ ခြေချင်း တစ်ရံ၊ အမ်(မ်)စီကြိုးနှစ်ကုံး၊ဘီးတစ်ချောင်းကြယ်သီးတစ်စုံ၊ဆံနှိပ်၊ကလစ်နဲ့ ရင်ထိုး၊ အားပါးပါ မနည်းမနော ရွှေတွေပါလား၊ မရှိဘူး—မရှိဘူးနဲ့ ထွက်လာလိုက်တဲ့ ရွှေတွေ ကာလတန်ဖိုးနဲ့ တွက်ချလိုက်ရင် သူဌေးလေး တမျှပဲ'

ဦးစက်တိုးမှာ ကျိတ်၍ အူမြူးနေရာက

'ဩော်....သူဌေးလေးပါလား ကြွပါ...ကြွပါ'



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ သူဌေးဟု ထင်မြင်ယူဆကာ သီချင်းတအေးအေး ဆိုလေသည်။

အဒေါ်မှာ မျက်တောင် မခတ် အကဲခတ်နေ၏။

'ဟာ....ဟုတ်ပြီ အစစ်ပဲ၊ ဟုတ်မှ ဟုတ်'

တအောင့်အကြာတွင် ယင်းသို့ ကောက်ချက်ချကာ ကိုဘကောင်းကို ခေါ်လိုက်လေ၏။

'မောင်ဘကောင်းတို့ မောင်ပိုက်တို့ လာကြဦးကွယ်၊ မင်းတို့ ပြောနေတဲ့ မဟာမှိုင် ဆရာကြီး ဦးစက်တိုး ဆိုတာ အဒေါ်မြင်ဖူး သိဖူးတဲ့ မိတ်ဟောင်းကြီးကိုး မြင်ဖူးပါတယ်လို့ ကြည့်နေတာ အချိန်မနှောင်းမီ'

အဒေါ်က တိုးတိုး ပြော၏။ ကိုဘကောင်းက ခေါင်းညိတ်ပြ၍....

'စိတ်ချပါဒေါ်ဒေါ်၊ ဒီအခရေတွေ မြင်လို့ ကျွန်တော်တို့ ကြိုတင်စီစဉ်ထားပါတယ်'

ဦးထီအောင်၏ အခန်းထဲတွင် ကန်တော့ပွဲကိုးပွဲ မြင်ထားလေသည်၊ ကျောက်ဖယောင်းတိုင် ကိုးတိုင်တို့သည် တဟိန်းဟိန်း လင်းတောက်လျက်ရှိ၏။ ငှက်ပျောဖီးများကြားမှ အမွှေးတိုင်များကလည်း အမွှေးနံ့များ တလူလူ ထုတ်လွှတ်လျက် ရှိသည်။ ဦးထီအောင်သည် ယောဂီရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ တက်ကြွ ပျော်မြူးနေ၏။



'ဒီမှာ ဆရာကြီး၊ သမီးဆီက တောင်းယူလာခဲ့တဲ့ ရွှေထည်ပစ္စည်းအစုံ။ မနေ့က ကျွန်တော် အစီရင်ခံခဲ့တဲ့စာရင်းအတိုင်း တစ်ခု မလျော့ အကုန်ပါပါပဲ၊ ဆရာကြီး စစ်ဆေးဦးမှာလား'

ရွှေထည်ပစ္စည်းများကို လက်ခုပ်ထဲတွင် တချွင်ချွင်မြည်အောင် လုပ်ပြရင်းမေးသည်။ ဦးစက်တိုးမှာ မျက်လုံးများကိုမကြည့်မိအောင် လွှဲထားရာက၊ တံတွေးချည့် မြိုနေသည်။ ဇလုပ်ကြီးမှာ အထက်နှင့်အောက် စုန်ချည် ဆန်ချည် လူးလာနေ၏။

'မစစ်တော့ပါဘူး မောင်ထီအောင်၊ ပစ္စည်းကိုစာရင်းလုပ်ခိုင်းထားရတာကလဲ တိုးပွားလာတဲ့အခါ ဘယ်ရွှေ ဘယ်မျှ တိုးတယ်လို့ သိရအောင်လို့ပါ၊ ကိုင်း....ကိုင်း ပွဲကိုးပွဲမှာ မျှထည့်ပေတော့'

ဦးထီအောင်က ကန်တော့ပွဲများတွင် မျှထည့်သည်။

'ဆရာကြီး....ဒီခြေချင်းကြီး၊ ကန်တော့ပွဲထဲ ထည့်လို့ ဖြစ်ပါ့မလား၊ ကန်တော့ပွဲနဲ့ ခြေချင်း'

ဝင်းဝင်း ပြောင်ပြောင် ခေါင်းပွ ရွှေခြေချင်းကြီးကိုထောင်မြှောက်ပြကာ မေးသည်။

'ဖြစ်တယ်....ဖြစ်တယ်။ စိတ်သာရှင်စေ၊ ဘုရားဟော စိတ်ထဲမှာ စနိုးစနောင့် ဖြစ်မနေနဲ့။ ထည့်သာထည့်လိုက် မဏ္ဍိုမပွဲဖြစ်တဲ့ ပဉ္စမမြောက် အလယ်တဲ့တဲ့ ပွဲမှာထည့်။

www.burmeseclassic.com

www.burmeseclassic.com



အနုန်းသီးအပေါ်မှာ ဘောသာချာချာ တင်ထား။ ဒါ ထက် အကာအရံ တင်းတိမ်များကော အသင့်ရှိပြီလား ကွယ်'

'ရှိပါပြီ ဆရာကြီး၊ မိန့်တော်မူတဲ့အတိုင်း တင်းတိမ် သုံးခု အရံသင့်ရှာထားပါတယ်'

'အိမ်း....သာဓု....သာဓု'

ဦးစက်တိုး သာဓုခေါ်ပြီး ဦးထီအောင်ကို ကန့်လန့် ကာယူခိုင်းသည်။ ဦးထီအောင် ထွက်သွားသောအခါ ခြေချင်းစာစ်ဖက်တို့ ကမန်းကသီ ကောက်ကိုင်ကြည့်၍ 'အားပါးပါး အချိန်နည်းမယ်မထင်ဘူး မဂိုလမ်း( ရွှေဘုံ သာလမ်း)ပိုလိုက်ရင်တိန်ဘိန်မြည်သွားမယ်။တိန်မှတိန်' ဟု ကြိမ်မနိုင်ခဲမရ ပြောလိုက်လေ၏။

ထိုအချိန့်တွင် သုံးဘီးကား တစ်စီးသည် ကိုဘ ကောင်းတို့ ခြံထဲမှ အပြင်းမောင်းထွက်သွားသည်။ ကား ပေါ်တွင် မောင်ပိုက် ပါသွား၏။

''မြန်မြန်မောင်းဗျို....အချိန်ဇရှိဘူး'

မောင်ပိုက် ဒရိုင်ဘာကို အမြန် မောင်းခိုင်းသည်။ ကန့်လန့်ကာ ရှေ့တွင် ဦးထီအောင်၊ ခင်မြင့်မြတ်နှင့် မယ်သော့တို့ ကျုံ့ကျုံ့ရို့ရို့ ထိုင်နေကြသည်။ မဟာမှူင် ဦးစက်တိုးက လောပေါ် အဝတ်စကို ဟန်ပါပါ ဖြင့်ပတ် လိုက်သည်။



'ဒီက မိန်းကလေးများ ပူပင်စိုးနှောင့်ခြင်း မဖြစ်ကြ နဲ့နော်၊ ဆရာကြီးတို့ လုပ်ငန်းမှာ သဒ္ဓါကူညီခြင်းလို့ သဘောပိုက်ကြ၊ နှစ်ဇိဇနာနဲ့ တမောင်းအတွင်းမှာ မင်း တို့ ရွှေတွေဟာ လေးဆ ငါးဆပွားရမယ်။ နှစ်ဆတိုး တာဟာ စမတန်ဝိုးတဲ့ကွယ်။ လေးဆတိုးလာအောင် (အဲ....အဲ) ဆရာကြီးက ဖေးမသယ်ပိုးပေးရသေးတာ ပေါ့။မောင်ထီအောင်ရေ'

'မှုက်ပါ ဆရာကြီး'

'အာကာသ အထက် ဇွေချာမှာ၊ အာသာဝတီ၊ ရေ ဝတီ၊ ဥတ္တရာ၊ ဘုရာဇ္ဇာ နက္ခတ်တွေ စုံညီပြီးမို့ အချိန် ကောင်း အခါမှန်မှာ တင်းတိမ်တွင်းကို ဆရာကြီး ဝင် တော့မယ်။ ကိုယ့်နေရာက တစ်ဖဝါးမရွှေ့ ထိုင်နေပြီး အသက်မအောင့်မပြုဘဲ ငြိမ်ငြိမ် နေကြပေတော့ ကိုင်း ဆရာကြီးဝင်ပြီ'

ဦးစက်တိုး တင်တိမ်သုံးထပ်ကို မရှု ဝင်သွားသည်။ ခင်မြင့်မြတ်က မယ်သော့ကို လက်တို့၏။မယ်သော့ကလမ်း ဘက်သို့ မျှော်ကြည့်သည်။ ဦးထီအောင်သည် မျက်လုံး စုံမှိတ်ကာ ငြိမ်သက်နေ၏။

တင်းတိမ်အတွင်းဘက်တွင် ဦးစက်တိုးမှာ သွက်လက် စွာ လှုပ်ရှားနေလေသည်။ ပါးစပ်က တဂျုံ ဂျုံရွတ်ရင်း လက်က ရွှေထည်ပစ္စည်းများကို အသံမမြည်အောင် ဖြုတ်ယူနေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဥုံ....ဗုဒ္ဓါစကြာ၊ မြို့လုံးခြုံ၊ မွေစကြာ၊ ရွာလုံးခြုံ၊ သံဃာ့စကြာ၊ အိမ်လုံးခြုံ'

ဘိုးဘိုးအောင် အုပ်ပေါင်းကြီးကို ဖွင့်မကာ လက်ကောက်လေးရံကို ခေါင်းပေါ် တင်လိုက်သည်။

'ဥုံ....ဩဘင်းတရာ့ရှစ်ကွက်၊ ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် မွေစက်။ တစ်ဆယ့်ရှစ်ချက် သံဃစက်'

အမ်(မ်)စိဆွဲကြိုး နှစ်ကုံးကို ခေါင်းပေါ် တင်လိုက်သည်။

'ဥုံအသက် ဆရာကြီးအမိန့်၊ မြတ်ဘိုးတော်သိကြားမင်းအမိန့်၊ ငါ ဆရာစက်တိုးအမိန့်'

ခြေချင်းနှစ်ရံကို ခေါင်းပေါ် တင်လိုက်ရာ ပစ္စည်းများ များခနေ၍ ညာဘးလုံးပြန့်ကျလာသည်။ ကြမ်းပေါ်ကျသည့်အတွက် တချွမ်ချွမ်မြည် သွား၏။

'ဥုံ....ဥုံ....ဥုံ....'

ဦးစက်တိုးက တဥုံ ဥုံ ရွတ်ရင်း လက်ကောက်နှင့်ဆွဲကြိုးကို လိုက်ကောက်ကာ ခေါင်းပေါ် ပြန်တင်သည်။ ဘိုးဘိုးအောင် အုပ်ပေါင်းကြီးကို စွပ်ချလိုက်သည်။

'ဥုံ....ဘားပလက်စိ၊ ဗျူရာမင်၊ ဖာဂလူကွန်၊ စိဇစ်ဖြစ်ဆာရာဖြစ် ရွှေဖြစ်'

ရွှေခြေချင်းကြီးကို ဝတ်ရုံအောက်သို့ ဖွက်သည်။



'ဥုံ—ဘားမားစေါ်ဘ်၊ ဂိုးဖလိတ်၊ ဒူးယား၊ ခပေါင်း၊ ပြောင်း ဆရာပြောင်း၊ ရွှေအဖြစ်သို့ ပြောင်း'

ရွှေဘီးကြီးကို ခါးကြားထိုးသည်။

'ဥုံ....စေိန်၊ ကျေ ညှော်မထ၊ ဂုကျော်စပါး၊ ပွား ဆရာပွား ရွှေတွေ အများကြီးပွား'

ကြယ်သီး၊ ဆံနှိပ်၊ ကလစ်၊ ရင်ထိုးတို့ကို စုပြုံ သိမ်းကျုံးကာ ခါ ပိုက်ဆောင်ထဲ ထည့်သည်။

ခင်မြင့်မြတ်နှင့် မယ်သော့တို့ လမ်းဘက်သို့ လည်တဆန့်ဆန့် ကြည့်သည်။ ဦးတီအောင် ပီတိဖြစ်စွာဖြင့် မျက်လုံး မှိတ်ရင်း ပြုံးနေသည်။ အဝေးဆီမှ ကားတစ်စီးအပြင်း မောင်းလာသံ ကြားရလေသည်။

'ဥုံ....အေးဘယာများ ဝေးရာရှား၊ ကလေးမသာများ ဈေးနှာသွား၊ အောင်ဇေယျာဘုံ၊ ငွေခရူသခ်ါ၊ သွန်းဘိသိက်ဖြာ၊ ဓာဇာ၊ ဝေဖြာ'

ပေါက်ကရလေးဆယ်၊ ပါးစပ်ထဲပေါ်ရာ လျှောက်ရွတ်ရင်း ပြတင်းပေါက်မှ ကျော်ဆင်းသည်။ ခြံတွင်းအရောက်တွင် နောက်ဆုတ် နောက်ဆုတ်လာခဲ့ရာ....

'ဟေ့....သူခိုး'

ပန်းချုံတစ်ခု၏ နောက်ကွယ်မှ အသံတသံ ပေါ်လာ၍ ဦးစက်တိုး လန့်ခုန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဘကောင်းသည် တုတ်တစ်ချောင်းကို ကိုင်ကာ အသင့်စောင့်နေသည်။

'မအေပေးသူခိုး....သေပေတော့'

မေးမေးရိုက်ရိုက် ဖမ်းရိုက်လိုက်ရာ ဦးစက်တိုးက ခေါင်းတိမ်း၍ ရှောင်ပေးလိုက်သည်။

ဘိုးဘိုးအောင် အုပ်ပေါင်းကြီးသည်ဖွားခနဲ လွင့်သွား၏။ ဆွဲကြိုးတစ်ကုံးမှာ လည်ပင်းသို့ လျော ကျ လာ ၍ လက်ကောက်များမှာ နားရွက်နှစ်ဖက်တွင် စွပ်ကုန်လေ၏။

'ညှိ....ရှား ဆရာရှား ဖယ်ဆရာဖယ်'

ဦးစက်တိုးက လက်ငါးချောင်းဖြင့် ထိုးညှိပြီး ခပ်တည်တည် ဟောက်သည်။

'နင့်မေလွှားမို့ ဖယ်ရမှာလား ခွေးသူခိုး'

ကိုဘကောင်းက တုတ်ဖြင့် အ တင်း ဝင် ရိုက် သည်။ ဦးစက်တိုး တုတ်ကို ဝင်လုသည်။ တုတ်အောက်ကျသွားသည်။

ထိုနောက် တစ်ယောက်တစ်ပြန်စီ ထိုးသတ်ကြလေသည်။ ရွှေထည်ပစ္စည်း များမှာ မြက်ခင်းပြင်ပေါ်တွင် ဖရိုဖရဲ ပြန့်ကြဲနေသည်။

လှူချင်းကွဲအသွားတွင် ဦးစက်တိုးက ခြေချင်း တစ်ဖက်ကို ပြေးကောက်သည်။ ကိုဘကောင်းက ဆောင့်ကန်



လိုက်ရာ ဘောလုံးတစ်လုံး အလား မြေပေါ်တွင်သုံးလေးပတ် လိမ့်သွားလေ၏။

ဘိုးဘိုးအောင်ဝတ်ရုံကြီးမှာဖုန်မှုန့်သဲမှုန့်များကပ်လျက် တခဏအတွင်း မည်းညစ်သွားသည်။ ခေါင်းစုတ်ဖွား ဖြစ်နေသော ဦးစက်တိုးမှာ မဟာမြိုင်ဆရာကြီး အသွင် ပျောက်၍ ကုလားသူတောင်းစားကြီး အသွင်သို့ ပြောင်းလဲ ရောက်ရှိသွားလေ၏။

အိမ့်ရှေ့သို့ရဲကားတစ်စီး ထိုးရပ်လာသည်။ မောင်ပိုက်၊ ဒုလုံခြုံရေးမှူးနှင့် ရဲသားလေးဦးတို့ ကားပေါ်မှ ဆင်းလာကြသည်။ ခင်မြင့်မြတ်နှင့် မယ်သော့ ပျာပျာသလဲ ထလိုက်ကြသည်။ ဦးထိအောင်သည် လူသံ သူသံများ ကြားရ၍ မျက်လုံးဖွင့်ကြည့်၏။

'ဟယ်....သံခမောက်ဆောင်း လူစွမ်းကောင်း လေးယောက်ပါလား၊ မဟာမြိုင်ဆရာကြီးကို အဖူးအမြော် လာကြမှတ်တယ်'

ရဲသားလေးယောက်ကို သံခမောက်ဆောင်း လူစွမ်းကောင်း အထင်ဖြင့် ရမ်းမှတ်၏။ မောင်ပိုက်က ကန့်လန့်ကာ တစ်ထပ်ကို ဆွဲပင့်လိုက်သည်။

'မလုပ်နဲ့ မလုပ်နဲ့....အထဲမှာ ဆရာကြီး ဂါထောင့် ဂါထာတွေ ရွတ်နေတယ်၊ ရွှေမဖြစ်ဘဲနေလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဦးထီအောင်က လိုက်တား၏။ ဒုလုံခြုံရေးမှူးက မျက်ရိပ်ပြလိုက်သော အခါ ရဲသား လေးယောက်သည် ကန့်လန့်ကားများကို ဆွဲဖြုတ်လိုက်ကြလေ၏။

'ဟာ….ဆရာကြီး မရှိတော့ဘူး၊ ထွက်ရပ်ပေါက်သွားပြီ ထင်တယ်'

အတွင်း၌ ဘာမျှမရှိ။ ဦးထီအောင်က အလန့်တကြား တအံ့တသြ ပြော၏။

'ဟင်….ရွှေတွေလဲ မရှိတော့ပါလား၊ ကုန်ပါပြီ၊ စုဆောင်းထားခဲ့တဲ့ ပစ္စည်းကလေးတွေ ကုန်ပါပြီ'

ရှင်ဘတ်စည်တီး နှမြောတသစွာ အော်သည်။

'ဟိုမှာ….ဟိုမှာ'

မောင်ပိုက်က လက်ညှိုးထိုးပြသည်။ ဖွင့်ထားသော ပြတင်းပေါက်မှ တစ်ဆင့် လုံးထွေး ထိုးသတ်နေကြသော လူနှစ်ယောက်ကို မြင်ရလေသည်။

'လာကြ….လာကြ'

မောင်ပိုက်ကအလျင် ပြတင်းပေါက်မှ ကျော်ဆင်းသည်။ ရဲသားလေးယောက်နှင့် လုံခြုံရေးမှူး တို့လည်း ပြတင်းပေါက်မှပင် ကျော်ဆင်းကြသည်။

ဦးထီအောင်သည် ပြတင်းပေါက်ကို ကျော်ရာတွင် အောက်သို့ တော်တော်နှင့်မကျဘဲ တန်းလန်း ဖြစ်နေ၏။



ပြီးမှ ဖုတ်ခနဲကျသည်။ လူးလဲထကာ မောင်ပိုက်တို့ နောက်သို့ လိုက်လေသည်။

ကိုဘကောင်းနှင့် ဦးစက်တိုးတို့မှာ တင်ခံယောက် တစ်ပြန် ထိုးသတ်ကြတုန်း ဖြစ်သည်။ ဦးစက်တိုးသည် ဘိုးဘိုးအောင် ဝတ်ရုံကြီးတဖားဖားနှင့် ခံထိုးသတ်သည်။

ကိုဘကောင်းက ဘယ်လက်သီး ညာလက်သီး အနားမပေးဘဲ ဆင့်ကဲဆင့်ကဲ လိုက်ထိုး၏။ ဘယ်ယောင် ပြ၍ ညာဝိုက်လက်သီး တစ်လုံး ပင့်တင်လိုက်ရာ မဟာမြိုင် ဦးစက်တိုး ဝတ်ရုံတဖားဖားဖြင့် ဝဲပျံသွားပြီးမြေပေါ်သို့ ကားခနဲ ကျသွား၏။

လူးလဲပြန်ထနေစဉ် မောင်ပိုက်တို့ ရောက်လာ၍ရဲသား တစ်ယောက်က လက်ထိပ်ခတ်လိုက်လေ၏။ ဦးစက်တိုးမှာ ရဲသားလက်ထဲတွင် ရှုန်းကန်နေရသည်။

ဘိုးဘိုးအောင် ဝတ်ရုံသည်စုတ်ပြတ်ကာအပြိုင်းအရိုင်း အမွှာမွှာ ဖြစ်နေသည်။ ရှုန်းကန်သောအခါ တိုးနယားက,သကဲ့သို့ အဝတ်စ, အဝတ်မျှင်များ တဖွားဖွားခါနေလေ၏။

'ငါ့သမီး ရွှေထည်တွေ ခိုးသွားတဲ့သူခိုး'

ဦးထီအောင်ရောက်လာပြီး ဘုန်းကနဲ ပြေးထိုးသည်။

'ငါ့မှာဖြင့် ဗိုဆွဲလိုက်ရတာ လက်မောင်းပြုတ်တော့မယ်၊ မေတ္တာရှိ ညည်းဆဲဦးဟဲ့'

www.burmeseclassic.com

www.burmeseclassic.com



နောက် တစ်ချက် ထပ်ထိုးပြန်ကာ—

‘နှင့်ပါးစပ်ထဲက ဘာ ငုံထားတာလဲ၊ ထွေး ထုတ်လိုက်စမ်း’

ဦးစက်တိုးက ဖွ ီးကနဲထွေးထုတ်လိုက်သည်။ တံတွေးများသည် ဦးထိအောင် မျက်ခွက်တည့်တည့်သို့ တန်းဝင်လာ၏။ ဦးထိအောင်က နောက်ဆုတ် ခုန်ရှောင်လိုက်သည်။

‘သယ်....ငါ့သမီး ရွှေဆံနှိပ်ကလေးပါလား’

ခင်မြင့်မြတ်၏ ရွှေဆံနှိပ်ကလေးကို တံတွေး အလိမ်းလိမ်းဖြင့် တွေ့ရသည်။ ဦးထိအောင်က ထပ်တီးရန် လက်ပြင်သည်ကို—

‘တော်ပါတော့ ဦး.... ကျွန်တော် တွယ်ထားတာလဲ ငါးပိုင်ငါးချဉ်ဖြစ်နေပါပြီ၊ သူ့လမ်းသူသွားပါလိမ့်မယ်’

ကိုဘကောင်းက ဝင်ဆွဲထားသည်—

ခင်မြင့်မြတ်နှင့် မယ်သော့ ရောက်လာသည်။ ဦးထိအောင်သည် မြက်ခင်းပေါ်မှ ရွှေကြည် ပစ္စည်းများကို တစ်ခုချင်း လိုက်ကောက်သည်။

‘ရော့– သမီးပစ္စည်းတွေ ကံကောင်းလို့မပါတာ’

ခင်မြင့်မြတ်ကိုပေးသည်။ ခင်မြင့်မြတ်မယူဘဲ ပြုံးနေသည်။

‘ဟဲ့သမီး... ယူလေ၊ သူ့နေရာ သူပြန်သိမ်းထားလိုက်’



‘မယူချင်ဘူး ဖေဖေ၊ ဖေဖေ မဟာမြိုင်ဆရာကြီးပဲ ပေးလိုက်ပါ၊ သူက သိပ် လိုချင်နေတယ် မဟုတ်လား၊ ဒါတွေလိုချင်လွန်းလို့ မန်းလိုက် မှုတ်လိုက်ရတာ၊ ဘုရားပလက်စီရော၊ ဖာဂလူကွန်ရော စုံသွားတာပဲ၊ ပေးလိုက်ပါ’

ဦးထိအောင်က ‘ငါ့သမီးပစ္စည်း၊ ပေးနိုင်ပေါင်’ဟု ရှင်ခွင်ထဲ ထည့်ပိုက်ထား၏။ မောင်ပိုက်က အတင်းလုယူ၍ ဦးစက်တိုး၏ ကိုယ်ပေါ်သို့ ဆင်ပေးသည်။ ဆံပင်စုတ်ဖွားထဲသို့ ရွှေဘီးစိုက်ပေး၍ လည်ပင်းသို့ ဆွဲကြိုးနှစ်ကုံးထပ် စွပ်ပေးကာ နားရွက် နှစ်ဖက်တွင် လက်ကောက်များ ချိတ်ဆွဲပေးလိုက်သည်။

‘ကျုပ်ကို တကယ်ပေးတာလား’

မဟာမြိုင်ဦးစက်တိုးက မေး၏။

‘ယူပါဆရာကြီး၊ ဆရာကြီးကို ကြည်ညိုလွန်းလို့ ပူဇော်တာပါ၊ ရွှေအစစ်တော့ မဟုတ်ဘူး၊ ‘တကယ့်ရွှေနဲ့ မခြားအောင် ပညာသားပါပါ ပြုလုပ်ထားတဲ့ ရေနံမြို့ ဦးဘိုးချမ်းရဲ့ ရွှေသတ္တု ရတနာပစ္စည်းတွေ’

ကိုဘကောင်းက ရှင်းပြသောအခါ မဟာမြိုင် ဦးစက်တိုးသည် မဟာအရှက်တော် ရသွား၍—

‘သယ်....ဟယ်....ဟယ်’

ဟု ကြိမ်းလိုက်၏။

‘သယ်မနေနဲ့ ဝမ်းနှုတ်ဆေး၊ မင်းသယ်စရာ အမှိုက်မရှိတော့ဘူး’

www.burmeseclassic.com

www.burmeseclassic.com



မောင်ပိုက်က ပြောဆိုကာ ထင်ပါးကို တစ်ချက်လှမ်းကန်သည်။

'တာဝန်သိသိနဲ့ ကျွန်တော်တို့ကို အကြောင်းကြားတဲ့အတွက် အားလုံးကိုပဲ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ကို ခွင့်ပြုကြပါဦးခင်ဗျာ'

လုံခြုံရေးမှူးက နှုတ်ဆက်ပြီး—

'စံသိန်း ခေါင်း ဖြူကြီးကို ကားပေါ် တင်လိုက်ဟေ့'

ဟု ရဲသားများကို အမိန့်ပေးလိုက်လေ၏။

BURMESE CLASSIC

# အခန်း ( ၂၀ )

ကိုဘကောင်းအဒေါ်က ရှင်းပြလေသည်။

'အားပါး ပြော မပြောချင်ပါဘူး၊ သတင်းကြားကတည်းက ထင့်ခနဲတော့ ဖြစ်သွားသား။ စံသိန်း (ခ) ဖြူကြီးက အင်္ဂရိတ်သမားတွေကို လှည့်လိမ်နေတဲ့ လူလိမ်ပဲ၊ မော်လမြိုင်မှာ ခံလိုက်ရတာ လေးငါးဦးရှိပြီ၊ သူလုပ်လေ့ရှိတာက ဝတ်ဖြူစင်ကြယ်ဝတ်ပြီး ဘုရား ရင်ပြင်တော်တွေမှာ လျှောက်သွားတယ်၊ အင်္ဂရိတ်သမားတွေတွေ့ရင် ယုံလောက်အောင်လို့ပြီး အိမ်လိုက်လာ၊ နောက်ဆုံး ရှိစုမဲ့စု သယ်ပြီး ခြေရာပျောက်တော့တာပဲ၊ ဖြူကြီး လိမ်လည်မှုနဲ့ ရဲအဖွဲ့က လိုချင်နေတာကြာပြီ။ ဒေါ်ဒေါ်က

www.burmeseclassic.com

www.burmeseclassic.com



ဖြူကြီးကို လူကိုယ်တိုင်လဲ မြင်ဖူးတယ်။ ရဲ့အဖွဲ့က ကြောင်ငြာတဲ့ခါတ်ပုံလဲ တွေ့ဖူးတယ်။ ဒီတုန်းက ဖြူကြီးက မနေ့ာမဟိဒ္ဓိဆရာကြီး ဦးအုံးတဲ့။ ဒီမှာကျတော့ မဟာမြိုင်ဆရာကြီး ဦးကျော်တိုးတဲ့ နာမည်အမျိုးမျိုး ပြောင်းပေမယ့် သူခိုးဟာ သူခိုးပါပဲ။ အားပါးပါး တကယ်လာတဲ့ ဖြူကြီး၊ လာမှလာ'

ခင်မြင့်မြတ် တို့ ခြံထဲမှ တန်းလျား ပေါ်တွင် ကိုဘကောင်းနှင့် ခင်မြင့်မြတ်တို့ ထိုင်နေကြသည်။ ကိုဘကောင်းသည် သူ့ကိုယ်သူ ရဲဆေး အကြိမ်ကြိမ် တင်ပြီး။

'မခင်မြင့်မြတ် နားနဲ့မနာ အဲ....နားနဲ့ပဲ နာပါတော့ဗျာ....ကျွန်တော် မခင်မြင့်မြတ်ကို မေတ္တာသက်ဝင် ချစ်ခင်မိတဲ့ အကြောင်း ကျွန်တော်ကို လက်....လက်'

ကိုဘကောင်း၏ သတ္တိမှာ ဤနေရာတွင် ကုန်သွား၏။ သူသည် (လက်ထပ်ပါ)ဟု ပြောမထွက်နိုင်ဘဲ၊(လက်) တွင်ပင် ထစ်နေသည်။ ခင်မြင့်မြတ်ကလည်း ကိုဘကောင်းဘာကို ဆိုလိုသည်ကို သိ၏။ သို့သော်....မိန်းမ ပီပီ နည်းနည်းတော့ မူဦးမည် အကြံဖြင့်....

'ကိုဘကောင်း၊ ရှင်....ရှင် ကျွန်မကို ဈေးထဲက ဘူးသီး ခရမ်းသီး မှတ်လို့လား၊ ကျွန်မ ဘယ်ယောကျ်ားကိုမှ အရေးစိုက်ခဲ့တာ မဟုတ်ဘူး'



မူ၏။ ဤနေရာမျိုးတွင် အလွန် တုံး၍ ဘဲဥ ညံ့သော ကျွန်ုပ်တို့၏ ကိုဘကောင်းမှာ မူတာကို မူမှန်း မသိ။

ခင်မြင့်မြတ် အထာ ကြီးနေသည် ထင် သဖြင့်။

'ဩ....ဒီလိုတမ်းလား....ကျွန်တော် ကလဲ ဘယ်မိန်းမကိုမှ စိတ်ဝင်စားခဲ့တာ မဟုတ်ဘူးဗျ၊ ဆယ့်သုံးနှစ် ဖူးစာ ဘီလူးမ ထင်တယ်၊ တစ်ဦးမှမခင်တွယ်ပေါင် စင်ကြယ်တဲ့ စိတ်ဇော''

တေးထပ် ရွတ်ပြ၏။

'ဘာ ဘီလူးမ ထင်တာလဲ ရှင်သာ သရဲ'

ခင်မြင့်မြတ် ကလည်း အညှိမခံ ပြန်ပက်သည်။ အခြေအနေမှာ လိုရာမရောက်ဘဲ တင်းမာနေစဉ်....

'သင်လူသားများ။ဘောက်မဲ့ကြောင့် အငြင်းပွားနေသနည်း' ဇော်ဂျီလို ဝတ်စား ထား သော မောင်ပိုက်တန်းလျားနောက်မှ ပေါ်လာ၏။

'ကျွန်ုပ် ဂိဇ္ဈကုဋ္ဌ ဇော်ဂျီ၏ စကားကို နားထောင်ပါ၊ အသင် ကလဲ တန်၊ နှင်တန် နှင်တန်'

ထိုစဉ် ဦးထီအောင် အိမ်ထဲမှ ထွက်လာ၏။

'အောင်မယ်....ဂျင်တန် ဆိုပါလား....ဂျင်တန် ဆိုတာ ငွေရောင် အလုံးကလေးတွေလေ၊ စားလို့ ကောင်းတယ်'

ဦးထီအောင်သည် မောင်ပိုက်ကို မြင်သွား၏။

'မြတ်စွာဘုရား....ဇော်ဂျီ နံပါတ်တစ် ဇော်ဂျီနံပါတ်တစ်'

www.burmeseclassic.com



မောင်ပိုက် တောင်ဝှေးဖြင့် ချိန်၍ 'ရှူး....' ဟု အော်လိုက်ရာ၊ ဦးထိအောင်သည် ယော်သံ ပါအောင် အော်၍ ပြန်လှည့် ပြေးလေ၏။ ထို့ပြင် အိမ်ထဲမှ ထွက်လာသော မယ်သော်နှင့် တိုက်မိ၍ မယ်သော့ လက်ထဲမှ ပန်းကန် တစ်ချပ် ချော်လွှတ်ခဲ့၍ ကျကွဲသွား၏။

'ဟော ပန်းကန် ကွဲသွားပြီ'

ကိုဘခေါင်းက ခင်မြင့်မြတ်ကို ပြော၏။ ခင်မြင့်မြတ်က 'ကွဲကွဲ' ဟု ပြန်ပြောရင်း လှည့်တွန်း လိုက်ရာ ကိုဘခေါင်းကို မတွန်းမိဘဲ မောင်ပိုက်ကို တွန်းမိသွား၏။

ဇော်ဂျီ မောင်ပိုက်မှာ အပိုက်မိသွား၍ ဘိုင်းခနဲ ပက်လက် ကျသွား၏။ သူ၏ နှုတ်မှ 'စိတ်ကုန်ပါပြီဗျာ' ဟု ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အိကြာဂွေး

BURMESE CLASSIC
www.burmeseclassic.com